# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၉၈)


# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးစိုးမင်းထွန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်

စာမျက်နှာ ၅ ကော်လံ ၁ ❁



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ သတင်းစဉ်

## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၀ ဆက်လက်ဝင်ရောက်



မြဝတီ ဇူလိုင် ၂၆

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၀ သည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေး

စာမျက်နှာ ၄ ကော်လံ ၁ ❑

**ယနေ့ မာ တိ ကာ**


COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၆-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ — စာ ➤ ၁၆

ကျွန်တော်နဲ့ ဒုတိယအကြိမ် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ
ဆောင်းပါး — စာ ➤ ၂၀



KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ကျေးရွာလည်းဖွံ့ဖြိုး မိမိလည်း အကျိုးရှိ

ကိုဗစ်–၁၉ ရောဂါကိုအကြောင်းပြု၍ ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးခက်ခဲမှုများ လျော့ပါးသက်သာစေရန်ရည်ရွယ်သည့် Cash for Work စီမံကိန်းလုပ်ငန်းများကို စီမံကိန်းဆောင်ရွက်ခွင့်ရရှိသည့် ကျေးရွာများတွင် အကောင်အထည်ဖော်လုပ်ကိုင်နေကြပြီဖြစ်သည်။

ကျေးလက်နေမိသားစုများ ဝင်ငွေရရှိစေမည့် အဆိုပါစီမံကိန်းမှာ မိမိတို့နေထိုင်ရာ ကျေးရွာကို မိမိတို့၏လုပ်အားဖြင့် ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းလည်း ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် ကျေးရွာများကို ရွေးချယ်ရာတွင် ဆင်းရဲနွမ်းပါးပြီး အလုပ်လက်မဲ့နှင့် ကျပန်းအလုပ်သမားများ၊ ထိခိုက်လွယ်သည့် အုပ်စုများ များပြားသည့်ကျေးရွာ၊ ကူးစက်ရောဂါ၏ သက်ရောက်မှုဆိုးရွားသည့် သို့မဟုတ် အတန်အသင့်ထိခိုက်မှုရှိသည့် ကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်မြေလုံခြုံရေးကောင်းမွန်သည့် ကျေးရွာ၊ ရွာသူ ရွာသားများ စိတ်အားထက်သန်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် တက်ကြွစွာဆောင်ရွက်လိုခြင်းတို့ရှိသည့်ကျေးရွာ၊ ဖွံ့ဖြိုးရေးလိုအပ်ချက်များသည့် ကျေးရွာနှင့် ပြည်ပပြန် အများအပြားရှိသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်ခဲ့သည်ဟုလည်း သိရသည်။

နည်းပညာအရရိုးရှင်းလွယ်ကူသည့်ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျေးရွာလမ်းများပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ သောက်သုံးရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းကဲ့သို့သော လုပ်ငန်းများကို ကျေးရွာနေသူများကိုယ်တိုင်က ရွေးချယ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး စီမံကိန်းစနစ်တကျအကောင်အထည်ဖော်မှုအဆင့်ဆင့်တို့မှာ စီမံကိန်းစတင်မိတ်ဆက်သည်မှစ၍ လုပ်ငန်းများပြီးဆုံးပိတ်သိမ်းသည်အထိ အချိန်ကာလ ၃ လအတွင်း အပြီးဆောင်ရွက်ကြရမည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ရန် ရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ရာ စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများအတွက် ကျပ်သိန်း ၄၀ သတ်မှတ်ထားပြီး လုပ်အားခ ကျပ်သိန်း ၆၀ ရရှိကြမည်ဖြစ်ရာ ကျေးလက်ပြည်သူများအဖို့ မိမိလည်းအကျိုးရှိ၊ မိမိရွာလည်းဖွံ့ဖြိုးစေမည် ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေးဆွဲဆောင်ရွက်သည့် Cash for Work စီမံကိန်းမှာ ကိုဗစ်–၁၉ ကာလအရေးပေါ်တုံ့ပြန်သည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး ကာလတိုအတွင်း ဆောင်ရွက်သည့် အစီအစဉ်ဖြစ်သော်လည်း လုပ်ငန်းခွင်ဝင်၍ တည်ဆောက်အကောင်အထည်ဖော်ကြသည့် ကျေးလက်ပြည်သူများအနေဖြင့်မူ မိမိတို့ထာဝရသုံးစွဲသွားကြရမည့် ကျေးလက်အခြေခံအဆောက်အအုံများကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကြခြင်းလည်းဖြစ်ရာ အကောင်းဆုံးဆောင်ရွက်သွားကြမည်သာဖြစ်သည်ဟု ယုံကြည်မိသည်။ Cash for Work စီမံကိန်းသည် ကိုဗစ်–၁၉ ကူးစက်ကပ်ရောဂါကိုအကြောင်းပြု၍ လုပ်ငန်းများပိတ်သိမ်းသွားခြင်းကြောင့် အလုပ်ပြုတ်သွားသူများ၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် လုပ်သားအခြေပြု အခြေခံအဆောက်အအုံစီမံကိန်းတစ်ရပ်ဖြစ်ရာ ၎င်းတို့၏ စားဝတ်နေရေးကို အထိုက်အလျောက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို ပြီးခဲ့သည့် ဧပြီလ ၂၇ ရက်နေ့က ထုတ်ပြန်ခဲ့ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “မြန်မာနိုင်ငံရဲ့ စီးပွားရေးလျင်လျင်မြန်မြန် နာလန်ထူလာနိုင်အောင် ဖောင်ဒေးရှင်းတွေ ထူထောင်ခြင်း၊ မူဝါဒများ အတတ်နိုင်ဆုံး အတိုင်းအတာတစ်ရပ်အထိ အကောင်းဆုံးချမှတ်ဆောင်ရွက်ခြင်းနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စုစည်းတုံ့ပြန်ခြင်းတွေ လုပ်နေတဲ့အချိန်မှာ ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဟာ ကိုဗစ်–၁၉ ကြောင့် မြေကြီးလက်ခတ်မလွဲ ကြုံရမယ့် စီးပွားရေးသက်ရောက်မှုတွေကို ကုစားနိုင်မှာဖြစ်ပါတယ်”ဟူ၍ နိဒါန်းစကား ပြောကြားခဲ့သည်။

ကိုဗစ်–၁၉ ကပ်ရောဂါသည် ကမ္ဘာပေါ်တွင် အချိန်ကြာကြာရှိနေဦးမှာဖြစ်သလို မိမိတို့နိုင်ငံတွင်လည်း သက်ရောက်မှုအမျိုးမျိုးတို့ကို ကာလရှည်ကြာစွာ တွေ့ကြုံနေကြရဦးမည် ဖြစ်သည်။ လူသားတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်သလို စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အပေါ်တွင်လည်း ကြီးကြီးမားမားသက်ရောက်မှုဖြစ်ပေါ်စေသည့် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကို စာနာမှု၊ ရိုင်းပင်းမှု၊ မျှဝေခံစားမှု၊ လှုံ့လထုတ်ကြိုးပမ်းမှုတို့ဖြင့် ရေရှည်ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ပါကြောင်း။ ။

## မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုး ထောက်ပံ့ပေးအပ်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ရေဘေးရှောင်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုး လိုက်လံထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။ **(ယာပုံ)**



ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များသည် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်တွင် ယာယီကယ်ဆယ်ရေးစခန်းများ စီစဉ်ထားရှိသည့် ရှင်ပင်ဆပ်သွားဓမ္မာရုံ၊ မိုးကောင်းဓမ္မာရုံနှင့် ရန်အောင်မြင်ဓမ္မာရုံတို့ရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးအား ထောက်ပံ့ပေးအပ်ခဲ့ကြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြသည်။

“ရေဘေးရှောင် ပြည်သူတွေ အနေနဲ့လက်တလောအခြေအနေမှာ အနေဆင်းရဲမယ်၊ အစားဆင်းရဲမယ် စတဲ့အခက်အခဲတွေ ရှိမယ်ဆိုတာ ကျွန်တော်တို့ နားလည်တဲ့အတွက် မူလနေရာတွေမှာ အမြန်ဆုံးပြန်လည်နေထိုင်နိုင်အောင် ရေဝင်ရပ်ကွက်တွေက တင်ကျန်နေတဲ့ရေတွေကို ရေစုပ်စက်ကြီးတွေနဲ့ ပြန်ပြီးစုပ်ထုတ်နေပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပြီဆိုရင် အဓိကအရေးကြီးဆုံး အကြောင်းအရာက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို တတ်နိုင်သမျှကာကွယ် စောင့်ရှောက်ပေးဖို့ပါ။ လူတွေရဲ့အသက်ကို ကယ်ထုတ်ဖို့ဆိုတာ အရင်ဆုံးလုပ်ရတဲ့အလုပ်ပါ။ ဒါကြောင့် ရေကြီးတော့မယ်၊ ရေကမ်းနံရံ ကျိုးပေါက်တော့မယ်ဆိုရင် ရေဘေးလွတ်ရာကိုရှောင်ဖို့ သတိပေးရမှာပါ။ ကျွန်တော်တို့ သတိပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရေဘေးသင့်ပြည်သူတွေကို စားရေရိက္ခာထောက်ပံ့ပေးနိုင်အောင်လည်း အစိုးရနဲ့ စေတနာအလှူရှင်တွေက ဆောင်ရွက်နေကြပါတယ်။ တာရိုးကျိုးပေါက်မှုကိုလည်း အမြန်ဆုံးတားဆီးပိတ်ဆို့ပြုပြင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နေပါတယ်။ ရေစုပ်စက်ကြီးတွေနဲ့ စုပ်ထုတ်ပေးနေတာ လွယ်ကူတယ်ထင်ရပေမယ့် အဲဒီရေတွေကို စက်တွေနဲ့ စုပ်ထုတ်ရတာ စက်သုံးဆီစရိတ်၊ ကုန်ကျစရိတ်တွေ၊ စက်အသစ်တွေထပ်ပြီး တိုးချဲ့တပ်ဆင်တာတွေ၊ ပိုက်အသစ်တွေ ဝယ်ရတာတွေ ဆောင်ရွက်ရပါတယ်။ မိမိနေထိုင်ရာနေရာကို အမြန်ဆုံးရောက်စေချင်တဲ့ဆန္ဒပါ။ ကိုယ့်အိမ်ကိုယ့်ရာနဲ့ နေရတာက ပိုပြီးလုံခြုံတယ်လို့ ခံစားမှုရှိကြမှာပါ” ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားပေးစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကျန်ရှိနေသေးသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုလုပ်ငန်းနေရာအား ကြည့်ရှုကာ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးအသိဖြင့် ဂရုပြုနေထိုင်ကြရန် အသိပညာပေးတိုက်တွန်းပြောကြားသည်။

အမရပူရမြို့နယ်အတွင်း ရွှေဂုံရေထိန်းတံခါး ကျိုးပေါက်မှုဖြစ်စဉ်ကြောင့် အနိမ့်ပိုင်းရှိ ယာဉ်တော်ကျေးရွာအုပ်စု ကျန်တန်းရပ်ကွက်၊ မှန်တန်းရပ်ကွက်၊ ဈေးချိုရပ်ကွက်၊ ရှမ်းကလေးကျွန်း ကျေးရွာအုပ်စု၊ ငယ်တိုးကျေးရွာအုပ်စု၊ အိုးတော်ရပ်ကွက် စသည်တို့တွင် ရေဝင်မှုများဖြစ်ပေါ်ခဲ့ရာ ယနေ့အထိ အိမ်ခြေ ၂၉၉၇၊ အိမ်ထောင်စုဝင် ၃၆၆၂ စု၊ စုစုပေါင်း ရေဘေးရှောင်ပြည်သူ ၁၄၄၀၀ ကျော်ကို ယာယီကယ်ဆယ်ရေးစခန်း ၃၀ တွင် ရွှေ့ပြောင်းစီစဉ်ထားရှိကာ နေထိုင်စားသောက်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နေပြည်တော်ရှိ ပေါင်းလောင်း၊ ချောင်းမငယ်နှင့် ဖောင်းလောင် ရေလှောင်တမံများ၏ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ပေါင်းလောင်း၊ ချောင်းမငယ်နှင့် ဖောင်းလောင် ရေလှောင်တမံများ၏ ရေဝင်ရောက်မှုနှင့် ကြံ့ခိုင်မှုအခြေအနေများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ဝဲပုံ)**



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ရေလှောင်တမံများ၏ လုံခြုံစိတ်ချမှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု၊ မိုးစပါးရေပေးဝေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တမံများ၏ လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရရှိပေးပို့နိုင်ရေး၊ စိုက်ပျိုးရေပေးဝေရာတွင် လက်ရှိ မိုးစပါးအပြင် နွေစပါးစိုက်ပျိုးရေးအတွက် ဖူလုံနိုင်ရေးအတွက် ဆည်ရေကို အလေအလွင့်နည်းပါးစွာဖြင့် ထိရောက်စွာ အသုံးချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထက်လျှံ**

## ဆည်ရေကိုစနစ်တကျ အကျိုးရှိစွာသုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေလိုအပ်မှုများအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG)များနှင့်အတူ **“ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်”** ဖြင့်လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



# နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခုဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်





ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရည်မှန်းချက်တာဝန် (၃) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနအနေဖြင့် ပြီးခဲ့သည့်ကာလများတွင် သစ္စာစီမံချက်ဖြင့် ပြည်သူ့အကျိုးအတွက် ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုကာလတွင် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကြောင့် မိမိတို့ဌာနအပါအဝင် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေး ရပ်တန့်သွားခဲ့ရကြောင်း။

### ကြိုတင်စီမံဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှုများကိုလည်း ဖြေလျှော့မှုများ ဆောင်ရွက်နေပြီဖြစ်သည့်အတွက် နိုင်ငံတကာ ဝင်/ထွက်သွားလာမှု ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ခွင့်ပြုလာနိုင်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်များ၊ နယ်စပ်ဂိတ်များ အပါအဝင် လူဝင်မှုစစ်ဆေးရေးဂိတ်များကိုလည်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း။

### ဥပဒေနှင့်အညီ ထုတ်ပေး

မိမိဌာန၏ ဒုတိယရည်မှန်းချက်တာဝန်တစ်ခုဖြစ်သည့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ရာတွင် ပြည်သူများအား ၎င်းတို့၏ နိုင်ငံသားဖြစ်မှု အရည်အချင်းပေါ် မူတည်၍ ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးကို သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း အသက် (၁၀) နှစ် ပြည့်ပြီးသူနှင့် အသက်(၁၈)နှစ်ပြည့် စုစုပေါင်း (သုံးသိန်းငါးသောင်းကျော်)ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံသား စိစစ်ခြင်းလုပ်ငန်းစဉ်အတွက် ဖွဲ့စည်းထားသည့် ဗဟိုအဖွဲ့သည်လည်း ၂၀၁၆ ခုနှစ် လက်ရှိအစိုးရ စတင်တာဝန်ယူချိန်ကစပြီး ယခုအထိ ဗဟိုအဖွဲ့ အစည်းအဝေး (၂၃)ကြိမ် ပြုလုပ်ပြီး စုစုပေါင်း ၁၇၆၈၄ ဦးကို ကိုင်ဆောင်သင့်သည့် သက်ဆိုင်ရာကတ်ပြားအသီးသီးကို ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) များကိုလည်း ဥပဒေနှင့်အညီ ထုတ်ပေးလျက်ရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လုပ်ငန်းစတင်ချိန်မှ ယခုနှစ် ဇွန်လကုန်အထိ ၉၈၈၇၀ ကို NV Card ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် e-Government စနစ်၏ အခြေခံအကျဆုံးလုပ်ငန်းဖြစ်သည့် e-ID စနစ်ကို မိမိတို့ ဝန်ကြီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းကို မြန်မာနှင့် ဧစတိုးနီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းညှိနှိုင်း၍ မိမိတို့ဝန်ကြီးဌာနနှင့် ဧစတိုးနီးယားနိုင်ငံ OeSD ကုမ္ပဏီတို့အကြား လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ e-ID စနစ်လုပ်ငန်း ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုအသိပညာပေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ ဆောင်ရွက်မည်ကို ကြိုတင်စဉ်းစား ဆောင်ရွက်ထားကြရန် မှာကြားလိုပါကြောင်း။

### အလေးထားဆောင်ရွက်

မိမိတို့ဝန်ကြီးဌာနသည် ဌာန၏ ရည်မှန်းချက်တာဝန်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်နေရမည်ဖြစ်သကဲ့သို့ ယခုအချိန်တွင် နိုင်ငံအတွက် အလွန်အရေးကြီးပြီး အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ဆောင်ရွက်ရမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် ရရှိရေးအတွက် လိုအပ်သည့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ရရှိရေးလုပ်ငန်းကို ဌာန၏ဦးစားပေးလုပ်ငန်းအဖြစ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်တွင်းနေထိုင်သူများသာမက ပြည်ပရောက်မြန်မာနိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲစာရင်းတွင် ပါရှိပြီး ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားအမှတ်များ ဖြည့်သွင်းထားခြင်းမရှိသူများအတွက် ၎င်းတို့၏ ကတ်ပြားအမှတ်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်ကာ လုပ်ငန်းအောင်မြင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

### တက်ညီလက်ညီ ကြိုးပမ်း

ထို့ပြင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက မဲစာရင်းများ ထုတ်ပြန်ကြေညာရာတွင်လည်း ယင်းမဲစာရင်းတွင် ဖြည့်သွင်းရန်ကျန်ရှိနေသည့် ကိုင်ဆောင်လက်မှတ်အမှတ်များကို မိမိဌာန၏ မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်ဖြည့်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်များအတွက် မှတ်ပုံတင်ရရှိရေး စီမံချက်ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးရမည့်လုပ်ငန်းကို ဦးစားပေးလုပ်ဆောင်သွားကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဦးစီးဌာနရုံးများ၌ လက်ရှိအင်အားပေါ် မူတည်ပြီး လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲကာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင် မိမိတို့တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများအလိုက် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများအပြင် အဓိကဦးစားပေးလုပ်ငန်းဖြစ်သည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့်ရရှိစေရေးအတွက် လိုအပ်သော မှတ်ပုံတင် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားမည့် အစီအစဉ်ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးတင်ပြကြရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးတင်ပြကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ဝန်ထမ်းအားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### ခြုံငုံသုံးသပ်ဆွေးနွေး

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ခြုံငုံသုံးသပ်ဆွေးနွေးသည်။

### ကျေပွန်စွာဆောင်ရွက်

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ မိမိတို့ဌာန၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရင်း ယခု ဦးစားပေးဆောင်ရွက်ရမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်ပါ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ လဟယ်မြို့နယ်ရှိ အထကကျောင်းဝင်း၌ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်

**နေပြည်တော် ဇူလိုင် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ရန်ပုံငွေကျပ် ၁၆၇ ဒသမ ၄၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် အလျား ပေ ၉၀၊ အနံ ပေ ၃၀ Steel Structure နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အတွင်းရေးမှူး ဦးသန်းရွှေနှင့် ခေတ္တနာဂဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်းတို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်း၌ လဟယ်မြို့နယ်မှ ကျောင်းသူကျောင်းသား ၁၇၀၃ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပဉ္စမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ သာရဏီယဩဝါဒကထာ

**“နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် သရဘဂ်ဇာတ်တော်လာ ခန္တီတရားလက်ကိုင်ထားခြင်း၊ ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ ပါဝင်စေခြင်း၊ သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်ဖြစ်ခြင်း၊ ဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြလျက် ရှင်တော်မြတ်ဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်း”**

(၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၆ ရက်၊ တနင်္ဂနွေနေ့)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီး၏ ဆောင်ရွက်ချက် သာသနာရေးကိစ္စဟူသမျှကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ၅ သိန်းကျော်သော သံဃာတော်အပေါင်းတို့ ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ရလေအောင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့်အညီ အကိုးအကားပြု၍ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိ စသည့် အဂတိတရားများ ကင်းရှင်းစွာဖြင့် အလေးဂရုပြု ဆွေးနွေးညှိနှိုင်း တိုင်ပင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား သာသနာတော်အရေးကိစ္စတို့ကို ဆောင်ရွက်ရာ၌ တပည့်တော်တို့ သံဃာတော်များချည်း ဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှုရှိနိုင်မည် မဟုတ်ပါဘုရား။ **“သာသနံ နာမ ရာဇာနံ နိဿာယ တိဋ္ဌတေ ဣဓ= သာသနာတော်သည် မင်းကိုမှီ၍တည်ရ၏”** ဟု ရှေးရှေးက မဟာထေရ်မြတ်ကြီးတို့ အဆိုအမိန့်ရှိသည့်အတိုင်း နိုင်ငံတော်အစိုးရမင်းတို့၏ အမှီကို ရရှိမှသာ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်ဘုရား။

**“သာဂါရာ အနာဂါရာစ၊ ဥဘော အညောည နိဿိတာ။ အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ”** ဟူသော ဒေသနာတော်အရ ပရိယတ္တိ၊ ပဋိပတ္တိဝန်ဆောင် သံဃာတော်အရှင်သူမြတ်များနှင့် နိုင်ငံတော်အစိုးရမင်းများ၊ အလှူရှင်ဒါယကာ၊ ဒါယိကာမများသည် “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ” ဆိုသည့်အတိုင်း သံဃာတော်များဘက်မှလည်း လမ်းကောင်းလမ်းမှန်ကို ကျင့်ကြံကျနဟောညွှန်ပြတော်မူကြကုန်လျက် နိုင်ငံတော်အစိုးရနှင့် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း လိုက်နာကြိုးပမ်း လှူဒါန်းထောက်ပံ့ပူဇော်ကြပါလျှင် ရည်ရွယ်ချက်လုပ်ငန်းများ အောင်အောင်မြင်မြင်ပြီးမြောက် နိဗ္ဗာန်ချမ်းသာတိုင်အောင် ခရီးရောက်နိုင်ကြမည်ဖြစ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ဝေသာလီပြည်တွင် ကပ်ရောဂါဘေးကြီး ဆိုက်ရောက်ချိန်ဝယ် ဘုရားရှင်၏ ညွှန်ကြားမိန့်မှာချက်နှင့်အညီ အရှင်အာနန္ဒာမထေရ်သည် ဝေသာလီပြည်၏ တံတိုင်းသုံးထပ်အတွင်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တို့ကို ပွားများရွတ်ဖတ်၍ ကပ်ရောဂါဘေးဆိုးကြီးမှ ကင်းဝေးအောင် ကယ်တင်တော်မူခဲ့ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များအနေဖြင့်လည်း အရှင်အာနန္ဒာမထေရ်မြတ်ထုံး နှလုံးမူကာ မဟာအရံအတားများဖြစ်သော ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်တို့ကို ရွတ်ဖတ်ခြင်း၊ ကာရုညစိတ္တ ရှေးရှုပြဋ္ဌာန်း၍ မေတ္တာပွားများခြင်း၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်များ ပွားများပူဇော်ခြင်း စသည်တို့ကို ဝသီတော်ဖြစ်အောင် များများထုံပွားသင့်သကဲ့သို့ တပည့်တော်တို့၏ တပည့်သံဃာတော်များ၊ တပည့်ဒါယကာ ဒါယိကာမများကလည်း ရွတ်ဖတ်ပူဇော်ပွားများကြလျှင် ကပ်ဘေးအမျိုးမျိုးမှ ကင်းဝေးကြမည်ဟု ယုံကြည်ပါသည်ဘုရား၊ ထိုသို့ ပွားများပူဇော်ကြခြင်းဖြင့် ကပ်ဘေးကြီးတို့မှ ကင်းဝေးကြပါမှ စာမေးပွဲများ ကျင်းပခြင်း၊ တိပိဋကရေ၊ တိပိဋကကောဝိဒ ပူဇော်ပွဲများကျင်းပခြင်းစသော သာသနာရေးကိစ္စအဝဝတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား ထပ်မံ၍ ဖြည့်စွက်လျှောက်ထားလိုသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အတိုင်းတိုင်းအပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကိုခံရသည့် မျက်မှောက်ခေတ် သာသနာတော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် အားအထားရဆုံး၊ အဆင့်အမြင့်ဆုံး ခံတပ်ကြီးသဖွယ်ဖြစ်သော သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည်ကို ဆရာတော်ကြီးများ သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ယင်းသို့သော သံဃာ့အဖွဲ့အစည်းကြီး၌ပါဝင်လျက် တာဝန်ထမ်းဆောင်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ကို ဇာတကပါဠိတော်၊ စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်လာ ဂါထာတော်အချို့ကို ကောက်နုတ်၍ အကျဉ်းချုပ် လျှောက်ထားလိုပါသည်ဘုရား –

**ကောဓံ ဝဓိတွာ န ကဒါစိ သောစတိ၊**
**မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။**
**သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊**
**တေံ ခန္တိံ ဥတ္တမမာဟု သန္တော။ ( ဇာ၊ ဠ၊ ပဉ္စမတွဲ ၁၄၈)** ဟူသော သရဘင်္ဂဇာတ်တော်လာ ဒေသနာဖြင့် ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာပြောဆိုလာသော မည့်သည့်ပုဂ္ဂိုလ်သော်မှ ကောဓ အမျက်မထွက်စေဘဲ သည်းခံမှု ခန္တီဂုဏ်တည်းဟူသော လက်နက်သည် ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် လက်နက်ဆန်း လက်နက်ကောင်းဟူသမျှတို့ထက် အဆရာထောင်မက လွန်ကဲမွန်မြတ်သည့် သူတော်ကောင်းလက်နက်ကြီးဖြစ်ကြောင်း ပြဆိုထားပါသည်ဘုရား။

**ကာယေန ဝါစာယစ ယောဓ သညတော၊**
**မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။**
**န အတ္တဟေတူ အလိကံ ဘဏာတိ၊**
**တထာဝိဓံ သီလဝန္တံ ဝဒန္တိ ။ ( ဇာ၊ ဠ၊ ပဉ္စမတွဲ ၁၅၄ )** ဟူသော ဒေသနာနှင့်အညီ ကိုယ်နှုတ်စောင့်စည်းမှု၊ စိတ်ကိုထိန်းသိမ်းမှုဟူသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံစေလျက် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဂရုဖြစ်သော ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ပါဝင်အောင် အစဉ်မပြတ် သတိချပ်တော်မူနိုင်ကြပါစေရန် လျှောက်ထားအပ်ပါသည်ဘုရား။

**ဂမ္ဘီရပဉ္ဟံ မနသာ ဘိစိန္တယံ၊**
**နာစ္စာဟိတံ ကမ္မကရောတိ လုဒ္ဒံ။**
**ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊**
**တထာဝိဓံ ပညဝန္တံ ဝဒန္တိ။ (ဇာ၊ ဠ၊ ပဉ္စမတွဲ ၁၅၅)** ဟူသော ဒေသနာတော်နှင့် လျော်ညီစွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ဝန်နှင့်အား မြားနှင့်လေး ကျေးဇူးရှိမဲ့ ပြဲပြဲလင်းလင်း ထိုးထွင်းသိမြင်ဆင်ခြင်နိုင်သောဉာဏ်ပညာဖြင့် သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်တော်မူနိုင်ကြသည့် ရဟန်းပညာရှင်တို့အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် ဆောင်ရွက်တော်မူကြပါဟု လျှောက်ထားလိုပါသည်ဘုရား။

**ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊**
**ကလျာဏမိတ္တော ဒဋ္ဌဘတ္တိ စ ဟောတိ။**
**ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊**
**တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။ (ဇာ၊ ဠ၊ ပဉ္စမတွဲ ၁၅၅)** ဟူသော ဒေသနာတော်နှင့်အညီ ကျေးဇူးသိတတ် ကျေးဇူးဆပ်၍ မိတ်မြတ်ဆွေကောင်းအပေါင်းဆံ့ထ ဒုက္ခရောက်သူ ကူညီဖေးမ သပ္ပုရိသ ကျင့်စဉ်ကြီးကိုလည်း အစဉ်ကြီးပွားထွန်းကားစေရန် ကျင့်ကြံတော်မူကြပါဘုရား။

**ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊**
**သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။**
**သင်္ဂါဟကံ သခိလံ သဏှဝါစံ၊**
**တထာဝိဓံ နော သိရိ နော ဇဟာတိ။ (ဇာ၊ ဠ၊ ပဉ္စမတွဲ ၁၅၅)** ဟူသော ဒေသနာတော်အရ ပြဆိုအပ်ပြီးသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ သဒ္ဓါ၊ မုဒု၊ သံဝိ ဘာဂီ စသည့် အဖုံဖုံဂုဏ်ဆီပြည့်ဝ သပ္ပုရိသလက္ခဏာရှိသူတို့အပေါ်၌သာ စွဲမှီတည်နေနိုင်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကျက်သရေတန်ခိုး သာသနာတော်မြတ်ကြီး ကျက်သရေတန်ခိုးတိုးပွားခြင်း၏ အကြောင်းလက္ခဏာများကို မိမိတို့သန္တာန်ဝယ် အခြေခံထားလျက် ကိန်းဝပ်ကြစေရန် လျှောက်ထားလိုပါသည်ဘုရား။

ထိုလျှောက်ထားခဲ့ပြီးသော အကြောင်းများကို ထောက်ထားရှုမြော်တော်မူကြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူ ပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာဖြစ်ရုံသာမက အတိုင်းတိုင်း အပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကိုခံယူရသည့် မျက်မှောက်ခေတ် သာသနာတော်အတွက် အားအထားရဆုံး အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် သရဘင်္ဂဇာတ်တော်လာ ခန္တီတရား လက်ကိုင်ထားခြင်း၊ ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ ပါဝင်စေခြင်း၊ သာသနာတော် အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်ဖြစ်ခြင်း၊ ဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြလျက် ရှင်တော်မြတ်ဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း သာရဏီယဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

---

❑ *ရှေ့ဖုံးမှ*

စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင် / မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀ ၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ယနေ့ ဇူလိုင် ၂၆ ရက်အထိ ၁၆၇၇၈ ဦး စုစုပေါင်း ၅၃၇၉၆ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၂၉၇ ဦး၊ အမျိုးသမီး ၂၂၃ ဦး စုစုပေါင်း ၅၂၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

---

◆ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်ထားစဉ်အတွင်း မဲစာရင်းများ၌ မိမိအမည်စာရင်း ပါဝင်ခြင်းမရှိသေးပါက ပုံစံ(၃) တွင် အမည်စာရင်းထည့်သွင်းရန် တောင်းဆိုခြင်းဖြင့် လည်းကောင်း၊ မဲစာရင်း၌ ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင် လူကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်သူများ၏ ကိုယ်စားလှယ်ကဖြစ်စေ ပုံစံ(၄) သို့မဟုတ် ပုံစံ(၄-က) တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ ကန့်ကွက်လွှာဖြင့် ပြင်ဆင်ကန့်ကွက်ရမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ မဲဆန္ဒနယ်အမှတ်(၁)၌ မဲရုံ ၉၉ ရုံ၊ မဲဆန္ဒနယ်အမှတ်(၂)၌ မဲရုံ ၈၆ ရုံ စုစုပေါင်း မဲရုံ ၁၈၅ ရုံရှိပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် အမျိုးသား ၇၇၁၆၆ ဦးနှင့် အမျိုးသမီး ၈၀၅၀၈ ဦး စုစုပေါင်း မဲပေးပိုင်ခွင့်ရှိသူ ၁၅၇၆၇၄ ဦးရှိကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**

---

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

**“ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊ ယူမိစ္ဆာ၌၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏” ဟု မဃဒေဝလင်္ကာ၌ မန်လည်ဆရာတော်ကြီးဆုံးမတော်မူခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်ကြရာတွင် သဒ္ဓါပညာမညီမျှမှု၊ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ တို့နှင့်အညီ ဆောင်ရွက်ခြင်းမရှိမှုတို့ကြောင့် ရုပ်ပွားဆင်းတုတော်များသည် ထေရဝါဒပိဋကတ်တော်များနှင့် ဆန့်ကျင်လျက်ရှိပြီး ဖူးမြင်ရသူများအတွက် ကြည်ညိုဖွယ်မဆောင်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုစိတ်ကို လွန်စွာထိခိုက်စေလျက်ရှိပါကြောင်း**

❀ *ရွှေဖုံးမှ*

သာသနာရေးမှူးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသ က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ သြဝါဒကထာကို စာမျက်နှာ – ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဂန္ထဓုရ၊ ဝိပဿနာဓုရတာဝန်များကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်တော်မူလျက်ရှိချိန်တွင်တစ်ဖက်မှလည်း သာသနာတော်ကွယ်ပျောက်ပျက်စီးနိုင်လောက်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည့် သာသနာ့အတွင်းရန်၊ သာသနာ့အန္တရာယ်၊ သာသနာ့ဝန်စီးများက ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်သည့် အတွေးအခေါ်အယူအဆ အဓမ္မဝါဒများကို ဟောပြောမှု၊ ပြသမှု၊ ထုတ်ဝေဖြန့်ချိမှု၊ အင်တာနက်ဝက်ဆိုဒ်တွင် လွှင့်တင်မှုများ ပြုလုပ်လျက်ရှိသည်ကို သိရှိရပါကြောင်း။

အဆိုပါ သာသနာ့ရန်စွယ်အန္တရာယ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဦးဆောင်သော တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ရပ်/ကျေး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရ ဦးဆောင်သော သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးတို့က အချိန်မီ ပူးပေါင်းကာကွယ်ကြမှသာလျှင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာစွာ သန့်ရှင်းတည်တံ့နေမည်ဖြစ်သည်ဟု လျှောက်ထားလိုပါကြောင်း။

**“ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊ ယူမိစ္ဆာ၌၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏”** ဟု မဃဒေဝလင်္ကာ၌ မန်လည်ဆရာတော်ကြီးဆုံးမတော်မူခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်ကြရာတွင် သဒ္ဓါပညာမညီမျှမှု၊ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ တို့နှင့်အညီ ဆောင်ရွက်ခြင်း မရှိမှုတို့ကြောင့် ရုပ်ပွားဆင်းတုတော်များသည် ထေရဝါဒပိဋကတ်တော်များနှင့် ဆန့်ကျင်လျက်ရှိပြီး ဖူးမြင်ရသူများအတွက် ကြည်ညိုဖွယ်မဆောင်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုစိတ်ကို လွန်စွာထိခိုက်စေလျက်ရှိပါကြောင်း။

၆-၇-၂၀၂၀ ရက်နေ့ကလည်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ စိန္တာမုနိမင်းဝင်တောင်စေတီတော် ပရိဝုဏ်အတွင်းရှိ လောကီအကျိုးစီးပွားအတွက် ဗေဒင်ယတြာအစီအမံများနှင့် ပေါင်းစပ်ပြုလုပ်ထားသော ကြည်ညိုဖွယ်မဆောင်သည့် ဥဏှာတော်လက်မ ၃၀ အထက် ရုပ်ပွားတော်အကြီး ၆၉ ဆူနှင့် ဥဏှာတော် ၁၈ လက်မအောက် ရုပ်ပွားအသေးအဆူ ၄၀၊ စုစုပေါင်း ရုပ်ပွားတော် ၁၀၉ ဆူတို့ကို ဖယ်ရှားရှင်းလင်း၍ ထေရဝါဒပိဋကတ်တော်လာဒေသနာတော်နှင့် ကိုက်ညီသောဗုဒ္ဓရုပ်ပွားဆင်းတုတော်များဖြင့် အစားထိုး ပူဇော်ထားရှိခဲ့ရပါကြောင်း။

ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ကြရာတွင် ထေရဝါဒပိဋကတ်တော်လာ ဒေသနာများနှင့်ကိုက်ညီပြီး အေးချမ်းကြည်ညိုဖွယ်ဆောင်သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုတ်လုပ်ပူဇော်ကြစေရေးအတွက် သြဝါဒပေးတော်မူပါရန် လျှောက်ထားလိုပါကြောင်း။

ဝိနိစ္ဆယရေးရာ မှုခင်းများဖြစ်ပွား၍ နှစ်ဖက်ပက္ခပုဂ္ဂိုလ်များကို သံဃဝိနိစ္ဆယအဖွဲ့များဖြင့် စစ်ဆေးခြင်း၊ ဗဟိုဝန်ဆောင် စုံစမ်းရေးအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးခြင်းများဆောင်ရွက်ရာတွင် စစ်ဆေးဆောင်ရွက်ကြသူများအနေဖြင့် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်စဉ်အမှန်အကြောင်းအရာကို သွေဖည်၍ မမှန်မကန်ဆုံးဖြတ်ခြင်းဟု ခေါ်ဆိုသည့် အဂတိလေးဖြာကင်းရှင်းစွာစစ်ဆေးဆုံးဖြတ်ရန်လိုသကဲ့သို့စစ်ဆေးဆုံးဖြတ်ပြီးသော ဆုံးဖြတ်ချက်များကိုလည်း အကြိမ်ကြိမ်ပြင်ဆင်ဆုံးဖြတ်ခြင်းများကို အတတ်နိုင်ဆုံးမပြုလုပ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သူများအနေဖြင့် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဝိနိစ္ဆယရေးရာမှုခင်းများကို သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့အဆင့်ဆင့်တို့ဖြင့် စစ်ဆေးဆုံးဖြတ်ရာတွင် အဓိကရုဏ်းအေးငြိမ်းစေကြောင်း၊ သမထတရား ၇ ပါးကိုအခြေခံ၍ ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှု ပပျောက်အောင်၊ ပဋိပက္ခပြဿနာများနည်းပါးအောင် ဦးတည်ဆုံးဖြတ်ဆောင်ရွက်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါကြောင်း။

ယခုအခါ သမဏသာရုပ္ပ မဖြစ်သော (ကြည်ညိုဖွယ်မဆောင်သော) အမှုကိစ္စများ ယခင်ကထက် ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရပါသဖြင့် ယင်းအမှုကိစ္စများကို ကျူးလွန်ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များကိုလည်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာသာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များဖြင့် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲကင်းရှင်းစွာဖြင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်းကိုလည်း အခါအခွင့်သင့်ခိုက် လျှောက်ထားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် နှစ်စဉ်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်လျက်ရှိရာတွင် စနစ်တကျစိစစ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၅ ဖြင့် ဘွဲ့တံဆိပ်တော်အလိုက် ဂုဏ်အင်္ဂါအရည်အချင်းများ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါကြောင်း။

အဆိုပါပြဋ္ဌာန်းချက်တွင် ပါဝင်သော လူပုဂ္ဂိုလ်များဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်အသီးသီးတို့၏ ဂုဏ်အင်္ဂါအရည်အချင်း သတ်မှတ်ချက်ပါ **“ရှင်သာမဏေ အပါး ၅၀၊ ၁၀၀၊ ၂၀၀၊ ၃၀၀ နှင့်အထက်ကို တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးရမည်”** ဟူသော သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်မှာ အခုအခါ COVID-19 ကပ်ရောဂါဖြစ်ပွားနေသော ကာလဖြစ်နေသဖြင့် တစ်ဦးတည်းဒါယကာခံ၍ ရှင်ပြုပေးရာတွင် ကုန်ကျမည့်ကုန်ကျစရိတ်ကို ပရိယတ္တိစာသင်သားများအတွက် ပညာရေးပဒေသာပင်များ စိုက်ထူလှူဒါန်းပေးရန် ပြောင်းလဲအလှူခံဆောင်ရွက်သွားမည်ဖြစ်သဖြင့် ခွင့်ပြုပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့်တကွ သံဃာ့အဖွဲ့အစည်းအသီးသီးတွင် တာဝန်ယူလျက်ရှိကြသော ဆရာတော် သံဃာတော်များအနေဖြင့် ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်း၍ မျက်ခြည်မပြတ်သတိချပ်ကာ သာသနာ့ရန်စွယ် အန္တရာယ်များကို ဓမ္မစက်ဖြင့် ကာကွယ်တားမြစ်တော်မူနိုင်ကြပါစေ၊ သာသနာ့ရန်စွယ် အန္တရာယ်လွတ်ကင်း နေမင်းတစ်ထောင် လင်းသကဲ့သို့ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီးသည်လည်း အနှစ်များမြောင်ကာလကြာအောင် သန့်ရှင်းတည်တံ့ထွန်းလင်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရက တင်သွင်းလျှောက်ထားသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျယ်ကို အဖွဲ့ဝင် ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာ ကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်း ကြေညာ၍ ဝိနိစ္ဆယဆိုင်ရာကိစ္စများနှင့် သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာ နာယကဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင် အဖြစ် ဦးဇေသူအောင်-ဒေါ်ပွင့်ပုံ မိသားစုက လည်းကောင်း၊ နေ့ဆွမ်းကို ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) မဟာသရေစည်သူ ဦးရဲမြင့်-ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## ခရီးသွားလုပ်ငန်းစီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

ခရီးသွားလုပ်ငန်း စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Center for Tourism Development (CTD) ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း(၁၁)သင်းမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးတင်လတ် က ယခုခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ၂၀၁၃-၂၀၂၅ သည် ယခင်ပင်မစီမံကိန်းကို အခြေခံ၍ ကိုဗစ်-၁၉ အလွန်တွင် ပြောင်းလဲလာမည့် ခရီးသွားလုပ်ငန်း ပုံစံသစ်နှင့် လိုက်ရောညီထွေမှုရှိစေရန် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပြုစုရေးဆွဲထားပါကြောင်း၊ ပင်မစီမံကိန်းတွင် မဟာဗျူဟာ(၆)ရပ် ပါဝင်ပြီး မဟာဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်နိုင်ရန် လက်ရှိအမှန်တကယ်ဖြစ်ပေါ်နေသည့် အခြေအနေနှင့် ကိုက်ညီမှုရှိစေရန်အတွက် လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့်ညီနောင်အသင်းများ၏ အကြံပြုချက်များကိုလည်း ပင်မစီမံကိန်းတွင်ထည့်သွင်းသွား မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများ အနေဖြင့် ပင်မစီမံကိန်းတွင် ထပ်မံဖြည့်စွက်လိုသည်များကို အကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။



ထို့နောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ရေးဆွဲဆောင်ရွက်ထားရှိမှုများ စီမံကိန်းပါ မဟာဗျူဟာ (၆) ရပ်နှင့် ဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁) သင်းမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းတွင် ဖြည့်စွက်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်နေမှုများ၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးဆောင်ရွက်နေမှုများ၊ လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခုခံအားကျဆင်းမှုကူးစက်ရောဂါ ထိန်းချုပ်ရေး ART ဆေးဝါးသောက်သုံးပေး

**သန်းထိုက်**

**ယနေ့ ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရချိန်တွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါဖြစ်သော AIDS ရောဂါအား ကမ္ဘာ့နိုင်ငံများက ခေတ္တမေ့လျော့နေဟန်ရှိသည်။ မြန်မာနိုင်ငံတွင် မမေ့မလျော့အစဉ်တစိုက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများက အရှိန်မပျက် လက်တွဲဆောင်ရွက်လျက်ရှိသည်။ ထို AIDS ရောဂါကို ၁၉၈၀ ပြည့်နှစ်တွင် မြောက်အမေရိကတိုက်(အမေရိကန်နိုင်ငံ)၌ အမျိုးအမည်တပ်၍မရသော နမိုးနီးယားအဆုတ်ရောင်ရောဂါဖြင့် လူသေဆုံးမှုကို စတင်တွေ့ရှိခဲ့ရာမှ ကပ်ရောဂါအသွင် သတိပြုမိပြီး ၁၉၈၀ ပြည့်နှစ်ကျော်ကာလတွင် HIV ပိုးကို စတင်တွေ့ရှိခဲ့၍ AIDS ရောဂါအဖြစ် သတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် အာဖရိကနိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံများသို့ ဆက်လက်ကူးစက်ခဲ့သည်။**



ဒေါက်တာ ထွန်းညွန့်ဦး (ညွှန်ကြားရေးမှူး) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**အသိအမှတ်ပြု**

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်၌ ထိုရောဂါပိုးကို နိုင်ငံခြားမှပြန်လာသူတစ်ဦးအား သွေးစစ်ဆေးရာမှ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါ (HIV/AIDS) တိုက်ဖျက်ရေးကို အမျိုးသားရေးအသွင်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်ထိ စီမံချက်တစ်ရပ်အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထိုအချိန်က AIDS ရောဂါသည် ကုရာနတ္ထိဆေးမရှိ မုချသေရမည်ဟုသာ သိရှိခဲ့၍ ယနေ့အချိန်အခါ၌ ကုသနိုင်၍ အခြားသာမန်လူများကဲ့သို့ သက်တမ်းစေ့နေထိုင်နိုင်လျက်ရှိပြီဖြစ်သည်။ HIV ပိုး စတင်တွေ့ရှိချိန်တွင် ထိုရောဂါကုသရန် ထောက်ပံ့မှုလိုအပ်ချက်ကြောင့် အခက်အခဲများကြုံတွေ့ခဲ့ရကာ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေတိုးမြှင့်ထောက်ပံ့မှု၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund)၊ ခုခံအားကျဆင်းမှုရောဂါ ကယ်ဆယ်ရေးအတွက် အမေရိကန်သမ္မတ၏ အရေးပေါ်စီမံကိန်း (PEPFAR) နှင့် အခြားနိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ကုသမှုပိုင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၅ သန်းနှင့် ညီမျှသော ART ဆေးနှင့် မူးယစ်ဆေးအစားထိုး မက်သဒုန်းဆေးများကို ဝယ်ယူနိုင်ရန် နိုင်ငံတော်မှ ပံ့မှန်ထောက်ပံ့လျက်ရှိသည်။ နိုင်ငံတစ်ဝန်းနှစ်စဉ်အသုံးပြုလျက်ရှိသော ရောဂါကာကွယ်ကုသရေးအတွက် ရန်ပုံငွေ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်က ထည့်ဝင်ထားခြင်းဖြစ်ရာ နိုင်ငံတကာမှလည်း မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အသိအမှတ်ပြုလျက်ရှိသည်။

**U = U ဆိုသည်မှာ**

ART ဆေးကုသမှုအတွက် လိုအပ်သော ဆေးဝါးများ၏ ၈၀ ရာခိုင်နှုန်းကျော်ကို နိုင်ငံတော်၏ ထောက်ပံ့မှုဖြင့် ဝယ်ယူခြင်းဖြစ်ရာ ယနေ့လက်ရှိ ကုသပေးနေသော လူနာ ၁၈၅၀၀၀ ၏ ၈၀ ရာခိုင်နှုန်းဖြစ်သော လူနာ ၁၄၅၀၀၀ ကျော်၏ AIDS ရောဂါကုသမှုအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မှုသည် အထောက်အပံ့ဖြစ်လျက်ရှိသည်။ ART ဆေးဝါးများကို အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများမှ အဓိကထုတ်လုပ်လျက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသုံးပြုနိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် နိုင်ငံတကာအဖွဲ့အစည်းများ စုပေါင်းဆွေးနွေး၍ ထိုနိုင်ငံတကာကုမ္ပဏီကြီးများ၏ ဆေးဖော်မြူလာဖြင့် Generic medicine ဆေးဝါးများကို အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အခြားအာရှနိုင်ငံများတွင် ထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကနဦးပိုင်းလူနာများကို ART ဆေး တစ်လတစ်ကြိမ်ဖြင့် ကုသပေးခဲ့ပြီးနောက်ပိုင်းတွင် သုံးလတစ်ကြိမ်မှ ယခု ကိုဗစ်-၁၉ ကာလ၌ ခြောက်လတစ်ကြိမ်ဖြင့် ဆေးခြောက်လစာ ထိပေး၍ ကုသလျက်ရှိသည်။ ART ဆေး သောက်သုံးခြင်းဖြင့် ရောဂါကာကွယ်နိုင်မှုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် ဒါရိုက်တာဖြစ်သူ ညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းညွန့်ဦးက "ART ဆေးကုသမှုနဲ့ ပတ်သက်ပြီး နိုင်ငံတကာသိပ္ပံနည်းကျ အထောက်အထားတွေ ရှိပါတယ်။ ယခုပြောနေကြတဲ့ U=U ဆိုရင် အရေးပါတဲ့ သုတေသနလေးခုရှိတယ်။ HIV ကာကွယ်ရေးဆိုင်ရာ စမ်းသပ်ကွန်ရက်များ၊ ART ကုထုံးသောက်သုံးနေသူတွေရဲ့ ဆက်ဆံဖက်တွေမှာ ကူးစက်ခံရမှုအန္တရာယ်ကို အသစ်တစ်ဖန် အကဲဖြတ်လေ့လာမှု၊ ဆန့်ကျင်ဖက်ဆွဲဆောင်မှုများနှင့် ဆက်ဆံဖက်များ (၂)စသည့်သုတေသနများမှ ART ဆေး သောက်သုံးခြင်းသည် လိင်ဆက်ဆံမှုမှတစ်ဆင့် HIV ကူးစက်ခံရခြင်းကို ထိရောက်စွာလျှော့ချနိုင်ကြောင်း သက်သေပြနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီသုတေသနတွေဟာ တစ်ဦးမှာ HIV ပိုးရှိပြီး အခြားတစ်ဦးမှာ ပိုးမရှိတဲ့စုံတွဲ ၅၀၀ နဲ့ တစ်ဦးမှာ HIV ပိုးရှိ၍ အခြားတစ်ဦးမှာ ပိုးမရှိတဲ့ အမျိုးသားချင်း လိင်တူဆက်ဆံသူစုံတွဲ ၁၃၀၀ ကျော်ကို လေ့လာဆန်းစစ်ခဲ့တာပါ။ အဲဒီသုတေသနတွေ့ရှိချက်တွေဟာ ART ဆေးကို စွဲမြဲမှန်ကန်စွာ သောက်သုံးသွားမယ်ဆိုရင် ပိုးကိုထိန်းချုပ်နိုင်တာကြောင့် သိပ္ပံနည်းကျ သက်သေပြချက်ဖြစ်သလို လိင်ကတစ်ဆင့် HIV ပိုးကူးစက်မှု ကာကွယ်ရာမှာ အလားအလာကောင်းတဲ့နည်းလမ်းတစ်ခုအဖြစ် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ U=U ဆိုရာမှာ U တစ်ခုက Undetectable HIV ပိုးကောင်ရေ စစ်ဆေးမတွေ့ရှိခြင်းနဲ့ နောက် U တစ်ခုက Untransmittable HIV ပိုးကူးစက်နိုင်ခြေမရှိသလောက် နည်းသွားခြင်းကို ဆိုလိုတာပါ။"

**မီဒီယာအကူအညီသည် ပိုမိုထိရောက်**

HIV ပိုး ကာကွယ်တားဆီးရေးနဲ့ ကုသရေးလုပ်ငန်းတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းနဲ့ လုပ်ဆောင်လို့မရနိုင်ပါဘူး။ အားလုံးပူးပေါင်းပါဝင်မှသာရနိုင်မှာပါ။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းတွေ၊ ICAP at Columbia University လိုနည်းပညာပိုင်းထောက်ပံ့နေတဲ့ အဖွဲ့အစည်းတွေ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနဲ့ ကွန်ရက်အဖွဲ့အစည်းများ အားလုံးပူးပေါင်းပြီး ဟန်ချက်ညီညီ ကာကွယ်ရေး၊ ကုသရေးနဲ့ ပညာပေးကဏ္ဍများကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အခြားရောဂါနဲ့မတူတဲ့ လူမှုရေးဆိုင်ရာရောဂါ (Social disease) ဖြစ်တာကြောင့် မိမိကိုယ်တိုင်၊ မိသားစုနဲ့ ပတ်ဝန်းကျင်ရဲ့ ပစ်ပယ်ခံရခြင်း၊ ခွဲခြားနှိမ်ချဆက်ဆံခံရခြင်း စတာတွေရှိနေတဲ့အတွက် ဒီရောဂါကို ကြောက်ကြပါတယ်။ အမှန်က ကူးစက်ရန်အန္တရာယ်ရှိတဲ့ အပြုအမူတွေကို လုပ်ဆောင်မှသာ ကူးစက်နိုင်တာဖြစ်ပါတယ်။ ရောဂါပိုးရှိသူရဲ့ သွေးကို မစစ်ဆေးဘဲသွင်းမိတာ၊ ဆေးထိုးအပ်/ပြွန်တွေကို မျှပြီးသုံးတာ၊ အဓိက လိင်ဆက်ဆံတဲ့အခါ အကာအကွယ်မဲ့ ဆက်ဆံတဲ့အခါမှာလည်း ကူးစက်နိုင်ပါတယ်။ ကာကွယ်ရေးကဏ္ဍအနေနဲ့ အသိပညာပေးတဲ့အခါမှာလည်း အစိုးရအဖွဲ့အစည်း၊ မိတ်ဖက်အဖွဲ့အစည်းနဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို ပြည်သူတွေ လက်ထဲရောက်ရှိဖို့ မီဒီယာနဲ့ အခန်းကဏ္ဍဟာ အရေးပါပါတယ်။ ပြီးတော့ စာတတ်တာနဲ့ ကျန်းမာရေးအသိရှိတာ မတူပါဘူး။ ဒါကြောင့် ပိုပြီးထိရောက်အောင် မီဒီယာရဲ့အကူအညီနဲ့ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုဟာ ပိုပြီးထိရောက်မှာ ဖြစ်ပါတယ်။

**ပိုးကူးစက်မှုကိုထိန်းချုပ်နိုင်**

ကျွန်တော်တို့နိုင်ငံမှာ HIV ပိုးရှိသူတွေကို ၂၀၀၅ ခုနှစ်ကစပြီး အစိုးရဆေးရုံဆေးခန်းနဲ့ ကျန်းမာရေးဌာနတွေမှာ ART ဆေးဝါးနဲ့ ကုသမှုပေးခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်ထိ HIV ပိုးလူနာ ၁၈၅၀၀၀ ခန့်ထိ ART ဆေးနဲ့ ကုသမှုပေးနိုင်ခဲ့ပါတယ်။ ယနေ့ထိလည်း ပိုပြီးကုသပေးနိုင်ခဲ့တယ်။ လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်ကာလက လူတစ်ဦးဟာ ART ဆေးကို သောက်မယ်ဆိုရင် တစ်နှစ်ကို အမေရိကန်ဒေါ်လာ တစ်သောင်းနီးပါး ကုန်ကျမှာဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်ကစပြီး နိုင်ငံတကာအထောက်အပံ့နဲ့ ဆေးကို အခမဲ့ကုသနိုင်ခဲ့ပါပြီ။ အမြစ်ပြတ်အောင် မကုသနိုင်ပေမယ့် သွေးထဲမှာ ပိုးကူးစက်နိုင်မှုမရှိသလောက် နည်းသွားပြီး သက်တမ်းစေ့နေနိုင်အောင် ART ဆေးက ထိန်းထားပေးနိုင်ပါပြီ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနဲ့ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းတွေ ပူးပေါင်းပြီး HIV ပိုး ကူးစက်မှုကာကွယ်ရေးအတွက် နှစ်တို နှစ်ရှည်စီမံကိန်းတွေရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ ပထမဦးဆုံး HIV ပိုးရှိလူနာကို ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှာ စတင်တွေ့ရှိခဲ့တာပါ။ ဒါကြောင့် အဲဒီအချိန်ကစပြီး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့တာ ယနေ့အချိန်ထိပါပဲ။ U ညီမျှခြင်း U ဖြစ်တဲ့ Undetectable HIV ပိုးကောင်ရေ စစ်ဆေးမတွေ့ရှိပါက Untransmittable ပိုးကူးစက်နိုင်ခြေမရှိသလောက် နည်းသွားတယ်လို့ အဓိပ္ပာယ်ရတာကြောင့် ART ဆေးကို စနစ်တကျ နေ့စဉ်သောက်သုံးမယ်ဆိုရင် ပိုးကူးစက်နိုင်မှု မရှိသလောက်နည်းသွားပြီး သာမန်လူလို ကျန်းမာရေးလည်း ကောင်းမွန်နေမှာပါ။ ဒါပေမယ့် လိင်မှတစ်ဆင့် ကူးစက်တတ်တဲ့ အခြား ကာလသားရောဂါတွေတော့ ကူးစက် နိုင်ခြေရှိနိုင်ပါတယ်။ နှစ် ၃၀ ကာလမှာ ပထမဆယ်စုနှစ်ဆိုရင် ART ဆေးဖြင့် ကုသမှုမပေးနိုင်သေးတဲ့အတွက် ကာကွယ်မှုဆိုင်ရာ လုပ်ငန်းတွေကိုသာ အဓိကဆောင်ရွက်ရပါတယ်။ ဒုတိယဆယ်စုနှစ်အစ ၂၀၀၂-၂၀၀၃ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးက မြို့နယ်နှစ်ခုမှာ လူနာရာဂဏန်းအနည်းငယ်ကို ART ဆေးနဲ့ စတင်ကုသခဲ့ပြီးတော့ ၂၀၀၅ ခုနှစ်မှ စတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အစိုးရဆေးရုံ ဆေးခန်းတွေမှာ စတင်ကုသပေးနိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှ ယနေ့အထိ ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ ခုခံအားကျဆင်းမှုရောဂါ ကယ်ဆယ်ရေးအတွက် အမေရိကန်သမ္မတ၏ အရေးပေါ်စီမံကိန်း (President Emergency Plan for AIDS Relief (PEPFAR) အခြားနိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများရဲ့ ထောက်ပံ့မှုနဲ့ ကာကွယ်မှု၊ ကုသမှုကို ပိုပြီးလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းအောင်မြင်မှုဟာ ရန်ပုံငွေရရှိမှုနဲ့လည်း ဆက်စပ်နေပါတယ်။ ရောဂါကူးစက်မှုဟာ ၂၀၀၀ ပြည့်နှစ်မှာ အမြင့်ဆုံးကာလလို့ ဆိုရမှာပါ။ ယနေ့မှာ ART ဆေးကို ပုံမှန်သောက်သုံးခြင်းဖြင့် ပိုးကူးစက်မှုကို ထိန်းချုပ်နိုင်ပါပြီ။

**လက်တွဲခေါ်ယူ**

AIDS ရောဂါဟာ ယနေ့အချိန်ထိ ကမ္ဘာ့နိုင်ငံအများစုမှာ ကူးစက်ပြန့်ပွားမှု ရှိနေဆဲဖြစ်ပြီး ကပ်ရောဂါတစ်ခုအဖြစ် ဆက်လက်ရင်ဆိုင်နေရပါတယ်။ ၂၀၁၉ ခုနှစ်မှာ UN AIDS အဖွဲ့ရဲ့ ထုတ်ပြန်သော ကိန်းဂဏန်းအရ ကမ္ဘာတစ်ဝန်း HIV ပိုး ကူးစက်ခံရသူ ၃၈ သန်းရှိပြီးတော့ ထိုကပ်ရောဂါအစ ၁၉၈၀ ပြည့်ကာလမှ စတင်ရေတွက်မယ်ဆိုရင် ၇၆ သန်းခန့် ကူးစက်ခံရပြီး ဖြစ်ပါတယ်။ ခန့်မှန်းတွက်ချက်မှုအရ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံမှာ HIV ပိုး ကူးစက်ခံရသူ ၂၄၀၀၀၀ ခန့်ရှိခဲ့ပြီးတော့ ၂၀၁၉ ခုနှစ်ထဲတွင် အသစ်ကူးစက်ခံရမှု ၁၁၀၀၀ ခန့်ရှိခဲ့တဲ့အတွက် တစ်ရက်ကို လူ ၃၀ နှုန်း ကူးစက်ခံရတယ်လို့ ဆိုရမှာပါ။ AIDS ရောဂါ ကူးစက်ခံရသူဟာ မိသားစုရဲ့ လူမှုရေး၊ စီးပွားရေးကို ထိခိုက်နိုင်တာကြောင့် ရောဂါပိုးကို ထိန်းချုပ်နိုင်တဲ့ ဆေးဝါးများကို နိုင်ငံတော်က အခမဲ့ထောက်ပံ့နေတဲ့အတွက် သာမန်လူလို သက်တမ်းစေ့နေထိုင်နိုင်ပြီဖြစ်ပါတယ်။ သူတို့ကို ခွဲခြားဆက်ဆံမှုမပြုလုပ်ဘဲ သာမန်ပြည်သူကဲ့သို့ အတူတကွနေထိုင်မှုနဲ့ လက်တွဲခေါ်ယူဖို့ကိုလည်း တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။

**ART ဆေးသည် အရေးပါလျက်ရှိ**

ထိုရောဂါဖြစ်ပွားသော အသက်အရွယ်အများစုမှာ ၁၈ နှစ်မှ ၃၅ ကြားအလုပ်လုပ်ကိုင်နိုင်သော အရွယ်ဖြစ်သောကြောင့် ကုန်ထုတ်စွမ်းအားကို ထိခိုက်စေလျက် နိုင်ငံ၏ လူမှုစီးပွားကိုလည်း ထိခိုက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်မှ AIDS ရောဂါ ကင်းစင်ပပျောက်ရေးကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရောဂါတားဆီးထိန်းချုပ်ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ်မှစ၍ ငါးနှစ်တစ်ကြိမ် အမျိုးသားမဟာဗျူဟာကို ရေးဆွဲခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် HIV ပိုး ကူးစက်ခံရမှုကင်းဝေးသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာသည့်အထိ ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။ ထိုအခြေအနေသို့ရောက်ရှိရန် ရောဂါပိုးရှိသူအားလုံး ဆေးသောက်သုံးခြင်းဖြင့် ကူးစက်ခံရနိုင်မှုကို တားဆီးနိုင်ကာ ကူးစက်ခံရသူများ သက်တမ်းစေ့ နေထိုင်နိုင်သောကြောင့် မွေးကင်းစကလေးငယ်များနှင့် မိသားစုဝင်များ ရောဂါကူးစက်မှု ကင်းဝေးစေမည်ဖြစ်သည်။ ခုခံအားကျဆင်းမှုရောဂါ ပျောက်ကင်းစေမည့် ဆေးဝါးမရှိသေးသော်လည်း ဆက်လက်ကူးစက်မှုမရှိစေရန် ထိန်းချုပ်နိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်ရှိသော လူနာနှစ်သိန်းကျော်အတွက် ART ဆေးဝါးသည် အရေးပါလျက် ရှိရာ ထိုဆေးဝါး ဆက်လက်ရရှိမှုသည် နိုင်ငံတော်၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုပေါ်တွင် မူတည်လျက်ရှိသည်။ ထို့ကြောင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ထိန်းချုပ်ရေးအတွက် ART ဆေးကို သောက်သုံးခြင်းဖြင့် သာမန်လူကဲ့သို့ ဘဝကို သက်တမ်းစေ့ဖြတ်သန်းနိုင်မည်ဖြစ်ရာ ပျော်ရွှင်သော လူမှုဘဝပိုင်ဆိုင်စေလျက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုမှကာကွယ်နိုင်စေရန် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ထိန်းချုပ်ရေးအတွက် ART ဆေးကို သောက်သုံးကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

- **AIDS ရောဂါဟာ ယနေ့အချိန်ထိ ကမ္ဘာ့နိုင်ငံအများစုမှာ ကူးစက်ပြန့်ပွားမှု ရှိနေဆဲဖြစ်ပြီး ကပ်ရောဂါတစ်ခုအဖြစ် ဆက်လက်ရင်ဆိုင်နေရပါတယ်။ ၂၀၁၉ ခုနှစ်မှာ UNAIDS အဖွဲ့ရဲ့ ထုတ်ပြန်သော ကိန်းဂဏန်းအရ ကမ္ဘာတစ်ဝန်း HIV ပိုး ကူးစက်ခံရသူ ၃၈ သန်းရှိပြီးတော့ ထိုကပ်ရောဂါအစ ၁၉၈၀ ပြည့်ကာလမှ စတင်ရေတွက်မယ်ဆိုရင် ၇၆ သန်းခန့် ကူးစက်ခံရပြီးဖြစ်**
- **AIDS ရောဂါ ကူးစက်ခံရသူဟာ မိသားစုရဲ့ လူမှုရေး၊ စီးပွားရေးကို ထိခိုက်နိုင်တာကြောင့် ရောဂါပိုးကို ထိန်းချုပ်နိုင်တဲ့ ဆေးဝါးများကို နိုင်ငံတော်က အခမဲ့ထောက်ပံ့နေတဲ့အတွက် သာမန်လူလို သက်တမ်းစေ့နေထိုင်နိုင်ပြီဖြစ်**

# မကွေးတိုင်းဒေသကြီး ကျေးရွာများရှိ အခြေခံပြည်သူများအား ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီက စားနပ်ရိက္ခာများ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီနာယက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်နှင့် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှုန်တစ်လုံ၊ ကမ္ဘောဇဘဏ် (အထက်မြန်မာပြည်) တာဝန်ခံအုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်ထွန်းနှင့် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေး ကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များသည် ယမန်နေ့က မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရုံးဆိပ်ကြီးကျေးရွာတွင် ကျင်းပသည့် ရေနံချောင်းနှင့် ချောက်မြို့နယ် ကျေးရွာများရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ စားနပ်ရိက္ခာထုပ်များ ပြည်သူလက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ အောင်မိုးညိုက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီနာယက ဦးစိုးညွှန့်လွင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ကမ္ဘောဇဘဏ် (အထက်မြန်မာပြည်) တာဝန်ခံ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းနှင့် အဖွဲ့က ရေနံချောင်းမြို့နယ် ရုံးဆိပ်ကျေးရွာအတွက် ရန်ပုံငွေကျပ် ၁၀ သိန်းနှင့် ရွှေရောင်လက်များ ပရဟိတအဖွဲ့သို့ အလှူငွေကျပ် ၁၀ သိန်းတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် ရုံးဆိပ်ကျေးရွာ ဆရာတော် ဦးဝေပုလ္လ တို့ထံသို့လည်းကောင်း၊ ယင်းနောက် ရေနံချောင်းမြို့နယ် ရုံးဆိပ်ကျေးရွာ၊ ကြီးမြင် (တောင်) ကျေးရွာ၊ ကြီးမြင် (မြောက်) ကျေးရွာ၊ စိန်ပန်းပင်ကျေးရွာများရှိ အခြေခံပြည်သူ ၃၀၀ အား စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီဖြင့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့အပြင် အဆိုပါဒေသရှိ တောင်သူလယ်သမားဦးကြီးများ၏ ခိုင်းနွားများအတွက် လိုအပ်လျက်ရှိသည့် အစာများဝယ်ယူပို့ဆောင်ရန်အတွက် ရေနံချောင်းမြို့နယ်ရှိ ရုံးဆိပ်ကျေးရွာတွင် ငွေကျပ်သိန်း ၁၀၀၊ ပဲ၊ နှမ်းဖတ်၊ ဖွဲနုများဝယ်ယူရန်အတွက် ငွေကျပ် ၇၅၁၀၀၀၀၊ ကောင်းမွန်ကုမ္ပဏီက ကာလတန်ဖိုး ခန့်မှန်း ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ နေဗီယာမြက် ဧက ၂၀ တို့အား ပေးအပ်လှူဒါန်းသည်။

အဆိုပါ တောင်သူကြီးများ မွေးမြူထားသည့် ခိုင်းနွား အစာများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ အလယ်ပိုင်းရှိ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ် အတွင်းရှိ ကျေးရွာများသည် ရာသီဥတု ပြောင်းလဲဖြစ်စဉ်ကြောင့် မိုးခေါင်နေသည့်အတွက် တောင်သူလယ်သမားဦးကြီးများ၏ ခိုင်းနွားများ အစာရေစာလိုအပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသဖြင့် ကော်မတီက အခုလိုသွားရောက် ကူညီ၍ ထောက်ပံ့လှူဒါန်းပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသို့ ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ လှူဒါန်းထားရှိသည့် ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံတွင် ကူးစက်မြန်ရောဂါ မဖြစ်ပွားမီကာလ ဖေဖော်ဝါရီလ ၂၆ ရက်မှစတင်ကာ ယနေ့အချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ်သိန်းပေါင်း ၅၈၂၈၇ သိန်း လှူဒါန်း ထားရှိပြီးဖြစ်သည့်အပြင် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံနေထိုင်ရာဒေသများ သာမက အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လိုအပ်သည့် နေရာများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့လှူဒါန်းလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား စောင့်ကြည့်ရေး စခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများသို့ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို နေရာအရောက် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း ယင်းကော်မတီမှ သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**
**ဓာတ်ပုံ - ကိုစိုးကြီး**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က မီဒီယာများအား တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော်သတင်းမှန်ပြန်ကြားရေး အဖွဲ့မှ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်း ပြတိုက်၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ တပ်မတော်သတင်းစာ ရှင်းလင်းပွဲပြုလုပ်ပြီး သတင်းမီဒီယာ များ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက် လာကြသူများအား COVID-19 ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေး မှူးရုံးမှ တာဝန်ရှိသူများက ကိုယ်အပူချိန် တိုင်းတာခြင်းများကို ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာ အဝေးအတိုင်း နေရာယူကာ စနစ်တကျ မေးမြန်းခြင်းများကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက တပ်မတော်အနေဖြင့် လူသားချင်း စာနာထောက်ထားမှု ကူညီပေးရေးနှင့် သဘာဝဘေး အန္တရာယ် ကူညီကယ်ဆယ်ရေး (HADR – Humanitarian Assistance and Disaster Relief) လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ တပ်မတော်အနေဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာ တပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များ အပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်နိုင်စွမ်း ရှိအောင် အမြဲလေ့ကျင့်လျက်ရှိပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်အမြန်ဆုံး သွားရောက် ကူညီဆောင်ရွက်ပေး လျက်ရှိသည့် အခြေအနေ၊ တပ်မတော် အနေဖြင့် သဘာဝဘေးကာကွယ် စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ဗဟို ကော်မတီ၊ လုပ်ငန်းကော်မတီ၊ တိုင်းစစ်ဌာနချုပ်အဆင့်၊ တပ်မ အဆင့်၊ တပ်ရင်း၊ တပ်ဖွဲ့အဆင့်အထိ ကော်မတီများ ဖွဲ့စည်းပြီး ထိရောက်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် မေ ၁၀ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် ထုတ်ပြန်ပြီး နောက်ပိုင်း ဇွန် ၂၂ ရက်မှ ဇူလိုင် ၂၁ ရက်အထိ တိုင်းစစ်ဌာနချုပ် နယ်မြေ ၅ ခုအတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အခြေအနေ၊ ဇူလိုင် ၁၆ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ခန်းမဆောင်၌ တွေ့ဆုံ၍ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက် မှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ မြောက်ပိုင်း ဒေသတည်ငြိမ်အေးချမ်း ရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် သတင်းမီဒီယာ များ၏ သိရှိလိုသည့် မေးမြန်းမှုများ အပေါ် ပြန်လည်ရှင်းလင်းဖြေကြား သည်။

အဆိုပါ သတင်းမီဒီယာ တွေ့ဆုံပွဲသို့ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်း ရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ စုစုပေါင်း သတင်းဌာန ၂၂ ခုမှ သတင်းထောက် ၄၂ ဦး လာရောက်တွေ့ဆုံသတင်း ရယူခဲ့ကြကြောင်း တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်ကြီး (စိုက်ပျိုးရေး) တွင် ၄ ဒသမ ၇၈ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၉၃ လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ဘုတလင်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ဖားဆောင်းမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၀၀ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၉၀ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ချောင်းဦးမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဘုရားသုံးဆူမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၄၆ လက်မစီ၊ ခင်ဦးမြို့တွင် ၁ ဒသမ ၄၁ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် မတ္တရာ (စိုက်ပျိုးရေး) တွင် ၁ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

○ *ကျောဖုံးမှ*

ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပြီး သတင်းရယူခွင့်ရှိသည့် မီဒီယာစာရင်းကို ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်ပါသည်။ လူဦးရေ ကန့်သတ်အနေအထားကြောင့် သတင်းရယူခွင့်မရှိသည့် သတင်းမီဒီယာများ အနေဖြင့်လည်း သတင်းရရှိပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အခမ်းအနားတွင် လုပ်ဆောင်သည့် မှတ်တမ်းဓာတ်ပုံများနှင့် ရုပ်သံဗီဒီယိုများကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားရေးဝန်ကြီးဌာန၏ Website (www.moi.gov.mm, www.mdn.gov.mm, www.mrtv.gov.mm ) နှင့် Facebook Page (moiwebportalmyanmar , Myanmar Digital News, MRTV) တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

တက်ရောက်သတင်းရယူကြမည့် မီဒီယာသမားများအနေဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

- ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီထက်နောက်မကျဘဲ နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ ရောက်ရှိ သတင်းပို့ရပါမည်။
- စည်ပင်ဧည့်ရိပ်သာတွင် သတ်မှတ်ထားသည့်အဆောင်များ၌ တစ်ယောက်တစ်ခန်းနှုန်းဖြင့် တည်းခိုပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ နေထိုင်ရပါမည်။
- စည်ပင်ဧည့်ရိပ်သာတွင် နေထိုင်စဉ်အတွင်း တည်းခိုနေထိုင်စားသောက်စရိတ်ကို မိမိအစီအစဉ်ဖြင့် ကျခံဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ (သက်သာသောနှုန်းထား ဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။)
- သတ်မှတ်သည့်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရမှု ရှိ/မရှိ Swab နမူနာ ရယူစစ်ဆေးခြင်းကို အခမဲ့ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
- ကိုဗစ်-၁၉ ကူးစက်မှု ရှိ/မရှိ စစ်ဆေးပြီးနောက် ရောဂါပိုးတွေ့ရှိရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ထုတ်ပေးမည့် သတင်းမီဒီယာအသိအမှတ်ပြုကတ်ပြားသည် ညီလာခံကာလအတွင်း MICC(1)နှင့် MICC(2) ရှိ သတ်မှတ်သည့်နေရာများတွင်သာ သတင်းရယူခွင့်ရရှိမည်ဖြစ်ပြီး ညီလာခံ တက်ရောက်သူများ တည်းခိုနေထိုင်သည့်နေရာများအပါအဝင် ကန့်သတ်ထားသည့်နေရာများတွင် သတင်းရယူခွင့်ပြုမည် မဟုတ်ပါ။
- ဖွင့်ပွဲနှင့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားများတွင် သတ်မှတ်နေရာများမှ သတင်းရယူနိုင်ပြီး ကျန်အချိန်များတွင် Media booth ၊ Media Center များ၌သာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ညနေပိုင်းများတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးမည် ဖြစ်ပါသည်။
- ညီလာခံဖွင့်ပွဲအခမ်းအနားအပြီး အစုအဖွဲ့အလိုက် အမှတ်တရဓာတ်ပုံရိုက်ကူးမှုကို နေရာကန့်သတ်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး Website (www.moi.gov.mm, www.mdn.gov.mm, www.mrtv.gov.mm )နှင့် Facebook Page (moiwebportalmyanmar , Myanmar Digital News, MRTV) များမှ အချိန်မီ ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။
- ညီလာခံအစည်းအဝေးများ ကျင်းပနေစဉ်ကာလအတွင်း စည်ပင်ဧည့်ရိပ်သာမှ အခမ်းအနား ကျင်းပမည့် နေရာသို့ အသွားအပြန် ကြို/ပို့ယာဉ်၊ နေ့လယ်စာ စီစဉ်ပေးမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ နှာခေါင်းစည်း၊ လက်အိတ်များနှင့် လက်သန့်ဆေးရည်များကို စီစဉ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၃၄၁၂၁၂၅ နှင့် ၀၆၇-၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အကယ်ဒမီ မေလွင် (အေဝမ်း) နှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**မြန်မာ့ရုပ်ရှင်စကားဝိုင်း (တွေ့ဆုံသည့်နေ့ – ၁၁. ၈. ၂၀၀၉) (အထူးတောင်းပန် မေတ္တာရပ်ခံချက် – ဒေါ်မေလွင်နှင့် တွေ့ဆုံ စကားပြောပြစဉ်က အေဝမ်း (မေ) အုပ်စုမှ မေမြင့်ရီနှင့် မေသဇင်တို့ သက်ရှိထင်ရှား ရှိနေကြောင်း မသိရှိရသည့်အတွက် "မေလွင် ကို "မေ" အုပ်စု၏ နောက်ဆုံး တစ်ဦးတည်း ကျန်ရစ်သူအဖြစ် ပြောဆိုခဲ့ခြင်းအပေါ် အထူးမေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။ နောက်ပိုင်းတွင် "မေမြင့်ရီ" နှင့် "မေသဇင်" တို့ကို ရှာဖွေတွေ့ရှိပြီး ၎င်းတို့နှစ်ဦးစလုံး ယနေ့တိုင် ရုပ်ရှင်သက်ကြီး အကန်တော့ခံများအဖြစ် ရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။)**

"မေ" ဆိုတာဟာ ချစ်စဖွယ်ကောင်းသော မိန်းကလေးဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။

ဒီချစ်စဖွယ်ကောင်းသော မိန်းကလေးတွေဟာ ပန်းများလိုပဲ ကြွေကြွေသွားကြတာက နောက်ဆုံးကျန်ရစ်ခဲ့တဲ့ ပန်းကလေးတစ်ပွင့်နဲ့ ဒီ ရုပ်ရှင်စကားဝိုင်းကို ပြောဆိုဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီ "မေ" ဆိုတဲ့ ပန်းပွင့်ကလေးကတော့ "မေလွင်" ဖြစ်ပါတယ်။

**ကြည်စိုးထွန်း။** ။ အခု "မေလွင်" နဲ့ ကျွန်တော် ရုပ်ရှင်စကားဝိုင်းကို စပါတော့မယ်။ အစ်မရေ မင်္ဂလာပါ။

**ဒေါ်မေလွင်။** ။ မင်္ဂလာပါ။

**ကြည်စိုးထွန်း။** ။ နေကောင်းတယ်နော် အစ်မ ။

**ဒေါ်မေလွင် ။** ။ ကောင်းပါတယ်။

**ကြည်စိုးထွန်း။** ။ အရင်အပတ်ကလည်း "မေ" တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ပြောခဲ့ပြီးပြီပေါ့နော်။ ပြောခဲ့တဲ့အခါကျတော့ ကျွန်တော်တို့ ငယ်ငယ်ကတည်းက တရှိုက်မက်မက်ပေါ့လေ။ အင်မတန် ချစ်ရခင်ရအားပေးရတဲ့ မင်းသမီးတွေထဲက အစ်မ ကျန်ရစ်ခဲ့တာကို အင်မတန်လည်း ဝမ်းသာပါတယ်။ တစ်လောကမှ ကျွန်တော်တို့ "မေ" ထဲက ဒေါ်မေရှင်ရယ်။ ဒေါ်မေနွဲ့ရယ်နော်၊ ကြွေသွားကြပြီ၊ လွမ်းစရာလည်းကောင်း၊ တမ်းတစရာလည်းကောင်း၊ ဘာပဲဖြစ်ဖြစ် အစ်မ တစ်ယောက် ကျန်ရစ်နေတာတော့ ကျွန်တော်တို့အတွက်တော့ "မေ" အလွမ်းပြေ ကြည့်ရတာပေါ့ အစ်မရယ်၊ ဟုတ်ကဲ့ အစ်မ အခုအသက်ဘယ်လောက် ရပါပြီလဲခင်ဗျာ။

**ဒေါ်မေလွင်။** ။ ၉၃ ခု ဖွားဆိုတော့ ၇၈ နှစ် တင်းတင်း ပြည့်ခဲ့ပါပြီ။ ၇၉ ထဲကို စဝင်ပါပြီ။

**ကြည်စိုးထွန်း။** ။ ဒီလထဲမှာပဲလား။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ရှင့်။

**ကြည်စိုးထွန်း။** ။ ဩော် တိုက်တိုက်ဆိုင်ဆိုင် အစ်မရယ်နော်။ ၁၂၉၃ ဆိုတော့ ၁၃၀၀ ဆိုတော့ ၇ နှစ် ဟုတ်တာပေါ့ အစ်မရယ်။

**ဒေါ်မေလွင်။** ။ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက် လပြည့်နေ့ကမှ ပြည့်ခဲ့ပါတယ် ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။ ဩော် အစ်မက ဝါခေါင်လပြည့်ဖွား။

**ဒေါ်မေလွင်။** ။ လပြည့်ကျော်တစ်ရက်နေ့ဖွားပါ ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။ ဒါဆို မေတ္တာ အခါတော်နေ့ခေါ်တာပေါ့။ ကောင်းလိုက်တာ အစ်မရယ်။ အစ်မကို စပြီးတော့ ကျွန်တော် သတိထားမိတဲ့ ကားပေါ့နော်။ သတိထားမိတဲ့ကားက "ဂုဏ်ရည်မတူ" ထင်တယ် အစ်မရဲ့။ ကျွန်တော်တို့ ကလေးဘဝကနော်၊ အဲဒါ အစ်မ စပါတာထင်တယ်။ အဲဒီတော့ အစ်မ ရုပ်ရှင်ထဲကို ဘယ်လိုနည်းနဲ့ ရောက်တယ်ဆိုတာ သိချင်ပါတယ် အစ်မရယ်။



အမည် - မတင်အေး
ကွယ်လွန်သည့်နေ့ - ၁၄. ၈. ၃၁ - ၂၇. ၅. ၁၃
အနုပညာအမည် - မေလွင်
တာဝန်ယူခဲ့သော - အေဝမ်း 'မေ' အုပ်စု သရုပ်ဆောင်
အနုပညာလုပ်ငန်းများ - တေးဆို



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ဒေါ်မေလွင်။** ။ ရုပ်ရှင်ထဲကို ရောက်တာတော့ အစ်မရဲ့ အဖေက ဦးတင်မောင်နဲ့ သူငယ်ချင်းဆိုတော့ သူက သူ့ သူငယ်ချင်းကို အပ်တာပါ။ အပ်ပြီးတော့ မကြာခင်မှာပဲ ဖေဖေက ဆုံးသွားတယ်။ ဆုံးသွားတော့ ဦးတင်မောင်က ဆက်ပြီး အဖေနေရာမှာ စောင့်ရှောက်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဩော် ဟုတ်ကဲ့ အစ်မ။

**ဒေါ်မေလွင်။** ။ ဦးတင်မောင် ပျိုးထောင်လို့ ဒီဘဝ ရောက်ခဲ့တာပါ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မ ကျွန်တော် ဖတ်ဖူးခဲ့တယ်။ အစ်မတို့ အဖေက မီးရထားဝန်ထောက်လားမသိဘူး။

**ဒေါ်မေလွင်။** ။ ဟုတ်ပါတယ်။ မီးရထား အရာရှိပါ။

**ကြည်စိုးထွန်း။** ။ ဒါကတော့လေ အေဝမ်းခြံက ကျွန်တော့်ရဲ့ သူငယ်ချင်း မိတ်ဆွေတွေလို ဖြစ်နေတဲ့ ကိုမြင့်တို့၊ ကိုသိန်းတို့ ပြောပြတဲ့အခါကျတော့ သူတို့ အဖေက ဦးလှဘူး။ ဦးလှဘူးနဲ့ အစ်မတို့ အဖေတွေကလည်း ကျောင်းနေဖက်တွေ ။

**ကြည်စိုးထွန်း။** ။ နောက်တစ်ခါ လူထုဦးလှ။ လူထု ဦးလှလည်း ကျောင်းနေဖက်တွေ ပါပဲနော်။ နောက်တစ်ခါ ဦးတင်မောင်ကလည်း ကျောင်းနေဖက်၊ နောက် ဦးအေးကြူခေါ်တဲ့။

**ဒေါ်မေလွင်။** ။ မင်းသား ဦးအေးကြူ။

**ကြည်စိုးထွန်း။** ။ မင်းသားဦးအေးကြူလေ။ အဲဒါက ကိုသန်းတို့၊ ကိုသိန်းတို့ရဲ့ ဦးလေး ဖြစ်သွားတာပေါ့။ နောက်တစ်ယောက်ရှိသေးတယ် အစ်မ။ ဒဂုန်မြတ်လေးနွယ်ဆိုတာ။



ဒါရိုက်တာကြည်စိုးထွန်းနှင့် အကယ်ဒမီ မေလွင်။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့ အဲဒါက အစ်ကို အကြီးဆုံးပါ။ ကိုအေးကြူရဲ့ အစ်ကို အကြီးဆုံးပါ။

**ကြည်စိုးထွန်း။** ။ အဲဒီ ညီအစ်ကိုတွေရော၊ အစ်မတို့ အဖေရော၊ ဦးတင်မောင်ရော။ နောက်တစ်ယောက်ပါသေးတယ်။ နောက်တစ်ယောက်ကတော့ နည်းနည်းဂျူနီယာကျမယ်ထင်တယ်။

**ဒေါ်မေလွင်။** ။ ဦးလေး ကိုလှဖေလေ။

**ကြည်စိုးထွန်း။** ။ အဲ – ပြည်လှဖေလည်း ပါတယ်။ အဲဒါ သူတို့က ဘောလုံးအဖွဲ့ ဖွဲ့ပြီးတော့ ဂိုးစောင့်တာက ဘယ်သူလဲ အစ်မ။ အဲဒီမှာ ဂိုးဖမ်းကောင်းတယ် ပြောတာ ဘယ်သူလဲ မသိဘူး။

**ဒေါ်မေလွင်။** ။ ကိုအေးကြူလည်း ဂိုးဖမ်းတာ ကောင်းပါတယ်။

**ကြည်စိုးထွန်း။** ။ မင်းသားကြီး ဦးအေးကြူ ပေါ့နော်။ အခုတော့ ဆုံးသွားပါပြီ။ သူက ဂိုးဖမ်းတယ်။ ကျန်တဲ့ဟာက အစ်မတို့အဖေရယ်။

**ဒေါ်မေလွင် ။** ။ အဖေကတော့ ဘောလုံးသမားပေါ့။

**ကြည်စိုးထွန်း။** ။ ဘယ်ကျောင်း မှာလဲ အစ်မ။

**ဒေါ်မေလွင်။** ။ ဟိုက်စကူး ကျောင်းမှာပါပဲ။ ဟိုးအရင် အစကတည်းက အင်္ဂလိပ်လက်ထက်ကတည်းက ပါပဲ။ နာမည်ကြီးတဲ့ ဟိုက်စကူးကျောင်းသားတွေပါ သူတို့က။

**ကြည်စိုးထွန်း။** ။ တကယ့် Teenage ပေါ့နော်။ Teenage လောက်မှာ ခင်လာတဲ့ သူငယ်ချင်းတွေဆိုတော့ အဲဒီမှာတင် အေဝမ်းဦးတင်မောင်ကို အစ်မတို့အဖေ၊ အစ်မတို့အဖေ နာမည်က –

**ဒေါ်မေလွင်။** ။ ဦးငွေကိုင်

**ကြည်စိုးထွန်း။** ။ ဦးငွေကိုင် ကနေပြီးတော့ ငါ့သမီးလေးတော့ မင်းကြည့်ရှုစောင့်ရှောက်ပါ ဆိုပြီးတော့ အပ်လိုက်တာပေါ့နော်။ အဲဒီတော့ အစ်မက ဒီအေဝမ်းခြံထဲ ရောက်လာရတာပေါ့။

**ဒေါ်မေလွင်။** ။ ဖေဖေ ဆုံးတော့ ဦးလေးဦးတင်မောင်က အေဝမ်းခြံထဲမှာခေါ်ပြီး စောင့်ရှောက်ပါတယ်။ တစ်ခါတည်း လခစားအဖြစ်ထားပြီးတော့ သမီးတစ်ယောက်လို စောင့်ရှောက်ပါတယ်။

**ကြည်စိုးထွန်း။** ။ ကောင်းလိုက်တာအစ်မရယ်။ သူငယ်ချင်းတွေနော်၊ ငယ်ငယ်က သူငယ်ချင်းအချင်းချင်း ချစ်တဲ့အချစ်က ဩော် သူ့သားသမီး ငါစောင့်ရှောက်ရမှာပါလားဆိုတဲ့ အသိပေါ့နော်၊ မြန်မာလူမျိုးတွေရဲ့ တစ်ဦးနဲ့တစ်ဦး စောင့်ရှောက်တတ်တဲ့ စိတ်ကလေးကတော့ တကယ်ကြည်နူးစရာ ကောင်းတာပေါ့နော်။ ဦးတင်မောင်နဲ့ အစ်မတို့ အဖေနဲ့ သူငယ်ချင်းအချင်းချင်းကနေပြီးတော့ သမီးကလေးက အဖေဆုံးတာနဲ့ ကိုယ့်ဆီ ရောက်လာတဲ့အခါ ကိုယ်ကလည်း ကိုယ့်သမီးလေးလို သဘောထားပြီးတော့ လခစားပေး၊ ဦးတင်မောင်ကလည်း ရုပ်ရှင်က ဝါသနာပါပြီး ရုပ်ရှင်ပဲ လုပ်တတ်တဲ့ အခါကျတော့ ဒီကလေးမလေးကို ရုပ်ရှင်ထဲ ထည့်လိုက်တာပေါ့။

**ဒေါ်မေလွင်။** ။ ဒီပညာပဲ သင်ပေးပါတယ်။ ကားရိုက်တဲ့အခါလည်း အထူးအထူးကို သင်ပြပါတယ်။ သူ ကိုယ်တိုင်ကို အမူအရာတွေ လုပ်ပြပြီးတော့ကို သင်ပေးပါတယ်။ မငွေးကလည်း ကြိုးကြိုးစားစားကို သူသင်ပေးတဲ့အတိုင်း လိုက်လုပ်လို့လည်း ဒီလို ထူးထူးချွန်ချွန် ဖြစ်တယ်လို့ ထင်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ် ဆရာကြီးကလည်း ကျွန်တော်ကြားသလောက်ပေါ့။ ဦးတင်မောင်ဟာ တပည့်သားမြေးအပေါ်မှာလည်း တကယ့် ကိုယ့်မိသားစုလို စောင့်ရှောက်တယ်။ ဆက်ဆံတယ်ဆိုတာ၊ ဦးဖိုးထောင်လေ၊ ဦးဖိုးထောင် ပြောပြောပြတယ်။

**ကြည်စိုးထွန်း။** ။ သူကတော့ အာစရိလို့ ခေါ်တယ်၊ ဒါပေမယ့် သူ့ငွေးနဲ့ တပည့်တို့ မဟုတ်ဘဲနဲ့ တစ်ခါ

*စာမျက်နှာ ၉ သို့*



ယခု– မေမြင့်ရီ၊ မေသဇင်၊ ကြည်စိုးထွန်း။



ယခင်– မေသဇင်



ယခင်– မေမြင့်ရီ



ဒေါ်မေရှင်



ဒေါ်မေနွဲ့



ဒေါ်မေသစ်



ဦးအောင်မြတ် (ခ) လူရွှင်တော် မြတ်သာနှင့် မေလွင်

*စာမျက်နှာ ၈ မှ*

တည်း မိသားစုလို ဆက်ဆံတယ်၊ သူတို့ကလည်း တစ်ခါတလေကျတော့ အစ်ကိုကြီးလို ဆိုးကြနွဲ့ကြတာမျိုးတွေလည်း ရှိတယ်လို့ ကျွန်တော်က ကြားဖူးတယ်။ အဲဒီတော့ ဦးတင်မောင်ရဲ့ စိတ်ထားပြည့်ဝမှုကတော့ ကျွန်တော်တို့က ကြားဖူးနေတာဆိုတော့ ဦးတင်မောင်လို သူတော်ကောင်းဆီကို အစ်မရောက်ခဲ့တာလည်း တကယ်ဝမ်းသာစရာကောင်းပါတယ်။

**ဒေါ်မေလွင်။** ။ တကယ့်ကျေးဇူးရှင်ကြီးပါ။

**ကြည်စိုးထွန်း။** ။ ပရိသတ် အနေနဲ့ကလည်း "မေ" မင်းသမီးသစ်ကလေးတစ်ယောက်ကိုတော့ ကြည့်ခဲ့ကြရတာပေါ့နော်။ အဲဒီတော့ ကျွန်တော် သတိထားမိတာကတော့ အစ်မရေ "ဂုဏ်ရည်မတူ" ပေါ့။ "ဂုဏ်ရည်မတူ" မှာ အစ်မက "ဖာတစ်လုံး ဦးခင်မောင်" ပေါ့နော်။ မင်းသား ခင်မောင်ရဲ့ နှမ။

**ကြည်စိုးထွန်း။** ။ အဲဒီမှာ ကျွန်တော် သတိထား မိတာက "စိန်စိန်" ဆိုတာ တစ်ယောက် ရှိသေးတယ်။ "စိန်စိန်" ရယ်၊ နောက်တစ်ခါ "ဦးဘသစ်"၊ "ဦးဘသစ်" ကလည်း ရုပ်ရှင်ဝါသနာကြီးတယ်။

**ကြည်စိုးထွန်း။** ။ ပန်းချီလည်း ဆွဲတယ်။ မိတ်ကပ် လည်းကောင်းတယ်။ သူ့သားတွေပေါ့။ ကိုအောင်သန်းတို့၊ ကိုဋ္ဌေးသစ်တို့ ကိုဋ္ဌေးသစ်ကတော့ ဒီမှာ မရှိတော့ပါဘူး။ ပြည်ပရောက်နေပြီ။ သူတို့ဆိုရင်လည်း အဖေ့အမွေကို ဆက်ခံနိုင်ကြတာပေါ့နော်။ ကိုအောင်သန်းဆို အခုထိ မိတ်ကပ်လုပ်နေတာ။

**ကြည်စိုးထွန်း။** ။ အဲဒီမှာ ဦးဘသစ်လည်း ကျွန်တော် တွေ့တယ်။ ဦးသုခတို့၊ ဦးခင်မောင်တို့၊ ဒေါ်မေသစ်တို့က တော့ ဒါ Main Actor တွေပေါ့။ အစ်မ အဲဒီမှာ စပါရတော့ အစ်မ ဘယ်နှယ့်နေလဲ အမူအရာ လုပ်ရတာ။

**ဒေါ်မေလွင်။** ။ ဒါလည်း ဦးတင်မောင် တို့၊ ဦးသုခတို့ရဲ့ ကျေးဇူးပါပဲ။ ဦးသုခက တော်တော်လေးကို သင်ပြပါတယ်။ ဦးတင်မောင်ရော ဦးသုခရော နှစ်ယောက်လုံး မင်းသား၊ ကိုခင်မောင်ကြီး ကလည်း သင်ပါတယ်။ မမသစ်တို့ကလည်း သင်ပါတယ်။ သူတို့က ဝိုင်းဝန်းပြီးလုပ်လို့ မဋ္ဌေးလည်း တော်တော်လေးကို အဆင်ပြေသွားပါတယ်။

**ကြည်စိုးထွန်း။** ။ သိသာတယ်နော်။ အဲဒီမှာကို မေလွင်ဆိုတာ သိသွားတယ် အစ်မရဲ့၊ အမှန်ကတော့ အစ်မ နာမည်က

**ဒေါ်မေလွင်။** ။ မာမာဆွေ အဲဒီထဲမှာ

**ကြည်စိုးထွန်း။** ။ ဒါပေမယ့် အစ်မရဲ့ နာမည် အရင်းက "မေလွင်" မဟုတ်ပါဘူး။

**ဒေါ်မေလွင်။** ။ မတင်အေး

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့အစ်မ။ နောက် တစ်ကား ကျတော့ အစ်မ ဘာကားရိုက်ရပါလဲ။

**ဒေါ်မေလွင်။** ။ အဲဒါပြီးတော့ ရာဇဝင် ကား။ ကိုအေးကြူနဲ့ မင်းသမီး ငါးယောက်နဲ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မ။ မှတ်မိပြီ။

**ဒေါ်မေလွင်။** ။ သံ စုံ သွင်း ကား "ဘုမသိ ဘမသိ" လူရွှင်တော် ဒါရိုက်တာ ဦးအောင်မြတ်။

**ကြည်စိုးထွန်း။** ။ ဦးအောင်မြတ်က ဖိုက်တင်တွေ ဘာတွေမှာ ဆရာရွှေပြီးရင် ဦးအောင်မြတ်က ဖိုက်တင် ဒါရိုက်တာပေါ့၊ ဒုတိယဖိုက်တင် ဒါရိုက်တာပေါ့။ ဒါပေမယ့် သူက မြတ်သာဆိုပြီးတော့ လူရွှင်တော်လုပ်တော့ ဟာသလည်း သူက ပိုင်တယ်နဲ့ တူပါတယ်။

**ဒေါ်မေလွင်။** ။ "မေ"မင်းသမီးငါးယောက်နဲ့ အဲဒီမှာ။

**ကြည်စိုးထွန်း။** ။ ပြောပါဦး အစ်မရယ်၊ အဲဒါ ဘယ်သူတွေလဲ။

**ဒေါ်မေလွင်။** ။ ဒေါ်မေသစ်ရယ်၊ ဒေါ်မေဆန်း၊ ဒေါ်မေမြ၊ ဒေါ်မေနွဲ့။

**ကြည်စိုးထွန်း။** ။ အဲ အစ်မ မေလွင် "မေ" ငါးယောက်ပေါ့။ ပျော်စရာကြီးနေမှာပေါ့ ရိုက်ရတာ။

**ဒေါ်မေလွင်။** ။ ရာဇဝင်ကား တော်တော်လည်း ရယ်ရပါတယ် "ဘုမသိဘမသိ" ဆိုတဲ့ကား။

**ကြည်စိုးထွန်း။** ။ ကျွန်တော် သိတာတော့ အမျိုးသမီး နာမည်က "ဘု" ထင်တယ်။

**ဒေါ်မေလွင်။** ။ ဟုတ်ကဲ့။ မမသစ်က "ဘု" လုပ်ပါတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။ "ဘု" သိလား ဆိုတော့ "ဘု" ကလည်း မသိဘူး။ အဘရော သိလားဆိုတော့ အဘကလည်း မသိဘူးဆိုတဲ့ ကားနော်။

**ဒေါ်မေလွင်။** ။ ဦးသာဂေါင်ကြီးက "ဘ" လုပ်တာကိုး။

**ကြည်စိုးထွန်း။** ။ ဦးသာဂေါင်ကြီး ကလည်း ရုပ်ရှင်ကင်မရာမန်းကြီးသာ ပြောတာ လူရွှင်တော်နေရာမှာ တအား အောင်မြင်တာပဲနော် အစ်မ၊ အစ်မတို့ ကျွန်တော် စဉ်းစားကြည့်တယ်။ အဲဒီခေတ်ကဆိုရင် တစ်ယောက်နဲ့ တစ်ယောက်ကလည်း တအားရင်းနှီးပြီးတော့ မိသားစုလို ဖြစ်ပြီးတော့ မင်းပါဦးကွာ ဆိုရင်လည်း ဝင်ပါကြတယ်လေ၊ ကျွန်တော် သတိထားမိတာ အစ်မတို့ ကားတစ်ကားထဲမှာဆိုရင် အကယ်ဒမီရသွားတဲ့ ကင်မရာမင်း ဦးချစ်ဖွယ်၊ သူက အစ်မတို့ကားထဲမှာ ဝင်ပြီးတော့ သရုပ်ဆောင်တာလည်း ကျွန်တော်တို့ တွေ့ဖူးတယ်နော်။

**ဒေါ်မေလွင်။** ။ လုပ်ပါတယ်။ ရာဇဝင်ဆိုလည်း သိကြားမင်းကြီးတွေ ဘာတွေ ဝင်လုပ်တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့အစ်မ "ဘုမသိ ဘမသိ" ပြီးတော့

**ဒေါ်မေလွင်။** ။ "ချစ်မေမေ" စရိုက်တယ်။ ဦးချင်းစိန် ဒါရိုက်တာ ရွှေညာမောင်ပေါ့။ ဦးချင်းစိန်ရယ်၊ အမေနွဲ့ရယ်၊ ဦးသိန်းဇော်ရယ်၊ မဋ္ဌေးရယ်။

**ကြည်စိုးထွန်း။** ။ အဲဒီကျတော့ အစ်မ ဦးသိန်းဇော်နဲ့ အိမ်ထောင်ကျပြီလား။

**ဒေါ်မေလွင်။** ။ မကျသေးပါဘူး။

**ကြည်စိုးထွန်း။** ။ ဩော် မကျသေးဘူး။ အဲဒီမှာတော့ တွေ့တွေ့နေကြပြီပေါ့။ သံယောဇဉ်တွေ ဖြစ်လာကြပြီပေါ့နော်။ အဲဒါပြီးတော့။

**ဒေါ်မေလွင်။** ။ အဲဒါပြီးတော့ "ချစ်တေးသံ" ဆက်ပြီးတော့ ရိုက်ပါတယ်။

**ကြည်စိုးထွန်း။** ။ "ချစ်တေးသံ" က ဘယ်သူလဲ မသိဘူး အစ်မ။

**ဒေါ်မေလွင်။** ။ "ချစ်တေးသံ" လည်း ဒေါ်မေမြရယ်၊ ဦးသိန်းဇော်ရယ်၊ မဋ္ဌေးရယ်ပါ။

**ကြည်စိုးထွန်း။** ။ အဲဒီမှာကရော ပေါ့ပေါ့ ပါးပါး ကားလေးပဲလား။

**ဒေါ်မေလွင်။** ။ မဋ္ဌေး မြင်းလှည်းတွေ ဘာတွေ မောင်းရတယ် အဲဒီမှာ၊ မြင်းလှည်းမောင်းသမားလေ။

**ကြည်စိုးထွန်း။** ။ မြင်းလှည်းမောင်း သမား လေဆိုတော့ အဲဒါ။

**ဒေါ်မေလွင်။** ။ ဘောင်းဘီ ဝတ်ပြီး မြင်းလှည်း မောင်းရတယ်၊

**ကြည်စိုးထွန်း။** ။ ယောကျ်ားစိတ် ပေါက်တာလား။

**ဒေါ်မေလွင်။** ။ ယောကျ်ားစိတ်ပေါက်တာ မဟုတ်ပါဘူး။ မြင်းလှည်းမောင်းတဲ့ အဖေက နေမကောင်းတော့ ယောကျ်ားလေးလို ဝတ်ခိုင်းပြီးတော့ မြင်းလှည်းမောင်းခိုင်းပါတယ်။ ဦးချင်းစိန်က အဖေကိုး ။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ ကိုသိန်းဇော်က၊

**ဒေါ်မေလွင်။** ။ ကိုသိန်းဇော်ကရန်ကုန်ကနေ ပညာသင်ပြီး ပြန်လာရင်းက တွေ့ကြတာပါ၊ ဒေါ်မေမြလည်း ပါပါတယ်။

**ကြည်စိုးထွန်း။** ။ ဒေါ်မေမြက ဘယ်နေရာကလဲ၊

**ဒေါ်မေလွင်။** ။ ဒေါ်မေမြက သူဋ္ဌေးသမီး၊ သူနဲ့ သဘောတူထားတာ။

**ကြည်စိုးထွန်း။** ။ ဩော် အဲဒီလို ဇာတ် လမ်း လေး လုပ်ထားတာပေါ့။ ဦးချင်းစိန်ကလည်း သူ့နေရာ သူတော့ရအောင် ယူမှာပေါ့နော်။

**ဒေါ်မေလွင်။** ။ ဦးချင်းစိန် ကတော့ အိုက်တင် အတော်ကောင်းတာပဲ။

**ကြည်စိုးထွန်း။** ။ အစ်မကလည်း ဦးချင်း စိန် အကြောင်းကို အစ်မ သိလား။ ကျွန်တော်တို့ ပထမဆုံး ကားတစ်ကားမှာ ဆရာရွှေကနေပြီးတော့ သူ့ကို အရိုက်ခိုင်းတာ၊ ဒီတက္ကသိုလ်ကျောင်းသားလေးကိုတော့ကွာ ဒီကောင် ဘယ်လောက် ရုပ်ရှင်ဝါသနာပါလဲ သိရအောင်ဆိုပြီးတော့ သူ့ကိုသားရေပြားနဲ့လား မသိဘူး ရိုက်ခိုင်းတာ အစ်မ ရဲ့၊ သုံးလေးရက်လောက် မထနိုင်ဘူးပြောတယ်။ ထနိုင်တဲ့နေ့ကို စတူဒီယိုရောက်လာတာတဲ့၊ ရောက်လာတဲ့အခါကျမှ ဆရာရွှေကဟာ ဒီကောင် တကယ်ဓါတ်ရှိတဲ့ကောင်ဆိုပြီးတော့ အဲဒီမှာ သူ့ကို လက်စွဲဖြစ်သွားတာတဲ့ အစ်မရဲ့။ ဦးချင်းစိန်က အဲဒီလောက်ထိကို ဝါသနာပါတာ သူက၊ အဲဒီလို ကြားဖူးတာပေါ့ အစ်မရယ်။

**ဒေါ်မေလွင်။** ။ သင်လည်း အတော်ကို သင်တာပဲ။ မောင်မြင့်အောင်တို့ မင်းသားဖြစ်ခါစကဆိုရင် အတော်ကို ကြိုးကြိုးစားစားကို သင်တယ်၊ ခြောက်တစ်လှည့်၊ ချော့တစ်လှည့်နဲ့ကို သင်တာ တစ်ခါတည်း။

**ကြည်စိုးထွန်း။** ။ ဟိုတုန်းက အေဝမ်းက ဒါရိုက်တာကြီးတွေကနော် အမူအရာကို လုပ်ပြရတာ။

*ဆက်လက်ဖော်ပြပါမည်*







ဘုမသိ ဘမသိနှင့် ဂုဏ်ရည်မတူ ရုပ်ရှင်ဇာတ်ကား ကြော်ငြာ

# မြို့နယ်များ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ(ပထမအကြိမ်) ထုတ်ပြန်ကြေညာ

**တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် (ပထမအကြိမ်) ကြေညာထားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကြေညာထားမည်ဖြစ်ပြီး မဲစာရင်းများကို ပြည်သူများ လာရောက်ကြည့်ရှုကြရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအလိုက် တိုက်တွန်းနှိုးဆော်မှုများ မြို့နယ်များတွင် ဆောင်ရွက်နေမှုများကို စုစည်းဖော်ပြအပ်ပါသည်။**

### ကွန်ဟိန်း

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သိရသည်။

ယင်းသို့ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာရာတွင် ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည် မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကြိုတင်ထုတ်ပေးထားပြီးဖြစ်ရာ အခမဲ့ထုတ်ယူ၍ လျှောက်ထားနိုင်ပြီး မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာရာသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာများရှိ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုများကို ကွင်းဆင်းကြီးကြပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကွန်ဟိန်းမြို့၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုအား ပြည်သူများ ကြည့်ရှုကြစဉ်။

### သီပေါ

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၇ အုပ်စုရှိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၁၁၄ ရုံးတွင် ၂၀၂၀ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစတင်၍ ပထမအကြိမ် ကြေညာထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများတွင် နာမည်မပါခြင်း၊ မှားယွင်းနေသည့် အချက်များကို ပြင်ဆင်ခြင်းနှင့် မပါဝင်သင့်သူများကို ပယ်ဖျက်ခြင်း စသည့်လုပ်ငန်းစဉ်များကို မဲစာရင်းပြင်ဆင်ခြင်း ပုံစံ (၃)၊ (၄) နှင့် (၄-က) တို့ဖြင့် လာရောက်ပြင်ဆင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းပါရှိသူများသာ မဲပေးခွင့်ရရှိမည်ဖြစ်သဖြင့် မဲစာရင်းများကို လာရောက်ကြည့်ရှုရန်နှင့် မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်လျက်ရှိပြီး မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ အုပ်စု ၁၁၄ တို့၌ မဲရုံပေါင်း ၁၁၄ ရုံ ဖွင့်လှစ်ဆောင်ရွက်ရန် စီစဉ်ထားရှိကာ လတ်တလောစာရင်းများ ကောက်ယူရရှိချက်အရ အသက် ၁၈ နှစ်နှင့်အထက် ၁၄၀၀၀၀ ကျော်၊ ၁၀ နှစ်အောက် ၅၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### ကျွန်းစု

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ဇူလိုင် ၂၅ ရက်က ကပ်ထား ကြေညာထားရှိမှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ခြူး မျက်ချယ်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် မြို့ပေါ်ရှိ ရပ်ကွက် လေးရပ်ကွက်နှင့် ကတ္တလူကျေးရွာအုပ်စုအတွင်းရှိ ကတ္တလူကျေးရွာ၊ ထိန်ချောင်းကျေးရွာ၊ ကပကျေးရွာအုပ်စု အတွင်းရှိ မရမ်းချောင်းကျေးရွာ၊ ကတန်ကျေးရွာနှင့် ကပကျေးရွာများသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်အတွင်းမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများအား ပထမအကြိမ်အဖြစ် သက်ဆိုင်ရာ ရပ်ကွက်/ကျေးအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် မဲရုံတည်ရှိရာ ကျေးရွာများ၌ ကပ်ထား ကြေညာထားရှိခဲ့မှု အခြေအနေများ၊ ရပ်ကွက်/ကျေးအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ မဲစာရင်း၌ မဲဆန္ဒရှင်များ၏ အမည်စာရင်း မပါရှိခြင်းနှင့် အချက်အလက်ဆိုင်ရာများ မှားယွင်းနေပါက ပြင်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာပုံစံများနှင့်အညီ စနစ်တကျလျှောက်ထားစေရန်၊ အဆိုပါ ကိစ္စရပ်များအား မဲစာရင်းစတင်ကပ်ထားသည့် နေ့ရက်မှစတင်၍ ၁၄ ရက် အတွင်း အပြီးသတ်ဆောင်ရွက်သွားရန်၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

### တာလေ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးကြမည့် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ အမည်စာရင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုအသီးသီးရှိ သတ်မှတ်နေရာများတွင် ကြေညာထားကြောင်း သိရသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အမည်စာရင်းများ ကြေညာခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းကစတင်ပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအသီးသီးရှိ သတ်မှတ်နေရာများတွင် ၁၄ ရက်ကြာ ကြေညာပေးသွားမည် ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် အမည်စာရင်းများကို ပြည်သူများသိရှိနိုင်ရန်နှင့် လာရောက်ကြည့်ရှုနိုင်ရေးကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက အသိပေးနှိုးဆော်၍ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရန်အတွက် မဲစာရင်းများကို တိကျမှန်ကန်မှုရှိစေရေးနှင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာလေမြို့ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အနေဖြင့် အခြေခံမဲဆန္ဒရှင်အမည်စာရင်းတွင် မိမိနာမည် ပါ မပါ ကြည့်ရှုပြီး မပါခဲ့သော် ပုံစံ(၃) ဖြင့် မဲစာရင်းတွင် အမည် ပြန်လည်ထည့်သွင်းပေးရန် တောင်းဆိုနိုင်ပြီး ဆန္ဒမဲစာရင်းနှင့်စပ်လျဉ်း၍ အချက်အလက် တစ်စုံတစ်ရာ လွဲမှားမှုများရှိပါက ပုံစံ ၄(က) ဖြင့် အချိန်မီဖြည့်စွက် လျှောက်ထားနိုင်ကြောင်းနှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မိုး (ပြန်/ဆက်)**

# ရိက္ခာပြတ်လပ်မှုကြုံတွေ့ခဲ့သည့် ခေါင်လန်ဖူးမြို့နယ်အတွက် ဆန်အိတ် ၂၀၀၀ အား ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် ဆက်လက်ထုတ်ပေးလျက်ရှိ

**ခေါင်လန်ဖူး ဇူလိုင် ၂၆**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့ပေါ် ရပ်ကွက်များနှင့် ရိက္ခာပြတ်လပ်နေသော ကျေးရွာအုပ်စု ၁၂ အုပ်စု အပါအဝင် ကျန်ကျေးရွာအုပ်စုများ အားလုံးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းခဲ့သည့် ဆန်အိတ် ၂၀၀၀ အား ရပ်ကွက်/ ကျေးရွာအုပ်စု အလိုက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ခေါင်လန်ဖူးမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများအတွက် အဆိုပါ ဆန်အိတ်များမှ ဆန်အိတ် ၁၇၇၈ အိတ်ကို ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့နယ် ဖုလုံးကျေးရွာသို့ ဇွန် ၁၁ ရက်မှစတင်ကာ ကားဖြင့် သယ်ယူပြီး ဖုလုံးကျေးရွာမှတစ်ဆင့် လား၊ မြင်းများဖြင့် ခေါင်လန်ဖူးမြို့အထိ သယ်ဆောင်ပေးကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ဇွန် ၁၇ ရက်မှ စတင်ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

ကိုဗစ်-၁၉ ကာလအတွင်း ရိက္ခာပြတ်လပ်မှုကြုံတွေ့နေသည့် ရှီလာဒမ်း၊ ရပ်မား၊ ထဖုံး၊ နမ်ချိန်အုပ်စုများသို့ မြစ်ကြီးနားမှ ဇွန် ၇ ရက်က စတင်ကာ မြစ်ကြီးနား - ချီဖွေ - ဆော့လော် လမ်းမှ ရပ်မားကျေးရွာအထိ ကားဖြင့် ဆန်အိတ် ၂၂၂ အိတ်ကို သယ်ယူထောက်ပံ့ပေးအပ်ခဲ့သည်။ ကျန်ရှိသည့် ကျေးရွာအုပ်စု ၁၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်အတွက်ကို ပူတာအိုမှ-ဖုလုံးသို့ ကားဖြင့်သယ်ကာ ဖုလုံး - ထလားလော် - ခေါင်လန်ဖူး လမ်းကြောင်းမှ လားများဖြင့် နှစ်လနီးပါးအကြာအထိ ဆန်အိတ် ၁၇၇၈ အိတ်ကို သယ်ယူခဲ့ခြင်းဖြစ်ပြီး ယခုအချိန်ထိ ကျန်ကျေးရွာအုပ်စုများကို ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်တာဝန်ခံ ဦးစောနွံ့နေအောင်ထံမှ သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**


ခေါင်လန်ဖူးမြို့နယ်အတွက် ဆန်အိတ်များအား မြင်း၊ လားများဖြင့် သယ်ယူကြစဉ်။

ကော့ကသောင်ရဲကင်း စခန်းမှူး ဒုရဲအုပ် ထွန်းထွန်းငယ် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် ဝင်းသန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဇူလိုင် ၁၅ ရက်က ဘားအံမြို့အဝင် TTC ဂိတ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်ကြစဉ်။

ဘိုဘို



❑ *ကျော့ဖုံးမှ*

ကမ္ဘာ့ဖလား၊ ယူအီးအက်ဖ်အေ စူပါဖလားနှင့် ချန်ပီယံလိဂ်ဖလား စသည့် ဖလားသုံးလုံး ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သူ ဖြစ်သည်။ ထို့အပြင် ၎င်းသည် ယခုနှစ်တွင်လည်း လီဗာပူးအသင်းနှင့်အတူ နှစ်ပေါင်း ၃၀ ကြာ ဝေးကွာနေသည့် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးထားသူ ဖြစ်သည်။

လယ်လာနာသည် ပြီးခဲ့သည့်လတွင် လီဗာပူးအသင်းနှင့် ကာလတို စာချုပ်ချုပ်ဆိုထားသော်လည်း ရာသီကုန်တွင် အန်ဖီးလ်၌ ခြောက်နှစ်ကြာ ဖြတ်သန်းမှုကို အဆုံးသတ်ဖွယ်လည်း ရှိနေသည်။ လီဗာပူးအသင်းမှ ထွက်ခွာမှုနှင့်ပတ်သက်ပြီး လယ်လာနာက "ကျွန်တော့်အတွက် လီဗာပူးအသင်းမှ ထွက်ခွာချိန်တန်ပါပြီ။ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ကာ ပုံမှန်ပွဲထွက်ခွင့်ရရှိပြီး ပွဲကစားချိန် များများလိုချင်ပါတယ်။ ကျွန်တော့် အသက် ၃၂ နှစ် ဆိုပေမယ့် နောက်ထပ် နှစ်နှစ်၊ သုံးနှစ်လောက်တော့ ကောင်းကောင်းကစားနိုင်ပါသေးတယ်" ဟု ပြောသည်။

**အောင်ဇော်**

# မိုင်းယုမြို့၌ ဝိုင်ယာရှော့ဖြစ်ရာမှ စိုက်ပျိုးရေးပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်တစ်လုံး မီးလောင်မှုဖြစ်ပွား



မီးလောင်မှုဖြစ်သည့် ဂိုဒေါင်အား ဝိုင်းဝန်းမီးငြိမ်းသတ်ကြစဉ်။

**မိုင်းယု ဇူလိုင် ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့ မြို့မရပ်ကွက်ရှိ ငရုတ်ခြံအတွင်း စိုက်ပျိုးရေးသုံးပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင် တစ်လုံး ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးနေထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ နယ်မြေခံစခန်းမှူး ရဲအုပ် အောင်ဇော်မင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

**မီးလောင်ဆုံးရှုံး**

ယင်း မီးလောင်ခဲ့သည့် ဂိုဒေါင်မှာ မြို့မရပ်ကွက်ရှိ ဒေါ်နန်းဖုန်း ပိုင်ဆိုင်သည့် အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေခန့်ရှိ ဂိုဒေါင်ဖြစ်ပြီး အဆိုပါ ဂိုဒေါင်အတွင်းရှိ စိုက်ပျိုးရေးသုံး ကျူရိုးများနှင့် သုံးဘီးဆိုင်ကယ်အဟောင်း သုံးစီး မီးလောင်ဆုံးရှုံးခဲ့သည်။

**အမှုဖွင့်ထား**

မီးလောင်မှုနှင့် ပတ်သက်၍ မိုင်းယုနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# ပြည်မြို့၌ လုယက်မှု ကျူးလွန်သူများအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ပြည်မြို့ ဇူလိုင် ၂၆**

ပြည်ခရိုင် ပြည်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မိုးထံက သိရသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ပြည်မြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းမှ ဒုရဲအုပ် မျိုးမင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များသည် ရွှေလက်ပံ/ငွေလက်ပံ ကျေးလက်လမ်းမပေါ်တွင် အေးမင်းနှင့် မြတ်ထက်တို့ကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးခဲ့သည်။

**သိမ်းဆည်းရမိ**

ထိုသို့စစ်ဆေးစဉ် မြတ်ထက်က ၎င်း၏လက်ထဲရှိ အိတ်တစ်ခုကို လွှင့်ပစ်လိုက်သဖြင့် စစ်ဆေးရာ အိတ်ထဲတွင် ငွေကျပ် ၂၈၇၅၀၀ နှင့် ဒေါ်ကြူကြူစိန် အမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါအိတ်ကို ဆိုင်ကယ်စီးလာသည့် အမျိုးသမီးနှစ်ဦးထံမှ လုယူလာခြင်းဖြစ်ကြောင်းသိရသဖြင့် အေးမင်းနှင့် မြတ်ထက်တို့ နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

# ဘားအံမြို့ ဇွဲကပင်တောင်ပေါ်တွင် ကေဘယ်ကြိုးစောင့် အလုပ်သမားလင်မယားအား သေဆုံးလျက်တွေ့ရှိ

**ဘားအံ ဇူလိုင် ၂၆**

ကရင်ပြည်နယ် ဘားအံမြို့၏ အရှေ့တောင်ဘက်ရှိ ဇွဲကပင်တောင်ပေါ် အဏ္ဏဝါဆောင်တွင် ယနေ့ နံနက်ပိုင်းက လင်မယားနှစ်ဦးကို သေဆုံးလျက် တွေ့ရှိရသဖြင့် စစ်ဆေးလျက်ရှိသည်။

ယနေ့ နံနက် ၈ နာရီခွဲခန့်က အပုပ်နံ့ရသဖြင့် ဇွဲကပင်တောင်ပေါ်တွင် သီတင်းသုံးနေထိုင်သော ဦးပဥ္စင်း ဥူနန္ဒက အဏ္ဏဝါဆောင်အား ဝင်ရောက်ကြည့်ရှုရာ ဇွဲကပင်ကေဘယ်ကားစီမံကိန်း ကေဘယ်ကြိုးစောင့် အလုပ်သမားလင်မယား ရန်ရှင်းအောင်(ခ)စနေ (၂၆ နှစ်) ဘီးလင်းမြို့နေသူနှင့် ဇနီးဖြစ်သူ နန်းအိအိသွယ်(ခ)မအိအိ (၂၁ နှစ်)တို့မှာ အဆောင်အတွင်း ပုပ်ပွသေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်နေရာသို့ ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဏ္ဏဝါဆောင်အတွင်း၌ ရန်ရှင်းအောင်(ခ)စနေမှာ ဓာတ်ကြိုးများထိလျက်နှင့် ဇနီးဖြစ်သူ နန်းအိအိသွယ်(ခ)မအိအိမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် သေမှုသေခင်းရေးဖွင့်၍ ရဲဆေးစာဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)သို့ ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆားလင်းကြီးနှင့် ကျိုက်ထိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၆**

ဆားလင်းကြီးမြို့နယ် ကြေးစင်တောင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ဆားလင်းကြီးမြို့နယ် ပုသိမ် - မုံရွာ သွား ကားလမ်း မိုင်တိုင်အမှတ် (၅/၀) လမ်းဆုံအနီးရှိ ဆီဆိုင်အနီးတွင် မသင်္ကာဖွယ် ရပ်တန့်ထားသည့် ယာဉ်သုံးစီးကို စစ်ဆေးရန်သွားရောက်စဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်မောင်း ခိုင်ပူမောင်းနှင်၍ ထန်လိုက်ဆွမ်းခုပ် (ခ) ဘဲဥ(ခ)ခုပ်ပီး လိုက်ပါလာသည့် ပရာဒိုယာဉ်ကို ဝါးတန်းကျေးရွာအတွင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းယာဉ်ပေါ်မှ ငွေကျပ် သိန်း ၇၇၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၇ ဒသမ ၇ ကီလိုအားလည်းကောင်း၊ ဆက်လက်၍ အဆိုပါကျေးရွာအနီး၌ ယာဉ်မောင်း ထွန်းမြတ်သူ(ခ)ငရုပ်သီး မောင်းနှင်ပြီး အောင်ကိုလတ်(ခ)ခေါင်းပြား၊ ကျော်သက်လှိုင်(ခ)မှုံကြီး၊ ထန်တင်းလွယ်(ခ)အားလွယ်တို့လိုက်ပါလာသည့် ဝစ် ယာဉ်အားလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကလေးမြို့နယ် ချောင်းဂွ ပူးပေါင်းစစ်ဆေးရေးစခန်း၌ မန်ဆွမ်းလျန်(ခ)ဇောမ်းလျန် မောင်းနှင်ပြီး ကမ်ခတ်ပေါင် (ခ) နောင်ပီး၊ ထန်လျန်တွောင်၊ မောင်သခင်(ခ)ကပ်ပီး(ခ)ကပ်တောင်တို့လိုက်ပါလာသည့် လင်ခရူဆာ ယာဉ်အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် စွပ်ပွန်းကျေးရွာ ခလွန်-စွပ်ပွန်း-မုပ္ပလင်သွား ကျေးရွာချင်းဆက်လမ်းဘေးတွင် အမိုနီယမ်နိုက်ထရိတ် ၄၄၀၀ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်မဲမြို့ပေါ်မှ ဆိုင်ကယ်ခိုးယူသွားသူအား သီပေါမြို့တွင် ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ စိုင်းစိုင်း (ခ) စိုင်းခမ်းကော်။

**ကျောက်မဲ ဇူလိုင် ၂၆**

ကျောက်မဲမြို့ရှိ ဆိုင်ကယ် ခိုးယူထွက်ပြေးသွားသူကို ဇူလိုင် ၂၀ ရက် ညနေ ၅ နာရီခွဲက သီပေါမြို့နယ်၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့ အမှတ်(၂)ရပ်ကွက် နယ်မြေ ၁၄ တွင် နေထိုင်သည့် မောင်ယဉ်ထွေး(၂၆ နှစ်) သည် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီခန့်က ၎င်း၏ ဆိုင်ကယ်ကို နေအိမ်ရှေ့တွင် ရေဆေးခဲ့ပြီး သော့တန်းလန်းဖြင့်ထားခဲ့၍ အိမ်အပေါ်သို့ ငါးမိနစ်ခန့် တက်ရောက်နေစဉ် ဆိုင်ကယ်ပျောက်ဆုံးသွားခဲ့သဖြင့် အရေးယူပေးပါရန် ကျောက်မဲမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

အမှုအား ကျောက်မဲမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် လှိုင်မင်းသန်းနှင့် အဖွဲ့က စုံစမ်းရှာဖွေခဲ့ရာ ဇူလိုင် ၂၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် ဆိုင်ကယ်ခိုးယူသူဖြစ်သည့် သိန္နီမြို့နယ်နေထိုင်သူ စိုင်းစိုင်း(ခ)စိုင်းခမ်းကော် (၂၄ နှစ်)အား ပျောက်ဆုံးသွားသော ဆိုင်ကယ်နှင့်အတူ သီပေါမြို့ တံတားအနီး ယာဉ်ထိန်းရုံးရှေ့၌ ဖမ်းဆီးရမိခဲ့သဖြင့် ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် ခိုးမှု၊ လုယက်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂ ရက်က လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း ခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ မင်းသူ၊ တင်ကိုကို(ခ)နေလင်းနှင့် နွေဦးတို့ကို ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍ စစ်ဆေးရာ အဆိုပါဆိုင်ကယ်အား ဇွန်လအတွင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မီးခွက်ဈေးအောက်ထိပ် ကားမှတ်တိုင်အနီးမှ ခိုးယူလာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးခဲ့သည်။

၎င်းတို့သုံးဦးသည် ဇန်နဝါရီလမှ ဇွန်လအထိ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ နေအိမ်များနှင့် လမ်းဘေး၌ရပ်ထားသော ဆိုင်ကယ် ၁၀ စီးကို ခိုးယူခဲ့ကြောင်း၊ ထို့ပြင် ဆိုင်ကယ်ဖြင့်သွားလာ၍ ခရီးသွားပြည်သူများထံမှ ဖုန်း ၁၉ လုံးကို လုယူခဲ့ကြောင်း၊ ခိုးယူ၊ လုယူရရှိသည့် ဖုန်းနှင့်ဆိုင်ကယ်များကို လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ဒိုင်စုကျေးရွာနေ အောင်ဇော်(ခ)ပလာတာထံ ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှသက်သေခံပစ္စည်း ဖုန်း ၁၉ လုံးနှင့် ဆိုင်ကယ် ၁၀ စီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်သည်။

ခိုးမှု၊ လုယက်မှုကျူးလွန်သူ မင်းသူပါ သုံးဦးနှင့် ခိုးရာပါပစ္စည်းများကို လက်ခံဝယ်သူ အောင်ဇော်(ခ)ပလာတာတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောက်တံခါးမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်သဖြင့် နေအိမ်၊ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘုန်းကြီးကျောင်းများ အမိုးလန်ပျက်စီး

**ကျောက်တံခါး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ယနေ့ နံနက် ၁ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်ခဲ့သဖြင့် လူနေအိမ်၊ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘုန်းကြီးကျောင်းများ ပျက်စီးခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စုတွင် အမိုးလန်နေအိမ် ၁၅ လုံး၊ ပြိုလဲနေအိမ် ခုနစ်လုံး၊ သစ်ပင်ပိနေအိမ် အလုံး ၂၀၊ ကျေးလက်ဆေးပေးခန်း တစ်ခု၊ စာသင်ကျောင်း တစ်ကျောင်း၊ တောင်ပေါ်စုကျေးရွာအုပ်စုတွင် စာသင်ကျောင်း တစ်ကျောင်း၊ ဝွေးကုန်းကျေးရွာအုပ်စုတွင် အမိုးလန်နေအိမ် တစ်လုံး၊ ပြိုလဲနေအိမ် တစ်လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဝိုင်းကြီးကျေးရွာအုပ်စုတွင် သစ်ပင်ပိနေအိမ် တစ်လုံး၊ ကင်းရွာအုပ်စုတွင် အမိုးလန်နေအိမ် ခုနစ်လုံး၊ သစ်ပင်ပိနေအိမ် ငါးလုံး၊ ဆီဆုံကုန်းကျေးရွာအုပ်စုတွင် အမိုးလန်နေအိမ် တစ်လုံး၊ သစ်ပင်ပိနေအိမ် တစ်လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် စာသင်ကျောင်း တစ်ကျောင်း စုစုပေါင်း နေအိမ် ၅၉ လုံး၊ ဆေးပေးခန်း တစ်ခု၊ စာသင်ကျောင်း သုံးကျောင်းနှင့် ဘုန်းကြီးကျောင်း နှစ်ကျောင်း ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ စာရင်းများအရ သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်သွားသည့် ကျေးရွာများသို့ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ပျက်စီးဆုံးရှုံးစာရင်းများ ကောက်ယူ၍ လိုအပ်သည့် ထောက်ပံ့ကူညီမှုများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# အင်ပူမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီး၍ တဲငါးလုံးပျက်စီး

**နေပြည်တော် ဇူလိုင် ၂၆**

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကံကုန်းကျေးရွာအနောက်ဘက် တောစပ်အနီးရှိ ယာခင်းများအတွင်းသို့ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်လာပြီး အဆိုပါကျေးရွာနေ ဦးတုတ်ပေါ(၆၃ နှစ်)၏ တောင်ယာစောင့်တဲပါ တဲငါးလုံးကို ဖျက်ဆီးကာ မွန်းလွဲ ၂ နာရီတွင် အနောက်ရိုးမတောအတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ဘရာဇီးသမ္မတ ကိုဗစ်-၁၉ ကင်းစင်ပြီး စီးပွားရေးဆောင်ရွက်ချက်များကို ပြန်လည်အာရုံစိုက်မည်

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၆**

ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုက သူ့တွင် ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း ၎င်း၏ တွစ်တာ အကောင့်တွင် ဇူလိုင် ၂၆ ရက်က ပြောကြားလိုက်သည်။

ယခုလအစောပိုင်းတွင် ဘော်ဆွန်နာရိုက သူ့တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ခံထားရသော အချိန်မှစ၍ ၎င်း သည် ဘရာဆီးလီးယားတွင်ရှိသော ၎င်း၏အိမ်တော်တွင် သီးသန့်ခွဲခြားနေထိုင်ခဲ့ရသည်။

ဘရာဇီးသမ္မတသည် ကိုဗစ်-၁၉ ကူးစက်ခံထားရသော်လည်း ၎င်း၏ထောက်ခံသူများနှင့် သတ်မှတ်အကွာအဝေးမှနေ၍ စကားပြောဆိုခဲ့သည်။

ကိုဗစ်-၁၉ ကင်းစင်သွားပြီဆိုသည့် ရလဒ်ထုတ်ပြန်ကြေညာလိုက်ပြီးနောက် ဘော်ဆွန်နာရိုသည် ၎င်း၏ အိမ်တော်မှနေ၍ မော်တော်ဆိုင်ကယ်စီးပြီး ထွက်သွားခဲ့ကြောင်း သိရသည်။

ဘော်ဆွန်နာရိုက ကိုဗစ်-၁၉ ကို တုပ်ကွေးအပျော့စားအဖြစ် ဖော်ပြခဲ့ပြီး စီးပွားရေးဆောင်ရွက်ချက်များကို ဦးစားပေးခဲ့သည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုတွင် ကမ္ဘာ့ဒုတိယအများဆုံး ဖြစ်သည်။ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၄ သန်းဖြင့် အမေရိကန်ပြည်ထောင်စု၏နောက်တွင် ရပ်တည်လျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် ဘရာဇီးနိုင်ငံတွင် သေဆုံးသူပေါင်း ၈၆၀၀၀ ဦးရှိခဲ့ပြီး နိုင်ငံ၏ အဆင်းရဲဆုံးဒေသများတွင် အဆိုးရွားဆုံးဖြစ်သည်။

ဘရာဇီးသမ္မတသည် ကိုဗစ်-၁၉ လက္ခဏာ အနည်းအကျဉ်းသာခံစားခဲ့ရပြီး မကြာမီအချိန်အတွင်း ၎င်း၏ ရည်မှန်းချက်ဖြစ်သည့် စီးပွားရေးဆောင်ရွက်ချက်များကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ကိုဗစ် -၁၉ ကူးစက်မှုမှ ပြန်လည်လွတ်မြောက်လာခဲ့သော ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရို။

# ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း ၁၆ သန်းနီးပါးရှိလာ

**ဝါရှင်တန် ဇူလိုင် ၂၆**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၆ သန်းနီးပါး ရှိလာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇူလိုင် ၂၆ ရက်က ဖော်ပြလိုက်သည်။

အမေရိကန် ပြည်ထောင်စု ဂျွန်ဟော့ကင်းတက္ကသိုလ် သုတေသနပညာရှင်များ၏ ကမ္ဘာ့စံတော်ချိန် (ယူတီစီ) စနေနေ့ နံနက် ၆ နာရီ စစ်တမ်းဖော်ပြချက်အရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၅၈၁၁၇၀၀ ဦးအထိရှိပြီး ၁၆ သန်းနီးပါးသို့ ရှိလာခဲ့ပြီး သေဆုံးသူပေါင်း ၆၄၁၂၄၃ ဦးရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်အခံရဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် အမေရိကန် ပြည်ထောင်စုသည် ကူးစက်ခံရသူပေါင်း ၄ ဒသမ ၁၄ သန်းဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး ယင်းနောက်၌ ဘရာဇီးနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိသည်။

အလားတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအများဆုံးနိုင်ငံ စာရင်းတွင်လည်း အမေရိကန်ပြည်ထောင်စုသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကာ သေဆုံးသူပေါင်း ၁၄၆၀၀၀ ကျော်ရှိလာခဲ့သည်။ ထို့နောက် ဘရာဇီးနိုင်ငံနှင့် ဗြိတိန်တို့က နောက်မှရှိသည်။

ဂျပန်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၃၀၀၀၀ ကျော်ရှိလာခဲ့သည်။ အဆိုပါပမာဏတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှု အစောပိုင်းကာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ဆိုက်ကပ်ထားသော ဒိုင်းမွန်းပရင့်စ်သင်္ဘောပေါ်ရှိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၀၀ လည်း ပါဝင်သည်။ အပျော်စီးသင်္ဘောပေါ်ရှိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃ ဦး အပါအဝင် ကိုဗစ်-၁၉ ကြောင့် စုစုပေါင်း သေဆုံးသူ ၁၀၀၀ ကျော် ရှိလာသည်။

**အင်န်အိတ်ချ်ကေ**



ဗင်နီဇွဲလားတွင် စတိုးဆိုင်ထဲသို့ ဝင်ရောက်လာသော ဈေးဝယ်သူတစ်ဦးကို ဝန်ထမ်းတစ်ဦးက အပူချိန်တိုင်းနေစဉ်။

## တိုကျိုမြို့၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၉ ဦးထပ်တွေ့

**တိုကျို ဇူလိုင် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇူလိုင်၂၆ ရက်က ကိုဗစ် -၁၉ ထပ်မံကူးစက်ခံရသူ ၂၃၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း တိုကျိုမက်ထရိုပိုလီတန်အစိုးရက ဖော်ပြခဲ့သည်။ တိုကျိုမြို့၌ တစ်ရက်အတွင်း ကူးစက်ခံရသူအရေအတွက် ၂၀၀ ကျော်အထိ တွေ့ရှိရသည်မှာ ခြောက်ရက်ဆက်တိုက်ရှိပြီဖြစ်ကာ စုစုပေါင်းကူးစက်ခံရသူအရေအတွက် ၁၁၂၁၄ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၀၀၀၀ ကျော်အထိ ရှိလာ

**မနီလာ ဇူလိုင် ၂၆**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၁၁၀ ကို ထပ်မံတွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၈၀၄၄၈ ဦးအထိဖြစ်လာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူ ၃၉ ဦးပေါ်ထွက်လာပြီးနောက် စုစုပေါင်းသေဆုံးသူအရေအတွက် ၁၉၃၂ ဦး ဖြစ်လာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ရောဂါကူးစက်ခံရမှုမှ ပြန်ကောင်းလာသူ ၃၈၂ ဦး ထပ်တိုးလာခဲ့ရာ ပြန်လည်သက်သာလာသူအရေအတွက် စုစုပေါင်း ၂၆၁၁၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## တိုကျိုနှင့် ဂျပန်နိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပွား

**တိုကျို ဇူလိုင် ၂၆**

မိုးသည်းထန်စွာရွာသွန်းမှုများသည် တိုကျိုနှင့် ဂျပန်နိုင်ငံ အလယ်ပိုင်း တိုကိုင်းခရိုင်တို့တွင် ဖြစ်ပွားခဲ့ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောကြားလိုက်သည်။

အဆိုပါဒေသများတွင် ပူနွေးစိုစွတ်သောလေများကြောင့် မိုးတိမ်များဖြစ်ထွန်းလျက်ရှိကြောင်း မိုးလေဝသဌာနအရာရှိများက ပြောကြားသည်။

ဇူလိုင် ၂၇ ရက်တွင် ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာဒေသတစ်လျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ပိုမိုဖြစ်ပွားနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။

ထို့အပြင် မိုးလေဝသအရာရှိများက ဒေသခံပြည်သူများအား မြေပြို မှုများ၊ မြစ်ရေလျှံမှုများနှင့် ရေကြီးမှုများ၊ ထို့အပြင် မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် လေပြင်းတိုက်ခြင်းများဖြစ်ပွားနိုင်သောကြောင့် သတိဖြင့် နေထိုင်ကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံတွင် အစိုးရအဖွဲ့သစ်ဝန်ကြီးအမည်များ ထုတ်ပြန်ကြေညာ

**စင်ကာပူ ဇူလိုင် ၂၆**

စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက ဇူလိုင် ၂၅ ရက်က အစိုးရအဖွဲ့သစ် ဝန်ကြီးအဖွဲ့ဝင် အမည်စာရင်းကို ထုတ်ပြန်ခဲ့ပြီး ဝန်ကြီးချုပ်တာဝန်ကို လီရှန်လွန်းက ဆက်လက်ယူသွားမည်ဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးမူဝါဒစီမံရေးဆွဲမှုဝန်ကြီးဌာနဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး တာဝန်ကို ဟန်ဆွီကိတ်က ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။


လီရှန်လွန်းက ဇူလိုင် ၂၅ ရက်တွင် ကျင်းပသည့် ဗီဒီယိုသတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ဝန်ကြီးအဖွဲ့ဝင် စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ အတိုင်ပင်ခံ တိုချီဟန်နှင့် သာမန်ရှန်မူဂရန့်နန်တို့က အမျိုးသားလုံခြုံရေးစီမံရေးဆွဲမှုဝန်ကြီးဌာနဝန်ကြီးနှင့် လူမှုရေးရာ မူဝါဒစီမံရေးဆွဲမှု ဝန်ကြီးဌာနဝန်ကြီးများအဖြစ် အသီးသီး ခန့်အပ်ခံရကြောင်း သိရသည်။

ဝန်ကြီးအဖွဲ့သစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကုန်သွယ်စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးနေရာများ အပြောင်းအလဲမရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဇူလိုင် ၂၇ ရက်တွင် ကျမ်းသစ္စာ ကျိန်ဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်း

# မြောက်ကိုရီးယားနိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူတစ်ဦးတွေ့ရှိရပြီးနောက် ခယ်ဆောင်းမြို့ကို ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ကာ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာ

**ပြုံယမ်း ဇူလိုင် ၂၆**

ပြီးခဲ့သည့်ရက်သတ္တပတ်က မြောက်ကိုရီးယားနိုင်ငံသို့ တရားမဝင်ပြန်ရောက်လာသူတစ်ဦးတွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိခဲ့ရကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ရိုဒေါင်ဆင်မန်သတင်းစာက သတင်းဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ သံသယလူနာတစ်ဦးကိုတွေ့ရှိခဲ့ရပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက တောင်ကိုရီးယားနယ်စပ်အနီးရှိ ခယ်ဆောင်းမြို့ကို တစ်မြို့လုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့ရန် အမိန့်ထုတ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိ အာဏာရပါတီသတင်းစာ ရိုဒေါင်ဆင်မန်က ဖော်ပြခဲ့သည်။

အဆိုပါသံသယရှိလူနာမှာ လွန်ခဲ့သောသုံးနှစ်အကြာက တောင်ကိုရီးယားနိုင်ငံသို့ ထွက်သွားခဲ့ကြောင်းနှင့် ဇူလိုင် ၁၉ ရက်တွင် ခယ်ဆောင်းမြို့သို့ပြန်ဝင်လာခဲ့ကြောင်း အဆိုပါသတင်းစာက ဖော်ပြထားသည်။ ထို့နောက်တွင် ကြောက်စရာကောင်းသည့် ကိုဗစ်- ၁၉ ရောဂါ နိုင်ငံအတွင်းရောက်ရှိလာနိုင်သောကြောင့် နိုင်ငံတော်အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်လာနိုင်ကြောင်း ခေါင်းဆောင်ကင်က သတိပေးခဲ့သည်။

ခေါင်းဆောင်ကင်၏ညွှန်ကြားချက်အရ မြောက်ကိုရီးယားအလုပ်သမားပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အရေးပေါ်အစည်းအဝေးက နိုင်ငံတော်အရေးပေါ်အခြေအနေအမြင့်ဆုံးအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ဇူလိုင် ၂၅ ရက်က အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပစဉ်။

## ဂျပန်နိုင်ငံသို့ဝင်ရောက်လာသည့် စစ်မှုထမ်းများကို ဗိုင်းရပ်စ်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာ

**တိုကျို ဇူလိုင် ၂၆**

ဂျပန်နိုင်ငံသို့ လာရောက်မည့် အမေရိကန်တပ်ဖွဲ့ဝင်များ နိုင်ငံအတွင်း ဝင်ရောက်ရာတွင် ရက်သတ္တနှစ်ပတ်ကြာ ကန့်သတ်စောင့်ကြည့်မှုခံယူရမည့်ကာလ မပြီးဆုံးမီ ကိုဗစ်- ၁၉ ရှိ မရှိ စစ်ဆေးမှုခံယူရန် ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ကာကွယ်ရေးဦးစီးချုပ်က ညွှန်ကြားချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် အခြေစိုက်ထားသည့် အမေရိကန်စစ်စခန်းများတွင် ပြီးခဲ့သည့် ဇူလိုင် ၂၄ ရက်အထိ ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၁၈၉ ဦး တွေ့ရှိခဲ့ကြောင်း အတည်ပြုခဲ့ပြီးနောက်တွင် ကာကွယ်ရေးဦးစီးချုပ်က ထိုသို့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံရှိ အမေရိကန်စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် လက်ရှိတွင် ကန့်သတ်စောင့်ကြည့်မှုအောက်တွင် နေထိုင်ရန် ညွှန်ကြားထားသည်။



အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ကိုဗစ်- ၁၉ စစ်ဆေးနေစဉ်။

ကိုဗစ်- ၁၉ ၏ စိန်ခေါ်မှုကို အတူတကွ ရင်ဆိုင်နေရသည့်အတွက် အတတ်နိုင်ဆုံး ပွင့်လင်းမြင်သာရှိအောင်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ ပြည်သူ့ဆက်ဆံရေးဌာနအကြီးအကဲ ဒါရိုက်တာ ဗိုလ်မှူးကြီး ရောဘတ်ဖဲဖန်းက ပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ယီမင်နိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းကာ ရေလွှမ်းမှုကြောင့် ၁၆ ဦး သေဆုံး

**ဆာနား ဇူလိုင် ၂၆**

ယီမင်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ရာ ၁၆ ဦးသေဆုံးခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောပြချက်ကို ကိုးကားလျက် ဒေသမီဒီယာက ဇူလိုင် ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

ဟိုဒေးဒါပြည်နယ် ရေလွှမ်းမှုအတွင်း ပြည်သူ ၁၃ ဦးရေထဲမျောပါသွားခဲ့ပြီး ကျန်သုံးဦးမှာ ဟာဂျာပြည်နယ်မှဖြစ်ကာ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ ရေလွှမ်းမှုကြောင့် နေအိမ်အများအပြား ပျက်စီးခဲ့ရပြီး လူဟာယာ၊ ကွာနာဝစ်နှင့် ဇူရာဒေသ၌သာမက ဟာဂျာပြည်နယ်တောင်ပိုင်း ဘာနီကွာအစ်ဒေသ၌လည်း လယ်မြေများ၊ လမ်းများနှင့် နေအိမ်များ ရေနစ်မြုပ်ပျက်စီးခဲ့ရသည်။

ယီမင်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်နှောင်းပိုင်းမှ စတင်ကာ ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲခံစားခဲ့ရပြီး အီရန်ကျောထောက် နောက်ခံပေးထားသည့် ဟူသီသူပုန်အဖွဲ့က နိုင်ငံမြောက်ပိုင်းရှိ အစိတ်အပိုင်းအများစုကို ထိန်းချုပ်ခဲ့ကာ သမ္မတ အဗ္ဗဒူလ်ရာဘူလ် မန်ဆောဟာဒီအစိုးရကို ဆာနားမှ နှင်ထုတ်ခဲ့သည်။

ယီမင်နိုင်ငံတွင် ဖြစ်ပွားနေသည့်ပဋိပက္ခသည် နိုင်ငံ၏ကျန်းမာရေးစနစ်ကိုပြိုလဲစေခဲ့ပြီး ကပ်ရောဂါများကျရောက်မှုကို တွန်းလှန်ရာတွင် အခက်အခဲဖြစ်စေခဲ့သည်။ ၂၀၁၇ ခုနှစ်မှစတင်ကာ နိုင်ငံအတွင်း လူတစ်သန်းကျော်အထိ ကာလဝမ်းရောဂါကူးစက်ခံခဲ့ရပြီး သေဆုံးသူ ၂၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



ယူတားပြည်နယ်ရှိ လေယာဉ်ပျက်ကျမှုဖြစ်ပွားသည့်နေရာတွင် မီးလောင်နေသည်ကို တွေ့ရစဉ်။

## ယူတားပြည်နယ်တွင် လေယာဉ်ပျက်ကျမှုဖြစ်ပွား လိုက်ပါလာသူ ခြောက်ဦးအနက် သုံးဦးသေဆုံး

**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန်ပြည်ထောင်စု အနောက်ပိုင်း ယူတားပြည်နယ်ရှိ အနောက်ဂျော်ဒန်တွင် ဇူလိုင် ၂၅ ရက်က လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦး သေဆုံးခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ကလေးငယ်တစ်ဦး ပါဝင်**

လေယာဉ်ပေါ်တွင် ကလေးငယ်သုံးဦးအပါအဝင် အားလုံးပေါင်း ခြောက်ဦးလိုက်ပါလာခဲ့ပြီး သေဆုံးသူသုံးဦးထဲတွင် ကလေးငယ်တစ်ဦးပါဝင်ကြောင်း အနောက် ဂျော်ဒန်ရဲဌာနက တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

အင်ဂျင်တစ်လုံးတပ် ပိုက်ပါ ပီအေ-၃၂ အမျိုးအစားလေယာဉ်သည် ပျံသန်းစဉ် ရုတ်တရက်အရေးပေါ်အခြေအနေတစ်ခုဖြစ်ပွားခဲ့ကာ အနောက်ဂျော်ဒန်ရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲမှု အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လေယာဉ်ပျက်ကျခဲ့သည့် နေရာရှိ လူနေအဆောက်အအုံတချို့ ထိခိုက်ပျက်စီးခဲ့ပြီး နေအိမ်အတွင်းရှိ အဘွားအိုတစ်ဦးကို ထိခိုက်မိခဲ့ကာ အသက်အန္တရာယ် စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

**စုံစမ်းစစ်ဆေး**

အမျိုးသား သယ်ယူပို့ဆောင်ရေးဘေးကင်း လုံခြုံရေးဘုတ်အဖွဲ့က လေယာဉ်ပျက်ကျမှုဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းစစ်ဆေးနေကြောင်း ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲမှုအဖွဲ့က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ အကြောက်တရားနဲ့ စီးပွားရေး ပြန်လည်နာလန်ထူခြင်း

ကလျာမိုးမြင့်

**ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်လာပြီးတဲ့နောက် ကမ္ဘာ့နိုင်ငံအများစုရဲ့စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုတွေဆုတ်ယုတ်ခဲ့ရတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အထူးသဖြင့် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ရပ်တန့်အောင် မဖြစ်မနေ လုပ်ဆောင်ရတဲ့ ကန့်သတ်ပိတ်ဆို့မှုက နိုင်ငံ့စီးပွားရေးကို အဓိကထိခိုက်စေတာလို့ဆိုရင်လည်း မမှားပါဘူး။**

### ကိုယ်ပိုင်အသိစိတ်နဲ့လိုက်နာဆောင်ရွက်မှု

စီးပွားရေး ပြန်လည်နာလန်ထူဖို့ဆိုတဲ့ နေရာမှာ အမှန်တကယ်အားဖြင့် အကြောင်းနှစ်ခုရှိပါတယ်။ တစ်ခုကတော့ အစိုးရက ချမှတ်တဲ့ စည်းကမ်းတွေဖြစ်ပြီး နောက်တစ်ခုကတော့ ပြည်သူတစ်ဦးချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ကိုယ်ပိုင်အသိစိတ်နဲ့ ပြုမူဆောင်ရွက်ခြင်းတွေပါပဲ။ စီးပွားရေး မြန်မြန်ပြန်လည်နာလန်ထူလာအောင် ဘယ်လိုလုပ်ကြမလဲလို့ မေးရင် တစ်ဦးချင်းစီရဲ့ ဘယ်လောက်အတိုင်းအတာအထိ လိုက်နာဆောင်ရွက်နိုင်စွမ်းရှိလဲဆိုတာကိုပါ သိရဖို့ လိုအပ်လာမှာဖြစ်ပါတယ်။

### ယုံကြည်မှုရှိဖို့လို

ရောဂါကူးစက်ဖြစ်ပွားမှုအန္တရာယ်ကို လျှော့ချဖို့ လုပ်ဆောင်တဲ့နေရာမှာ အမှန်တကယ် တိုးတက်ဖြစ်ထွန်းမှုရှိဖို့ လိုအပ်သလို စားသုံးသူတွေ၊အလုပ်သမားဝန်ထမ်းတွေနဲ့ အလုပ်ရှင်တွေဟာလည်းပဲ အဲဒီဖြစ်စဉ်အပေါ် ယုံကြည်ချက်ရှိဖို့ကလည်း အရေးကြီးပါတယ်။ ပြီးတော့ ပြည်သူလူထုအတွင်းမှာ ကပ်ရောဂါမကျရောက်သေးခင်အချိန်ကလို ပုံမှန်လူနေမှုဘဝအခြေအနေကို မြန်မြန်ဆန်ဆန်ပြန်လည်ရောက်ရှိဖို့ တွန့်ဆုတ်နေတယ်ဆိုတာကို ကောင်းကောင်းဖော်ပြနေတဲ့ စစ်တမ်းအထောက်အထားတစ်ခုကိုလည်း တွေ့နေရပါတယ်။

### စိတ်ကသိကအောက်ဖြစ်နေရဆဲ

ဗြိတိန်မှာဆိုရင် ပြည်သူအများစုဟာ အမျိုးမျိုးသော လှုပ်ရှားသွားလာလုပ်ကိုင်ဆောင်ရွက်မှုတွေမှာ အခုအချိန်အထိ သက်သောင့်သက်သာမရှိလှတဲ့ အနေအထားမျိုးဖြစ်နေပြီး ညဈေးဆိုင်တွေ၊စားသောက်ဆိုင်တွေနဲ့ လူအုပ်ထဲသွားတဲ့အခါ၊ အများသုံးသန့်စင်ခန်းတွေ အသုံးပြုတဲ့အခါနဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်တွေပေါ်လိုက်ပါစီးနင်းရတဲ့အခါ စိတ်ကသိကအောက် ဖြစ်နေရတုန်းပါပဲ။

ပြန်ဖွင့်လှစ်လို့ ရနိုင်ပြီဖြစ်တဲ့ တချို့နေရာတွေကို ပြန်မဖွင့်သေးဘဲ ထားတာကလည်း အဲဒီအကြောက်တရားကို ဖော်ပြနေတဲ့ အကြောင်းပြချက်တစ်ခုပါပဲ။

### တွက်ခြေမကိုက်

အာဏာပိုင်တွေရဲ့ စည်းမျဉ်းကန့်သတ်ချက်တွေ ချမှတ်ထားမှုအောက်မှာ အရောင်းဆိုင် သို့မဟုတ် နေရာတစ်ခုခုကို ပြန်လည်ဖွင့်လှစ်လည်ပတ်ရတဲ့အခါ စားသုံးသူတွေက လာရောက်အားပေးကြသည့်တိုင်အောင် စည်းမျဉ်းတွေအောက်မှာ အလုပ်လုပ်ရခြင်းက စီးပွားရေးအရ သိပ်ပြီး တွက်ခြေမကိုက်တော့တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

ဝယ်သူတွေအနေနဲ့ တစ်ဦးနဲ့တစ်ဦး နီးကပ်သွားတဲ့အခါ၊ အပြင်ထွက်ပြီး အစားအသောက်သွားစားတဲ့အခါ၊ တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုတွေ ကြည့်ရှုတဲ့အခါနဲ့ ခရီးသွားလာတဲ့အခါ ကိုဗစ်-၁၉ က လူတွေရဲ့ ဒီလိုလှုပ်ရှားသွားလာမှုစက်ကွင်းထဲမှာ လည်ပတ်နေတဲ့အခါ ပြည်သူတွေအနေနဲ့ ရောဂါကူးစက်နိုင်တဲ့ အန္တရာယ်ကို ထိတွေ့ပြီးသား ဖြစ်သွားမှာကိုလည်း ကြောက်နေကြရပါတယ်။

### ဝယ်သူပြန်ရဖို့ ခက်ခဲ

လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော်အကြာလောက်ကတည်းက ကပ်ရောဂါရဲ့ နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေနဲ့ပတ်သက်ပြီး လေ့လာဆန်းစစ်နေတဲ့ အောက်စဖို့ဒ်စီးပွားရေးကျွမ်းကျင်ပညာရှင် ဆိုင်မွန်ဝရန်လီဝစ်က စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဝယ်သူ သို့မဟုတ် စားသုံးသူတွေရဲ့ သုံးပုံတစ်ပုံလောက်တောင် ပြန်ရဖို့ မနည်းမျှော်လင့်နေရတယ်လို့ သုံးသပ်ခဲ့ပါတယ်။

ဒါပေမယ့် ကန့်သတ်ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးခြင်းဟာ အတိုင်းအတာတစ်ခုအထိတော့ သိသာထင်ရှားတဲ့ တိုးတက်မှုဖြစ်စေတယ်လို့လည်း ဆိုကြပါတယ်။ နိုင်ငံအများအပြားမှာ ကန့်သတ်ပိတ်ဆို့မှုတွေ ပြန်လည်ဖြေလျှော့ပေးနေရတဲ့ အကြောင်းကတော့ ကိုဗစ်-၁၉ ကူးစက်ခံရပြီး ဆေးရုံတက်ရောက်ရတဲ့လူနာအရေအတွက်နဲ့ အသက်ဆုံးရှုံးရမှုတွေ လျော့နည်းကျဆင်းလာတာကြောင့်ပါ။

### တင်းကျပ်တဲ့ကန့်သတ်ပိတ်ဆို့မှုက စီးပွားရေးမြန်မြန်ကျဆင်းစေ

အားလုံးလို့ မဆိုသာပေမယ့် ပြည်သူတချို့က ကန့်သတ်ချက်တွေ ဖြေလျှော့လိုက်ပြီဆိုတဲ့အခါ ဘေးကင်း ရန်ကင်းဖြစ်သွားပြီ၊ လွတ်လွတ်လပ်လပ်အိမ်ပြင်ထွက်လို့ရပြီဆိုပြီး မှတ်ယူလိုက်ကြပါတယ်။ ဒီအကြောင်းကလည်း စီးပွားရေးဆိုင်ရာလှုပ်ရှားမှုတွေ ပြန်စနိုင်စေတဲ့ အကြောင်းတစ်ခုဖြစ်နိုင်ပါတယ်။

တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှု စီမံဆောင်ရွက်ချက်တွေနဲ့ စီးပွားရေးဆိုင်ရာလှုပ်ရှားမှုတွေအပေါ် သက်ရောက်မှုကြားက ဆက်နွယ်မှုကို လေ့လာသူတွေက စောင့်ကြည့်ခဲ့ကြပါတယ်။ ဒီလို လေ့လာလိုက်တဲ့အခါမှာ ကန့်သတ်ပိတ်ဆို့မှုတွေ တင်းတင်းကျပ်ကျပ် ချမှတ်ဆောင်ရွက်တာက စီးပွားရေးကို ပိုပြီးမြန်မြန်ဆန်ဆန် ဆုတ်ယုတ်ကျဆင်းစေတယ်ဆိုတဲ့အချက်ကို တွေ့ရပါတယ်။

### အိမ်ထောင်စု အသုံးစရိတ်ကျဆင်း

တက္ကဆက်၊ ကယ်လီဖိုးနီးယားနဲ့ ချီကာဂိုတက္ကသိုလ်တွေက လေ့လာရေးအဖွဲ့တစ်ဖွဲ့ကတော့ စီးပွားရေးဆုတ်ယုတ်စေတဲ့ အကြောင်းရင်းဟာ အများစုက ကန့်သတ်ပိတ်ဆို့မှုကြောင့်ဖြစ်ရတယ်လို့ အဖြေထုတ်လိုက်ပါတယ်။

လေ့လာသူတွေဟာ အိမ်ထောင်စုတွေ စစ်တမ်းကောက်ယူထားတဲ့ အချက်အလက်တွေကို အသုံးပြုခဲ့ကြရာမှာ အမေရိကန်အိမ်ထောင်စုတွေရဲ့ ပျမ်းမျှအသုံးစရိတ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလကနေ ဧပြီလအထိ အတောအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ လောက်အထိ ကျဆင်းသွားတယ်ဆိုတာကို တွေ့ရပါတယ်။

### အလုပ်အကိုင်ရရှိမှု လျော့ကျ

ကန့်သတ်ပိတ်ဆို့မှုတွေကြောင့် အလုပ်အကိုင်ရရှိမှုနှုန်းဟာ ၆၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားခဲ့သလို ကန့်သတ်ပိတ်ဆို့ခံထားရမှုအတွင်း အိမ်ထောင်စုတွေရဲ့ ငွေကြေးသုံးစွဲမှုဟာလည်း ပျမ်းမျှ ၃၁ ရာခိုင်နှုန်းအောက်လောက် လျော့ကျသွားတယ်လို့ သိရပါတယ်။

ဒီတော့ ဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် ဖြစ်ရတဲ့ အကြောက်တရားရယ် ရောဂါကူးစက်မှုကို ထိန်းချုပ်ဖို့ တင်းကျပ်စွာ ချမှတ်ရတဲ့ ကန့်သတ်ပိတ်ဆို့မှုရယ် နှစ်မျိုးစလုံးဟာ စီးပွားရေးဆိုင်ရာ ထိခိုက်ဆုတ်ယုတ်မှုကို ဖြစ်စေတဲ့ အဓိကအကြောင်းတရားဖြစ်တယ်လို့ မှတ်ချက်ချရမှာဖြစ်ပါတယ်။

ဒါပေမယ့် ကိုဗစ်-၁၉ ကပ်ရောဂါခြောက်လှန့်နေသေးသမျှ ကာလပတ်လုံးကတော့ အစိုးရတွေအနေနဲ့ ပြည်လူထုရဲ့ ဘေးကင်းလုံခြုံမှုကို ရှေးရှုပြီး ကန့်သတ်ပိတ်ဆို့မှုတွေလုပ်ဆောင်နေရဦးမှာဖြစ်သလို ကန့်သတ်ချက်တွေ တစ်ဆင့်ချင်း ဖြေလျှော့ပေးသွားတဲ့နေရာမှာလည်း ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အရေးကြီးလှပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ၊ဘီဘီစီ**




ဗြိတိန်၌ ပြန်လည်ဖွင့်လှစ်လိုက်သည် အရောင်းဆိုင်တစ်ခုတွင်ဝယ်သူအချို့ကိုတွေ့ရစဉ်။

> **"ကိုဗစ်-၁၉ ကပ်ရောဂါ ခြောက်လှန့်နေသေးသမျှ ကာလပတ်လုံးကတော့ အစိုးရတွေအနေနဲ့ ပြည်လူထုရဲ့ ဘေးကင်းလုံခြုံမှုကို ရှေးရှုပြီး ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ဆောင်နေရဦးမှာဖြစ်သလို ကန့်သတ်ချက်တွေ တစ်ဆင့်ချင်းဖြေလျှော့ပေးသွားတဲ့နေရာမှာလည်း ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အရေးကြီးလှပါတယ်"**

---

## နိုင်ငံတကာသတင်းတိုထွာ

## ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ခိုင်မာစွာဆောင်ရွက်သွားမည်

**မော်စကို ဇူလိုင် ၂၆**

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ခိုင်မာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ကမ္ဘာ့တည်ငြိမ်ရေး၏အရေးကြီးသည့်အကြောင်းရင်းဖြစ်ကြောင်း ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာကိုရိုဗာက မကြာသေးမီက ပြောကြားလိုက်သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများဆက်လက်ခိုင်မာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံသမ္မတရုံးသတင်းနှင့်ပြန်ကြားရေးဆိုင်ရာ အတွင်းရေးမှူး ဒီမီထရီ ပက်စ်ကော့ဗ်က ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံသည် အထူးမိတ်ဖက်ဆက်ဆံရေးတည်ရှိသောနိုင်ငံဖြစ်ကြောင်း ပြောကြားလိုက်သည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကုန်သွယ်ရေးကိစ္စ ဆွေးနွေးရန် ဗြိတိန်သွားမည်

**တိုကျို ဇူလိုင် ၂၆**

ဂျပန်နှင့် ဗြိတိန်နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတဲဂိ တိုရှိမိဆုက လာမည့်ဩဂုတ်လအစောပိုင်းတွင် ဗြိတိန်သို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ဗြိတိန်သည် ပြီးခဲ့သည့် ဇန်နဝါရီလက ဥရောပသမဂ္ဂမှထွက်ခွာခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင် ကူးပြောင်းရေးကာလ ကုန်ဆုံးမည်ဖြစ်သည်။

လက်ရှိတွင် ဂျပန်နှင့် အီးယူအကြား စီးပွားရေးမိတ်ဖက်သဘောတူညီမှုကို အခြေခံလျက် ဂျပန်က ဗြိတိန်နှင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိပြီး အကူးအပြောင်းကာလကုန်ဆုံးချိန်တွင် အခွန်ကောက်ခံမှုဆိုင်ရာ ဦးစားပေးမှုနှင့် အခြား စီမံချက်များ အကျုံးဝင်တော့မည်မဟုတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဝန်ကြီးအဆင့် ဆွေးနွေးမှုများတွင် ဗြိတိန်နှင့် ဂျပန်တို့အကြား စီးပွားရေးမိတ်ဖက် သဘောတူညီမှု အသစ်တစ်ရပ်ကို ယခုနှစ်ကုန်ပိုင်းတွင် ချုပ်ဆိုနိုင်ရန် မစ္စတာမိုတဲဂိတိုရှိမိဆုက မျှော်မှန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မိမိ၏ စိတ်ချမ်းသာမှုကို မိမိသာလျှင် ဖန်တီးနိုင်



ဘဝသက်တမ်းတစ်ခုတွင် ၅ လ ၆ လသည် ကြာမြင့်သည့်အချိန်ဟု မပြောနိုင်ပါကြောင်း၊ မကြာခဏ သတိပေးနေရသည်မှာ မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ မဟုတ်သဖြင့် စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရပါကြောင်း၊ စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရသည် ဆိုသည်မှာ စည်းကမ်းဖြင့် ရပ်တည်နေရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ကို လေးစားရမည်၊ စည်းကမ်းကို ထိန်းသိမ်းရမည်၊ မိမိကိုယ်ကို စိတ်ချမ်းသာစွာ နေတတ်အောင်နေရမည်ဖြစ်ပါကြောင်း၊ မိမိစိတ်ချမ်းသာမှုကို မိမိသာလျှင် ဖန်တီးနိုင်ပြီး မည်သူမျှ ဖန်တီးပေး၍ မရပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

▼ *ကျောဖုံးမှ*

တဲလ်အဗီးမြို့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့အပြင် ထိုင်ဝမ်(တရုတ်-တိုင်ပေ)တွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၈ ဦးအား China Airlines ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ထို့အတူ နိုင်ငံတကာသင်္ဘောအသီးသီးတွင် တာဝန်ထမ်းဆောင်နေပြီး စာချုပ်သက်တမ်းပြည့်လွန်နေသဖြင့် Crew Change ပြုလုပ်ရန် လိုအပ်နေသည့် မြန်မာသင်္ဘောသား စုစုပေါင်း ၄၅ ဦးအား သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ၏စီစဉ်ပေးမှုအရ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI) အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး၊ စင်ကာပူမြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၈၃၁ ဦးအား ကယ်ဆယ်ရေး/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## COVID – 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၆**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID - 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ရန်ကုန် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဂုဏ်ပြုမှတ်တမ်းလွှာ လူမှုကူညီ ကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)ထံပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း တက်ရောက်အမှာစကားပြောကြားသည်။




တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မှုနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စနစ်တကျ ကိုယ်ကျွမ်းကျင်ပိုင်နိုင်သည့်နေရာမှ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ခဲ့သည်များကို ကျေးဇူးတင်ရှိကြောင်းနှင့် စေတနာ့ဝန်ထမ်းတစ်ယောက်၏ ရက်ရောမှု၊ စာနာကရုဏာထားမှု၊ စိတ်ရှည်သည်းခံမှု၊ တာဝန်ယူနိုင်မှု၊ နိုင်ငံသားများအပေါ် ဂရုစိုက်ပေးဆပ်မှု၊ လိုအပ်သူများထံ မျှဝေနိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု အရည်အချင်းများကို ဖတ်ကြားပြ၍ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ယင်းနောက် လူမှုကူညီ ကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ Covid-19 Rescue Taskforce ၏ ညှိနှိုင်းရေးမှူးတို့က အမှာစကားအသီးသီး ပြောကြားကြပြီးနောက် လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက Covid-19 Rescue Taskforce အဖွဲ့၏ အတွင်းရေးမှူးနှင့် ညှိနှိုင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် ခရိုင်မှူးများ၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

Covid-19 Rescue Taskforce ၏ ညှိနှိုင်းရေးမှူး ဦးသန့်ဇင်က ဧပြီ ၁ ရက်မှစ၍ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် တာမွေမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် Covid-19 Rescue Taskforce -OCRT ကို ရန်ကုန်မြို့မှ လူမှုကယ်ဆယ်ရေးအဖွဲ့စုံပါဝင်သည့် တရားဝင်ဖွဲ့စည်းခဲ့ပြီး ဆရာတော်ကြီးများကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့က စေတနာ့ဝန်ထမ်းများအား နေ့စဉ်ငွေကျပ်ခြောက်သိန်းခန့်ဖြင့် စုစုပေါင်းငွေကျပ်သိန်း ၈၀၀ ကျော်ကုန်ကျခံ၍ ယနေ့အထိ ကျွေးမွေးခဲ့ပါကြောင်း၊ နိုင်ငံတော် စေတနာ့ဝန်ထမ်းတပ်ဖွဲ့ကို ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်ရန် တင်ပြထားပြီး ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် အခြေခံသင်တန်းကို မကြာမီ သင်ယူနိုင်တော့မည် ဖြစ်ပါကြောင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းပေးနိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ စေတနာ့ဝန်ထမ်းရာတွင် အသက် ၁၄ နှစ်မှ အသက် ၄၀ အတွင်းသာ လူမှုကယ်ဆယ်ရေး ရှေ့တန်းထွက်ရန် သင့်သဖြင့် လူငယ်များ ဝင်ရောက်စေလိုကြောင်း၊ ယခုကာလတွင် ငွေအား၊ လုပ်အား ကူညီပေးခဲ့သည့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း အဖွင့်မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသည်။

လူမှုကူညီကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)တွင် အသင်း ၁၄၁ သင်း၊ အသင်းဝင် ၄၃၇၄ ဦး၊ ယာဉ်အစီး ၂၈၀ တို့ဖြင့် ခါတ်ဆီ၊ ဒီဇယ်ဂါလန် ၁၇၃၄၀ သုံးစွဲပြီး Quarantine ဝင်သူများကို Quarantine စင်တာများသို့ ပို့ဆောင်ပေးခြင်း၊ မတော်တဆထိခိုက်မှုမှ လူပေါင်း ၆၁၈၀ အား ဆေးရုံသို့ပို့ဆောင်ခြင်း၊ ကိုဗစ်ကာလ ရန်ကုန်မြို့ရှိ ဆေးရုံများမှ သေဆုံးသူ ၅၄၅ ဦးကို PPE ဝတ်စုံများဝတ်၍ မီးသင်္ဂြိုဟ်ရာနေရာများအထိ ပို့ဆောင်ပေးခဲ့ကြောင်း YRO ၏ ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောသည်။

**သန့်ဇင်ဝင်း**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆–၇–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၅–၇–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၅၀)ခုတွင်–
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၂၆–၇–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၉) ဦးရှိပြီဖြစ်ပါသည်။

၃။ (၂၅–၇–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၈၉၈) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၉၇) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု
- စုစုပေါင်း (၁,၄၃၁) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၆-၇-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၅-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၂၅၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၆-၇-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၄၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၈၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၅-၇-၂၀၂၀) ရက်နေ့ COVID-19 ဓာတ်ခွဲစစ်ဆေးမှုများတွင် ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု**

**(၂၆-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 349 | ၂၄ နှစ် | မ | ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ် | မရှိ | ရှိ (ထိုင်း) | ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြဝတီမြို့နယ်) |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၆–၇–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၀) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၈၆) ခု၊ စုစုပေါင်း (၈၆၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၂၆–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၅၀) ဦးရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case– 317, 325) ရှိသဖြင့် စုစုပေါင်း(၂၉၀) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၇၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၅–၇–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၆–၇–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၂) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၆-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၆-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၂) ခု |
| (၂၆-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၀) ခု |
| (၂၆-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၀) ခု |
| (၂၆-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၆-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၅၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၂၉၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၆-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**

**ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 350 | ၅၀ နှစ် | ကျား | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | ရှိ (အမေရိကန်) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်္ဂလာဒုံမြို့နယ်) |

# ကိုဗစ် -၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၀ ရှိပြီ

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၅၀ ရှိပြီဖြစ်ပြီး ပိုးတွေ့ရှိသူနှစ်ဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦး ဖြစ်သည်။

ရောဂါပိုးတွေ့ရှိသူ ၃၅၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ဦးရေ ၂၉၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၇၂ ဦးနှင့် ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၂၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၂ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၀၅၂၆ | ၃၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၉၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၆၇၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၇၂ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၇ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၅၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၆-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၆-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၂၇၆၇၃ | ၂၀၆၁၇၇၇ | ၁၄၉၄၉၀ |
| ၂။ | ဘရာဇီး | ၂၃၉၆၄၃၄ | ၁၆၁၇၄၈၀ | ၈၆၄၉၆ |
| ၃။ | အိန္ဒိယ | ၁၄၁၂၅၆၉ | ၉၀၂၃၆၇ | ၃၂၃၅၉ |
| ၄။ | ရုရှား | ၈၁၂၄၈၅ | ၆၀၀၂၅၀ | ၁၃၂၆၉ |
| ၅။ | တောင်အာဖရိက | ၄၃၄၂၀၀ | ၂၆၃၀၅၄ | ၆၆၅၅ |
| ၆။ | မက္ကဆီကို | ၃၈၅၀၃၆ | ၂၄၇၁၇၈ | ၄၃၃၇၄ |
| ၇။ | ပီရူး | ၃၇၉၈၈၄ | ၂၆၃၁၃၀ | ၁၈၀၃၀ |
| ၈။ | ချီလီ | ၃၄၃၅၉၂ | ၃၁၆၁၆၉ | ၉၀၂၀ |
| ၉။ | စပိန် | ၃၁၉၅၀၁ | စိစစ်ဆဲ | ၂၈၄၃၂ |
| ၁၀။ | ဗြိတိန် | ၂၉၈၆၈၁ | စိစစ်ဆဲ | ၄၅၇၃၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၉၈၇၇၈ | ၅၆၆၅၅ | ၄၇၈၁ |
| ဖိလစ်ပိုင် | ၈၀၄၄၈ | ၂၆၁၁၀ | ၁၉၃၂ |
| စင်ကာပူ | ၅၀၃၆၉ | ၄၅၃၅၂ | ၂၇ |
| မလေးရှား | ၈၈၉၇ | ၈၆၀၀ | ၁၂၄ |
| ထိုင်း | ၃၂၉၁ | ၃၁၀၉ | ၅၈ |
| ဗီယက်နမ် | ၄၂၀ | ၃၆၅ | ၀ |
| မြန်မာ | ၃၅၀ | ၂၉၀ | ၆ |
| ကမ္ဘောဒီးယား | ၂၂၅ | ၁၄၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

# နမ့်စန်မြို့နယ်တွင် ကိုဗစ် – ၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် တောင်သူများအား မြေဩဇာ၊ ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်




**နမ့်စန် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ကိုဗစ် – ၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မြို့နယ်အတွင်းရှိ တောင်သူများအား မြေဩဇာ၊ ပိုးထောင်ချောက်နှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ဝမ်ပုံကျေးရွာ လွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်နန်းစောမြက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် ဦးစိုင်းလုံ၊ ပြည်နယ်မြေအသုံးချ တာဝန်ခံ ဦးအောင်ဇော်မိုး၊ လွိုင်လင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းစောမြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ နမ့်စန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းတို့က ကျေးရွာအုပ်စုငါးအုပ်စုအတွက် ဓာတ်မြေဩဇာ ၅၅ အိတ်၊ ပိုးထောင်ချောက်ထုပ်နှင့် အရည်ရယူ အခု ၄၀ နှင့် ပိုးသတ်ဆေးအမှုန့်ထုပ် ၂၀၀ နှင့် ပိုးသတ်ဆေးရည်ဘူး ၁၀၀ တို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) မောင်ကျော်ကြီး**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝါးအခြေခံလက်မှုထည် လက်တွေ့လုပ်ငန်းခွင်ဝင်သင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော် ဇေယျာသီရိမြို့နယ် ဂန်ပြန်ကျေးရွာ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၌ ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဝါးအခြေခံလက်မှုထည် လက်တွေ့လုပ်ငန်းခွင်ဝင် သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ **(ယာပုံ)**

“ယခုသင်တန်းကို သင်တန်းသား ၂၅ ဦး သတ်မှတ်ထားပြီး ၁၁ ရက်ကြာ ဇူလိုင် ၁၆ ရက်မှ ၂၆ ရက်အထိ သင်ကြားပေးကာ သင်တန်းသားတစ်ဦးကို တစ်နေ့ထောက်ပံ့ငွေကျပ် ၄၀၀၀ ထောက်ပံ့ပေးပါတယ်။ ဒီသင်တန်းမှာ ဝါးကိုအခြေခံပြီး အချောထည်တွေ ပြုလုပ်နည်းတွေကို အဓိက သင်ကြားပေးပါတယ်။ ဆန်ကော၊ ဆန်ခါ၊ ဖျာ၊ ရေအိုးဖုံး ဒါတွေအပြင် ပြုလုပ်ပြီးသား ဝါးအချောထည်တွေကို ဆေးရောင်ခြယ်ဖို့ သဘာဝဆေးစပ်နည်းတွေလည်း သင်ကြားပေးခဲ့ကာ သင်တန်းဆင်းတွေကို လုပ်ငန်းခွင် အသုံးပြုနိုင်ဖို့ ဆက်စပ်ပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးပါတယ်” ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဇင်ထွန်းက ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပြည်သူ ၉၀၀၀ကို ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်အနေဖြင့် အသေးစား လူသုံးကုန်ထုတ်ပစ္စည်းများ၊ ယက်ကန်း၊ လျှပ်စစ်၊ ဝါး၊ အုန်းနှင့်ပတ်သက်သည့် အခြေခံသင်တန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကာကွယ်ရေး ထုတ်ပြန်ချက်များနှင့်အညီ သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်( မြန်မာ့အလင်း )**

**ဓာတ်ပုံ – ဇော်ဘီ**



# ကိုဗစ်-၁၉ ကုစားဖို့ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ထူထောင်စို့

**အေးအေးကြူ(ကျေးလက်ဦးစီး)**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ထိခိုက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများကို ကုစားပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေး စီမံချက်(Covid-19 Economic Relief Plan)ကို နိုင်ငံတော်အစိုးရက ယခုနှစ် ဧပြီ ၂၇ ရက်က ရေးဆွဲထုတ်ပြန်ခဲ့ပြီးဖြစ်သည်ကို ပြည်သူများ အသိပင်ဖြစ်သည်။

ထိုအစီအစဉ်တွင် ပါဝင်သည့် လုပ်ငန်းစီမံချက် ၂.၁.၇ (ခ) ငွေကြေးထောက်ပံ့ခြင်း (Cash or Lending Support)အစီအစဉ်အရ ကျေးလက်နေ လုပ်ကွက်ငယ် ဆောင်ရွက်လုပ်ကိုင်နေသည့် တောင်သူများ၊ ထုတ်လုပ်ရောင်းချသူများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရန် သွင်းအားစုနှင့် လိုအပ်သည့် ငွေကြေးအရင်းအနှီး ထောက်ပံ့နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (Village Revolving Fund Project – VRFP)ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

**စီမံကိန်းကျေးရွာရွေးချယ်ရေး စံနှုန်းများ**

စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် ၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များအရ လုပ်ကွက်ငယ်တောင်သူနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ အများဆုံးရှိသည့် ကျေးရွာအုပ်စု ၅၀ ရာခိုင်နှုန်းတွင် ပါဝင်သော ကျေးရွာများ၊ ထုတ်ကုန်များကို စျေးကွက်သို့ပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့သည့် ကျေးရွာများ၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှု အများဆုံး ကြုံတွေ့ခဲ့ရသည့် ကျေးရွာများ၊ စိုက်ပျိုးရေး/မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ကျေးရွာများ၊ လုံခြုံရေးကောင်းမွန်ပြီး နယ်မြေလုံခြုံအေးချမ်းသော ကျေးရွာများနှင့် စီမံကိန်းဆောင်ရွက်ရန် စိတ်အားထက်သန်မှုရှိသော ကျေးရွာများကို ရွေးချယ်သည်။

**အိမ်ထောင်စုများ ရွေးချယ်ရာတွင် အခြေခံရမည့် မူများ**

ကျေးရွာမတည်ရန်ပုံငွေမှ ချေးငွေရယူလိုသည့် အိမ်ထောင်စုများ ရွေးချယ်ရာတွင် လုပ်ကွက်ငယ်တောင်သူများ၊ လက်ရှိ စီးပွားရေးဆောင်ရွက်လျက်ရှိသော သို့မဟုတ် တိုးချဲ့ဆောင်ရွက်လိုသော အသေးစား စီးပွားရေး လုပ်ကိုင်သူများကိုသာ စိစစ်ရွေးချယ်ရမည်ဖြစ်သည်။ အထူးသဖြင့် အောက်ဖော်ပြပါ အိမ်ထောင်စုများအား ဦးစားပေး ချေးငွေချထားပေးရပါမည်။

(၁) ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ထိခိုက်သွားသော အိမ်ထောင်စုများ၊

(၂) လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုး/မွေးမြူ ထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများ၊

(၃) အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ။

> **"ကျေးရွာမတည်ရန်ပုံငွေမှ ချေးငွေရယူလိုသည့် အိမ်ထောင်စုများရွေးချယ်ရာတွင် လုပ်ကွက်ငယ်တောင်သူများ၊ လက်ရှိစီးပွားရေးဆောင်ရွက်လျက်ရှိသော သို့မဟုတ် တိုးချဲ့ဆောင်ရွက်လိုသော အသေးစားစီးပွားရေး လုပ်ကိုင်သူများကိုသာ စိစစ်ရွေးချယ်ရမည်ဖြစ်"**

**ဆောင်ရွက်မည့်နည်းလမ်း**

၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များအရ လုပ်ကွက်ငယ် တောင်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ အများဆုံးရှိသော ကျေးရွာအုပ်စု ၅၀ ရာခိုင်နှုန်းတွင် ပါဝင်သည့် ကျေးရွာ တစ်ရွာချင်း၏ အိမ်ခြေ ၁၀၁ အိမ်နှင့်အထက်ကို ကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၁ အိမ်နှင့် ၁၀၀ ကြားကို ကျပ်သိန်း ၂၀၀ နှင့် အိမ်ခြေ ၅၀ အောက်ကို ကျပ်သိန်း ၁၀၀ မတည်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပြည်သူဗဟိုပြု ချဉ်းကပ်မှုနည်းလမ်းအတိုင်း ကျေးရွာနေပြည်သူများ၏ သဘောတူညီချက်ဖြင့် ကျေးရွာလူထုကိုယ်တိုင် စီမံခန့်ခွဲ အကောင်အထည်ဖော် ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုမည်ဖြစ်သည်။

**ကျေးရွာမတည်ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်းကို ဆောင်ရွက်မည့် ကျေးရွာနေ ပြည်သူများ၏ အများသဘောဆန္ဒဖြင့် ကျေးရွာသူ ရွာသားများ ပါဝင်သော ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်း ကော်မတီကို အိမ်ခြေ ၁၀၁ အိမ်နှင့် အထက်(Type-1)တွင် ကော်မတီဝင် ခုနစ်ဦးဖြင့်လည်းကောင်း၊ အိမ်ခြေ ၁၀၀ အောက်(Type-2/3)တွင် ကော်မတီဝင် ငါးဦးဖြင့်လည်းကောင်း ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီဝင်များတွင် အနည်းဆုံး အမျိုးသမီးဦးရေ ၄၀ ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းရမည်ဖြစ်သည်။

**အတိုးနှုန်းနှင့် စီမံကိန်းဝိသေသများ**

စီမံကိန်း စတင်သည့်နှစ်တွင် ချေးငွေကို ငွေ ၁၀၀ ကျပ် တစ်လအတွက် ပြား ၅၀ နှုန်းဖြင့် ထုတ်ချေးရမည်ဖြစ်ပြီး စီမံကိန်း နောက်နှစ်များတွင် ငွေ ၁၀၀ ကျပ် ချေးငွေကာလ တစ်လအတွက် ပြား ၅၀ နှုန်းမှ ၁ ကျပ် ပြား ၅၀ နှုန်းအထိ သင့်လျော်သည့် အတိုးနှုန်းကို ကျေးရွာသူ ရွာသားများ၏သဘောတူဆန္ဒဖြင့် ကျေးရွာကော်မတီက သတ်မှတ်နိုင်သည်။

ထိုသို့ မတည်ရန်ပုံငွေစီမံကိန်း ထူထောင်ပေးခြင်းဖြင့် ရန်ပုံငွေကို ကျေးရွာလူထုက ကိုယ်တိုင် စီမံခန့်ခွဲနိုင်ခြင်း၊ သတ်မှတ်ချက်နှင့် ကိုက်ညီသော ကျေးရွာသူ/ကျေးရွာသားများသည် လွယ်လင့်တကူ ချေးငွေရရှိနိုင်ခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ အတိုးပေးသွင်းမည့်ကာလ သတ်မှတ်နိုင်ခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ကျား/မ တန်းတူညီမျှ ပါဝင်သော အလေ့အကျင့် ရရှိလာစေခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရခြင်း၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာမှ ပိုင်ဆိုင်သော မတည်ရန်ပုံငွေ ထူထောင်၍ စဉ်ဆက်မပြတ် တည်ရှိမည့် မတည်ရန်ပုံငွေဖြစ်သည်။

**အကျိုးကျေးဇူး**

စီမံကိန်းကျေးရွာများတွင် မတည်ရန်ပုံငွေ စီမံကိန်းထူထောင်၍ မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကိုလည်း ခံစားရမည်ဖြစ်သည်။

(၁) စီမံကိန်းမတည်ရန်ပုံငွေ ထူထောင်ပေးခြင်းဖြင့် အိမ်ခြေ ၁၀၁ အိမ်နှင့်အထက်ရှိသော Type-1 တွင် တစ်ရွာလျှင် ပျမ်းမျှအိမ်ထောင်စု ၁၄၀၊ Type-2 အိမ်ခြေ ၅၁ အိမ်နှင့် ၁၀၀ ကြားတွင် တစ်ရွာလျှင် ပျမ်းမျှအိမ်ထောင်စု ၈၀၊ အိမ်ခြေ ၅၀ နှင့် အောက် Type-3 တွင် တစ်ရွာလျှင် ပျမ်းမျှအိမ်ထောင်စု ၄၀ အကျိုးကျေးဇူးများ ရရှိနိုင်ခြင်း၊

(၂) နိုင်ငံတော်ကဆောင်ရွက်သည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေး အစီအစဉ်ကို အထောက်အကူ ပြုနိုင်ခြင်း၊

(၃) ရရှိသောငွေကြေးဖြင့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သဖြင့် လုပ်ငန်းများ ပြန်လည် လည်ပတ်လာနိုင်ခြင်း/ တိုးချဲ့နိုင်ခြင်း၊

(၄) အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်း ပေါ်ပေါက်လာခြင်း၊

(၅) ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် နည်းပညာများ ရရှိလာခြင်း၊ မိသားစုဝင်ငွေ တိုးပွားလာခြင်း၊

(၆) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်း၊

(၇) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အလေ့အထများ ဖွံ့ဖြိုးလာခြင်း၊

(၈) အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်း၊

(၉) စွမ်းဆောင်ရည် မြင့်မားလာခြင်းနှင့် ဒီမိုကရေစီ နည်းလမ်းကျကျ စုပေါင်းညှိနှိုင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာခြင်း။

**ပြည်သူ့အကျိုးပြု စီမံကိန်းတစ်ခု**

သို့ဖြစ်၍ ကျေးလက်ဒေသနေ ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ကာ ကျေးရွာပေါင်း ၁၇၁၀ တွင် ရန်ပုံငွေ မတည်ပေးခြင်းဖြင့် နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး အစီအစဉ်ကို အထောက်အကူပြုသည့်အတွက် ပြည်သူ့အကျိုးပြု စီမံကိန်းတစ်ခုဖြစ်ကြောင်း ပြည်သူအများ မုဒိတာပွားများနိုင်ရန် တင်ပြလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်ကူညီထောက်ပံ့ငွေကို ပြည်သူများလက်ဝယ်ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်က အခြေခံလူတန်းစားများအား အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် ၂၀၀၀၀ နှုန်း ကူညီထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

"ယနေ့ ကိုဗစ်-၁၉ ကာလအတွင်းမှာ နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေကို ငွေလက်ဝယ်ရရှိရေး ပေးအပ်တာဖြစ်တယ်။ အခုလို ပေးအပ်တဲ့အခါမှာလည်း ဇူလိုင် ၂၅ ရက်နဲ့ ၂၆ ရက်မှာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် တချို့မလာရောက်နိုင်တဲ့သူဆို အိမ်ကို သွားရောက်ပေးအပ်ပါတယ်။ ပေးအပ်တဲ့အခါ ထောက်ပံ့ငွေ ရရှိသင့်သူတွေ မကျန်ရှိရေးအတွက် အုပ်ချုပ်ရေးမှူးတွေ တင်ပြတဲ့စာရင်းကို သေချာစိစစ်ပြီး အခုလိုလက်ဝယ်ပေးတာ ဖြစ်ပါတယ်" ဟု တောင်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်က ပြောသည်။

နိုင်ငံတော်ကပေးအပ်သော ကူညီထောက်ပံ့ငွေကို ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်တွင် ယနေ့ အိမ်ထောင်စု ၉၉၆၈ စုကို ပေးအပ်သည်။ ယခင် နိုင်ငံတော်က ကိုဗစ်- ၁၉ ကာလအတွင်း အခြေခံလူတန်းစားများအား ကူညီထောက်ပံ့ပေးသော အခြေခံပစ္စည်းငါးမျိုးကို ဧပြီလက ပေးအပ်ခဲ့ရာ ကျန်ရှိသည့် အိမ်ထောင်စုများအား အခြေခံပစ္စည်းငါးမျိုးနှင့် တန်ဖိုးညီမျှသော ငွေကျပ်တစ်သောင်းနှုန်းကိုလည်း စိစစ်၍ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

"နိုင်ငံတော်က အဒေါ်တို့ အခြေခံလူတန်းစားတွေကို အခုလို ငွေကြေးထောက်ပံ့ပေးတာ အတိုင်းမသိ ဝမ်းသာရပါတယ်။ ပထမတစ်ခါ အခြေခံစားသောက်ကုန်တွေ ပေးတုန်းကလည်း အဒေါ်ရခဲ့တယ်။ အခုလို ငွေကြေးထောက်ပံ့ပေးတော့ အဒေါ်တို့ မိုးခိုတွေအနေနဲ့ မိသားစုအတွက် လုံးဝမဖူလုံသွားပေမယ့် တစ်ထောင့်တစ်နေရာက ဖြည့်ဆည်းမှုလေး ရတော့ အဆင်ပြေပါတယ်"ဟု တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) ရပ်ကွက်မှ ဒေါ်ကြွေရင်က ပြောသည်။

ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား ပြီးခဲ့သော ဧပြီလအတွင်းက ပထမအကြိမ် အခြေခံစားသောက်ကုန်ငါးမျိုးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကူညီထောက်ပံ့ပေးအပ်ခဲ့ပြီး ယခု ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများကိုလည်း အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ဒုတိယအကြိမ် ထပ်မံ ကူညီထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။ ယင်းသို့ ကူညီထောက်ပံ့ပေးရာတွင်သက်ဆိုင်ရာဌာနများအနေဖြင့်လည်း သေချာစိစစ်ပြီး သတ်မှတ်ပြည်သူများလက်ဝယ် မှန်ကန်စွာ ရောက်ရှိရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပုံမှန်ဝင်ငွေမရှိသောပြည်သူများအား ထောက်ပံ့ငွေပေးအပ်စဉ်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# ၂၀၁၉-၂၀၂၀ ပရီမီယာလိဂ် ဘောလုံးရာသီပြီးဆုံး

## ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ပြိုင်ဘက်များကို အနိုင်ယူပြီး မန်ယူနှင့် ချယ်လ်ဆီးရရှိ၊ ဘုန်းမောက်၊ ဝက်ဖို့ဒ်နှင့် နော့ဝှစ်တို့ တန်းဆင်းသွားပြီဖြစ်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၈) နောက်ဆုံးရာသီပိတ်ပွဲစဉ်များကို ဇူလိုင် ၂၆ ရက် ည ၉ နာရီခွဲတွင် တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး လက်စတာနှင့် မန်ယူပွဲစဉ်တွင် အဝေးကွင်း၌ မန်ယူအသင်း နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။


ယင်းပွဲတွင် အိမ်ရှင်လက်စတာသည် ၃-၅-၂ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည်မန်ယူက ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အမှားအယွင်းမရှိအောင် ထိန်းကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၇၁ မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီအခွင့်အရေးရရှိခဲ့ရာ ဖာနန်ဒက်စ်က အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သည်။ လက်စတာအသင်းသည် လက်ကျန်ပွဲချိန်များကို တိုက်စစ်မြှင့် ဖိအားပေးကစားရာ ပွဲပြီးချိန်ထိ ချေပဂိုး ပြန်လည်သွင်းနိုင်ခြင်းမရှိဘဲ ပွဲပြီးခါနီးအချိန်ပို နောက်ဆုံးမိနစ်တွင် လက်စတာဂိုးသမား ရှမိုက်ကယ် မှားယွင်းမှုကြောင့် လင်ဂတ်က မန်ယူအတွက် ဒုတိယမြောက် ဂိုးသွင်းယူပေးခဲ့သည်။

ယနေ့ပွဲတွင် ဘောလုံးပိုင်ဆိုင်မှုမှာ မတိမ်းမယိမ်းဖြစ်ခဲ့ပြီး ဂိုးကန်သွင်းခွင့်တွင် လက်စတာက ၁၄ ကြိမ်အထိ ရရှိခဲ့သော်လည်း အဆုံးသတ် မသေချာမှုကြောင့် ဂိုးမရရှိခဲ့ပေ။ မန်ယူသည် ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၈) အခြားပွဲစဉ်ရလဒ်များအဖြစ် အာဆင်နယ်က ဝက်ဖို့ဒ်ကို သုံးဂိုး-နှစ်ဂိုး၊ ဘရိုက်တန်က ဘန်လေကို နှစ်ဂိုး-တစ်ဂိုး၊ ချယ်လ်ဆီးက ဝုဖ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ပဲလေ့စ်နှင့် စပါးပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဘုန်းမောက်က အဲဗာတန်ကို သုံးဂိုး-တစ်ဂိုး၊ မန်စီးတီးက နော့ဝှစ်ချ်ကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရသည်။ လီဗာပူးက နယူးကာဆယ်ကို သုံးဂိုး-တစ်ဂိုး၊ ဆောက်သမ်တန်က ရှက်ဖီးလ်ယူနိုက်တက်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဝက်စ်ဟမ်းနှင့် ဗီလာမှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

ရာသီပိတ်ပွဲစဉ် (၃၈) ယှဉ်ပြိုင်အပြီးတွင် လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်၊ ယူရိုပါလိဂ်ဝင်ခွင့်နှင့် တန်းဆင်းရမည့်အသင်းများ ထွက်ပေါ်ခဲ့သည်။ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်တွင် ချန်ပီယံ လီဗာပူးနှင့် မန်စီးတီး၊ မန်ယူ၊ ချယ်လ်ဆီးတို့ဖြစ်ပြီး ယူရိုပါလိဂ်ဝင်ခွင့်တွင် လက်စတာနှင့် စပါးအသင်းတို့ ဝင်ခွင့်ရခဲ့သည်။ အာဆင်နယ်အသင်းသည် အဆင့် ၈ ၌သာ ကျေနပ်ခဲ့ရပြီး ဘုန်းမောက်၊ ဝက်ဖို့ဒ်နှင့် နော့ဝှစ်ချ်တို့သည် တန်းဆင်းရမည်ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ခုနှစ် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို သွင်းဂိုး ၂၃ ဂိုးဖြင့် လက်စတာတိုက်စစ်မှူး ဗာဒီက ရရှိခဲ့ပြီး အသက်ကြီးကစားသမား ရွှေဖိနပ်ဆုရှင်အဖြစ်လည်းကောင်း၊ ဂိုးဖန်တီးမှုဆုကို မန်စီးတီးမှ ဒီဘရိုင်းက အကြိမ် ၂၀ ဖြင့်လည်းကောင်း ဆုရရှိသည်။

**သီဟ**



မန်ယူအတွက် အဖွင့်ဂိုးကို ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်က ပယ်နယ်တီမှ ကန်သွင်းယူနေစဉ်။




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၇ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၇၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၀၅၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၀ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၃၀ | ကျပ် | ၆၇၅/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၀ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၈ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၃ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၀ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၁၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၅၂၇ | ၅၅၃၃၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၅၁၉ | ၁၉၆၉၇၀၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၁၃ | ၂၄၃၁၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀ | ၂၇၅၀၀ |
| EFR | ၂၇၀၀ | ၂၈၀၀ | ၆၅၇ | ၁၈၃၃၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ ဒုတိယအကြိမ် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**သုတေသနအလုပ်ကို ကျွန်တော် စီးပွားရေးတက္ကသိုလ်မှာ ဆရာပေါက်စဖြစ်တဲ့ ၁၉၆၆ ခုနှစ်ကစပြီး လုပ်ခဲ့တာ။ အဲဒီအချိန်ကစပြီး သုတေသနရောဂါပိုး ကူးစက်ခံရတာ။ ကျေးဇူးရှင်က ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ကြည်။ သူက အမေရိကန်နိုင်ငံ နာမည်ကြီးတက္ကသိုလ်က ပါရဂူဘွဲ့ရခဲ့သူ။ MBA ဘွဲ့ကို ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်မှာ ရယူခဲ့သူ။ ဟားဗတ် MBA ဆိုတာက အင်မတန်ရှားတာ။ ဒီဘွဲ့ကို ပထမဆုံးမြန်မာပြည်က ရခဲ့သူက ပါမောက္ခ ဆရာကြီး ဝီလျံပေါ။ ဒေါက်တာခင်မောင်ကြည်က သူ့တပည့်တွေဖြစ်တဲ့ ကျွန်တော်တို့ကို သုတေသနကို မိတ်ဆက်ပေးခဲ့ပြီး အားပေးခဲ့တာ။ ကျွန်တော် နည်းပြဆရာ ရာထူးလက်ခံရရှိတော့ ဝါဏိဇ္ဇဗေဒဌာနမှာ မရခဲ့ဘဲ သုတေသနဌာနမှာ ခန့်အပ်ခြင်းခံရတာ။ ဒီဌာနကလည်း အထူးအဆန်း၊ ပါမောက္ခက ကမ္ဘာကျော် စီးပွားရေးပညာရှင် ဒေါက်တာ Finollay၊ သူ့ကို နိုင်ငံတော်က ချီးမြှောက်ချင်တာမို့ ဌာနမရှိတဲ့ သုတေသနဌာနကို ဖွဲ့စည်းပြီး ရာထူးပေးထားတာ။ ကျွန်တော့်ကို ခန့်တဲ့အခါမှာလည်း ဆရာ့လိုပဲ သုတေသနဌာန နည်းပြအနေနဲ့။ ဒါပေမယ့် အလုပ်တွေက ဝါဏိဇ္ဇဗေဒဌာနမှာပဲ လုပ်ရတာ။**

ပါမောက္ခ ဒေါက်တာခင်မောင်ကြည်ဟာ နောက်ပိုင်းမှာ သုတေသနဌာနမှာပဲ ပါမောက္ခရာထူးရခဲ့သူ။ ကာလက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်။ နှစ်စဉ်သုတေသန ညီလာခံတွေကို ခမ်းခမ်းနားနားကျင်းပပေးခဲ့တယ်။ ဒီညီလာခံတွေမှာ သုတေသနစာတမ်းတွေ တင်သွင်းပြီး ဖတ်ကြားခဲ့ရတယ်။ ကျွန်တော်တို့ လူငယ်ဆရာငယ်တွေက ဆရာကြီးတွေရဲ့နောက် လိုက်ပြီး အတုယူခဲ့ရတာ။ တစ်ချိန်မှာလည်း ကျွန်တော့်ရဲ့ဆန္ဒက ပါရဂူဘွဲ့ရယူချင်တာမို့ ဒေါက်တာဘွဲ့ရဲ့ အခြေခံဟာ သုတေသနလုပ်ငန်းပဲ ဖြစ်တယ်။ ကျွန်တော်လည်း နည်းပြဆရာဖြစ်တဲ့ အချိန်ကစပြီး ငါးနှစ်အတွင်း သုတေသန အတွေ့အကြုံတွေ စုစည်းနိုင်ခဲ့တယ်။ နိုင်ငံခြားပညာတော်သင်အဖြစ် အရွေးခံရပြီး အင်္ဂလန်နိုင်ငံကို စေလွှတ်ခြင်းခံရတယ်။ ပထမနှစ်နှစ်ကာလမှာတော့ မဟာသိပ္ပံဘွဲ့ရဖို့ ကြိုးစားခဲ့ရပြီး ကျန်တဲ့လေးနှစ်မှာ ပါရဂူဘွဲ့ကျမ်းကြီး ပြုစုဖို့ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ခြောက်နှစ်ကျော် အင်္ဂလန်မှာ ပညာသင်ခဲ့ပြီး စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှာ တာဝန်တွေ ဆက်လက်ထမ်းဆောင်ခဲ့ပါတယ်။ ဆရာကြီး ဝီလျံပေါက ကျွန်တော့်ကို သုတေသနအလုပ်တွေလုပ်ဖို့ အားပေးခဲ့တယ်။ တာဝန်တွေပေးခဲ့တယ်။

**ကျွန်တော့်ရဲ့ သုတေသနခရီးစဉ်**

ကျွန်တော့်ရဲ့ပါရဂူဘွဲ့ဟာ ကျန်းမာရေးစီမံခန့်ခွဲမှုနဲ့ ပတ်သက်တာမို့ မြန်မာပြည်ပြန်ရောက်စဉ် ကျန်းမာရေးဝန်ကြီးဌာနမှာ သုတေသနလုပ်ငန်းတွေ လုပ်ဖြစ်ခဲ့တယ်။ နှစ်စဉ်ကျင်းပတဲ့ မြန်မာနိုင်ငံဆရာဝန်များအသင်းက ကြီးမှူးကျင်းပတဲ့ညီလာခံမှာ သုတေသနစာတမ်းတွေ တင်သွင်းနိုင်ခဲ့တယ်။ ဒီလုပ်ငန်းတွေလုပ်ရင်း ညွှန်ကြားရေးမှူးချုပ်ဆရာကြီး ဒေါက်တာ ဦးဖေသိန်းနဲ့ရင်းနှီးခွင့်ရခဲ့တယ်။ ကျွန်တော့်ရဲ့သုတေသနဆောင်ရွက်ချက်တွေကို အရှေ့တောင်အာရှကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုခဲ့တယ်။ သုတေသနစီမံချက်တွေလုပ်ခွင့်ပေးခဲ့တယ်။ ပညာရေးဝန်ကြီးဌာနက ကြီးမှူးတဲ့ သုတေသနညီလာခံတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့တယ်။

အခုလို သုတေသနလုပ်နေတာကို တာဝန်ရှိသူတွေက အသိအမှတ်ပြုခဲ့တယ်။ ကျောင်းနေဖက် သူငယ်ချင်းဖြစ်တဲ့ ဒေါ်ခင်ဝေစိုးက သမဝါယမဝန်ကြီးဌာနမှာ ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်ယူနေစဉ် သူ့ရဲ့ဖိတ်ကြားချက်နဲ့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးစိန်ထွန်းနဲ့ ရင်းနှီးခဲ့တယ်။ ဝန်ကြီးက သုတေသနကို စိတ်ဝင်စားတယ်။ ကျွန်တော်ကလည်း ဝါသနာပါတော့ အဆင်ပြေသွားတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ သမဝါယမလောကနဲ့ ရင်းနှီးခွင့်ရခဲ့တယ်။ နှစ်စဉ်ကျင်းပတဲ့ ဗဟိုသမဝါယမအသင်းကြီးရဲ့ ညီလာခံတွေမှာ သုတေသနစာတမ်းတွေ ဖတ်ခဲ့ရတာ။ သုတေသနလုပ်ငန်းဟာ ကိုယ်တစ်ယောက်တည်း လုပ်မရဘဲ အစုအဖွဲ့နဲ့ လုပ်ရတာ ဖြစ်တယ်။ ကျွန်တော့်ရဲ့ တပည့်တွေက ကူညီပေးခဲ့တယ်။ အခုတော့ သူတို့ဟာ ပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေဖြစ်နေပြီ။ ကျန်းမာရေးသုတေသနလုပ်ငန်းတွေ ဆောင်ရွက်ရင်း ဒေါက်တာဦးတင်မြင့်၊ ဒေါက်တာ မျိုးသက်ထွန်း၊ ဒေါက်တာ သိန်းအုပ်ကျော်မြင့်၊ ဒေါက်တာ ဦးသိန်းအောင်တို့နဲ့ ရင်းနှီးခဲ့ပြန်တယ်။

သုတေသနလုပ်ငန်းတွေ အခုလို ရှစ်နှစ်ကျော် ဆောင်ရွက်ပြီး ဘွဲ့လွန်ပါရဂူဘွဲ့သုတေသနလုပ်ငန်း ဆောင်ရွက်ဖို့ အနောက်ဂျာမနီနိုင်ငံမှာ သုံးနှစ်ကျော် ဆောင်ရွက်ခဲ့ပါတယ်။ ပညာရေးခရီးရှည်မှာ ပါရဂူဘွဲ့ရပြီးတဲ့သူတွေဟာ နောက်တစ်ဆင့်အနေနဲ့ (Post-doctoral) ပါရဂူဘွဲ့လွန်သုတေသနကို ဆောင်ရွက်ဖို့ လိုအပ်တယ်။ ဒီသုတေသနလုပ်ငန်းလုပ်ခွင့်ရဖို့ သုတေသနပြိုင်ပွဲဝင်ရတာ။ ကိုယ်ဆောင်ရွက်ချင်တဲ့ သုတေသနအစီအစဉ်ကို တင်ပြပြီး တင်ပြချက်အပေါ် အခြေခံကာ ဒီဆုကိုချီးမြှောက်တာ။ သုတေသနကာလက အနည်းဆုံး ခြောက်လဖြစ်ပြီး အများဆုံးက သုံးနှစ်။ အခုလို သုတေသနလုပ်ငန်း အဆိုပြုချက်ကို ပြုစုတဲ့အခါ ကျွန်တော့်မှာ အခက်အခဲတွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ပတ်သက်ပြီး သုတေသနလုပ်ခွင့်မပေးတာမို့ ပြဿနာတက်ခဲ့တယ်။ ပစ္စုပ္ပန်ကာလကို လေ့လာခွင့်မပေးရင် အတိတ်ကာလအကြောင်း လေ့လာခွင့်တောင်းတဲ့အခါ ခွင့်ပြုခဲ့တယ်။ ဒါကြောင့် ကျွန်တော်လုပ်ချင်တာ လုပ်ခွင့်မရခဲ့ဘဲ မြန်မာနိုင်ငံရဲ့စီးပွားရေးသမိုင်းကို သုတေသနလုပ်ခွင့်ရခဲ့တယ်။ ကိုလိုနီကာလအတွင်း စီးပွားရေးလှုပ်ရှားမှုများနဲ့ပတ်သက်ပြီး လေ့လာခဲ့တယ်။ လိုအပ်တဲ့ အချက်အလက်တွေကို အင်္ဂလန်နိုင်ငံက နာမည်ကြီး ဗြိတိသျှ စာကြည့်တိုက်မှာ လေးလကျော် အချက်အလက်တွေစုစည်းခဲ့ရတယ်။ ဒီစာကြည့်တိုက်မှာ မြန်မာပြည်နဲ့ပတ်သက်တဲ့ အချက်မျိုးစုံရှိတဲ့ ရတနာ

> **"တက္ကသိုလ်တွေမှာ သုတေသနယဉ်ကျေးမှု ထိန်းကျောင်းဖို့ မက်လုံးတွေ လိုအပ်တယ်။ သုတေသနများများလုပ်သူကို ရာထူးတိုးဖို့ လိုတယ်။ ချီးမြှောက်ရမှာ ဖြစ်တယ်။ လုပ်ချင်တဲ့စိတ်ကို အားပေးရမှာ ဖြစ်တယ်။ ဒီပြင်ပပံ့ပိုးမှုတွေဟာ အရေးကြီးတာ လက်ခံပေမယ့် ကျွန်တော်က ကိုယ့်ဘဝနဲ့ယှဉ်ပြီး အကြံပြုခဲ့တာက သုတေသနဆိုတာ ကိုယ်ကိုယ်တိုင် လုပ်ချင်လို့လုပ်တာ ဖြစ်ရမယ်။ ရာထူးမတိုးလည်းလုပ်မယ်။ အသိအမှတ်မပြုလည်းလုပ်မယ်။ လုပ်ချင်လို့ လုပ်တာ ဖြစ်ရမယ်"**

သိုက်ကြီးတစ်ခုဖြစ်တယ်။

ဆရာကြီး ဦးဖေသိန်းရဲ့ကျေးဇူးကြောင့် ကျွန်တော်ဟာ ကျန်းမာရေးဝန်ကြီးဌာနမှာ အသစ်ဖွင့်လှစ်တဲ့ စီမံကိန်းနဲ့စာရင်းအင်းဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်တာဝန်ကိုယူခဲ့တယ်။ တစ်ဆက်တည်းမှာလည်း ကိုယ်ဝါသနာပါတဲ့ သုတေသနလုပ်ငန်းတွေ ဆက်လက်လုပ်ခွင့်ရခဲ့တယ်။ ၁၉၉၂ ခုနှစ်မှာ နယူးယောက်မြို့ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှာ အကြီးတန်းအကြံပေးတာဝန်ယူခဲ့တယ်။ သုတေသနလုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ခဲ့တယ်။ နိုင်ငံလေးနိုင်ငံကို အခြေပြုပြီး အစိုးရများရဲ့ဘဏ္ဍာငွေသုံးစွဲမှုနဲ့ ကလေးများရဲ့ ဖွံ့ဖြိုးမှုတို့၊ ဆက်သွယ်မှုတို့ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ်ကလည်း သုတေသနလုပ်ငန်းတွေ လုပ်ခွင့်ရခဲ့တယ်။ ၂၀၀၈ ခုနှစ်မှာ မြန်မာပြည်ကို ပြန်လာပြီး စီးပွားရေးလုပ်ငန်းတွေ၊ အစိုးရဌာနတွေနဲ့ အရပ်ဘက်လူ့အဖွဲ့တွေအတွက် သုတေသနလုပ်ငန်းတွေ လုပ်ခွင့်ရခဲ့တယ်။

ကျွန်တော် ဆန္ဒတစ်ခု အခုထိမပြည့်ဝသေးပါဘူး။ ဒါက ၁၉၈၀ ပြည့်နှစ်က ဖျက်သိမ်းခဲ့တဲ့ မြန်မာနိုင်ငံ သုတေသနအသင်းကို ပြန်လည်ဖွဲ့စည်းဖို့ ကျွန်တော် အမျိုးမျိုးကြိုးစားခဲ့တယ်။ အခုအထိ အကောင်အထည်မဖော်နိုင်သေးဘူး။ မြန်မာနိုင်ငံသုတေသနအသင်းကို ဆရာကြီး J.S.Furnivall က ၁၉၂၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့တာ။ အခုဆိုရင် ရန်ကုန်တက္ကသိုလ်လိုရာပြည့် ဒီအသင်းကြီးကို ပြန်လည်ဖွဲ့စည်းပြီး မျိုးဆက်သစ်တွေအတွက် လုံခြုံတဲ့ဗိမာန်တစ်ခု ဖြစ်စေချင်တာ။ လူငယ်သုတေသီတွေကို ပြုစုပျိုးထောင်ပေးတဲ့အသင်းကြီးကို ပြန်လည်အသက်သွင်းချင်တာ။ အသေးစိတ် အစီအစဉ်တွေလုပ်ခဲ့ပြီးပေမယ့် အခုထိခွင့်ပြုချက် မရသေးဘူး။

**ကိုဗစ်ကာလအတွင်း တက္ကသိုလ်များသုတေသနညီလာခံ**

ကိုဗစ်-၁၉ ကာလအတွင်း အွန်လိုင်းကတစ်ဆင့် ဟောပြောပွဲတွေလုပ်ခဲ့တဲ့နေရာမှာ ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးရဲ့အကူအညီနဲ့ သူဦးစီးတဲ့ ပါမောက္ခချုပ်များ ကော်မတီအဖွဲ့ဝင်တွေကို တစ်ပတ်ကိုတစ်ကြိမ် ထိတွေ့ခဲ့ရတာ။ လေးကြိမ်ရှိသွားပြီ။ တစ်လောက အမှတ်မထင် ဆရာ ဦးဇော်ဝေစိုးက ဒုတိယအကြိမ် မြန်မာနိုင်ငံ တက္ကသိုလ်များ သုတေသန ညီလာခံမှာ စာတမ်းဖတ်ဖို့ ပြောလာပါတယ်။ ကျွန်တော်က ကြည်ကြည်ဖြူဖြူ လက်ခံခဲ့တယ်။ ပြင်ဆင်ခဲ့တယ်။ ကိုဗစ်-၁၉ ကြောင့် ဒီညီလာခံကြီးကို ခေတ်မီနည်းပညာသုံးပြီး ဆောင်ရွက်ဖို့ စီစဉ်ထားကြောင်း သိခဲ့ရတယ်။ ကျွန်တော့်ရဲ့ စာတမ်းကို ဖွင့်ပွဲအခမ်းအနားမှာ ကျွန်တော်ကလည်း အဆင်ပြေမယ့် ခေါင်းစဉ်ကိုရွေးချယ်ခဲ့တယ်။ ပြင်ဆင်ရတယ်။

ဖွင့်ပွဲအခမ်းအနားကို နေရာအနှံ့ကတစ်ဆင့် ကျင်းပခဲ့တာဖြစ်တယ်။ အခမ်းအနားဖွင့် မိန့်ခွန်းကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက နေပြည်တော်ကတစ်ဆင့် မြွက်ခဲ့တယ်။ ဝန်ကြီးရဲ့ မိန့်ခွန်းမှာ ပညာရေးဝန်ကြီးဌာနရဲ့ မူဝါဒနဲ့ မျှော်မှန်းချက်တွေကို ပြည့်ပြည့်စုံစုံ ဝေမျှခဲ့တယ်။ ဝန်ကြီးမိန့်ခွန်းအပြီးမှာ မြန်မာနိုင်ငံ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဦးမျိုးကြွယ်နဲ့ ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးတို့က မိန့်ခွန်းတွေပြောခဲ့ပါတယ်။ အခုလို တာဝန်ရှိသူတွေ အဖွင့်မိန့်ခွန်းတွေပြောပြီးချိန်မှာ ပညာရှင်သုံးဦးက စာတမ်းတွေဖတ်ကြားခဲ့ပါတယ်။ ပထမပုဂ္ဂိုလ်က အမေရိကန်နိုင်ငံက အာကာသသိပ္ပံပညာရှင် ဒေါက်တာ ပဒေသာတင် ဖြစ်ပါတယ်။ ဆရာဟာ သုတေသနနဲ့ တက္ကသိုလ်တွေနဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ တင်သွားခဲ့တယ်။ ဆရာက အခုလို နိုင်ငံခြားက တစ်ဆင့် စာတမ်းဖတ်ပေးခဲ့တာကို ကျေးဇူးတင်ရမှာ ဖြစ်တယ်။

အခုလို မြန်မာလူမျိုးတစ်ဦးအနေနဲ့ အမေရိကန်နိုင်ငံမှာ ထင်ရှားလှတဲ့ အာကာသဦးစီးဌာနမှာ ပညာရှင်တစ်ဦးအနေနဲ့ တာဝန်ယူနေတာဟာ ဂုဏ်ယူစရာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ အခုလိုအောင်မြင်နေတာဟာ အားကျစရာ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဆရာ စာတမ်းဖတ်ပြီးချိန်မှာ ဟန်ဂေရီနိုင်ငံက ဥရောပတက္ကသိုလ်က ပါမောက္ခတစ်ဦးက သုတေသနအကြောင်း နိုင်ငံတကာအတွေ့အကြုံတွေကို မျှဝေပေးခဲ့ပါတယ်။ ဒီတက္ကသိုလ်မှာ မြန်မာနိုင်ငံရဲ့ တက္ကသိုလ်များပြုပြင်ပြောင်းလဲမှု လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေတာ ဖြစ်ပါတယ်။

ကျွန်တော့်အလှည့်မှာ ကျွန်တော်က သုတေသနယဉ်ကျေးမှုခေါင်းစဉ်နဲ့ စာတမ်းတင်ခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာ အထူးသဖြင့် အဆင့်မြင့်ပညာရေးလောကမှာ ပြုစုဖို့လိုအပ်တယ်။ ပျိုးထောင်ဖို့လိုတယ်။ အားပေးရမှာဖြစ်တယ်။ သုတေသနယဉ်ကျေးမှု ပေါ်ပေါက်အောင် နိုင်ငံတော်အနေနဲ့ ကူညီဖို့၊ ပံ့ပိုးဖို့ အားပေးဖို့လိုမှာဖြစ်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်မကြာခဏ သတိပေးတဲ့အချက်တစ်ခုရှိပါတယ်။ ဒါကတော့ တက္ကသိုလ်တွေမှာ တာဝန်ယူနေတဲ့ ဆရာ ဆရာမတွေရဲ့ အဓိကတာဝန်သုံးရပ်။ တက္ကသိုလ်ဆရာ ဆရာမတွေဟာ သင်ကြားရေးတာဝန်ရှိပါတယ်။ မိမိလေ့လာထားတဲ့ ပညာတွေကို ကျောင်းသားတွေကို လက်ဆင့်ကမ်းပေးရမှာ ဖြစ်ပါတယ်။ တစ်ခုရှိတာက စာတော်တာနဲ့ အသင်အပြကောင်းတာက တိုက်ရိုက်ဆက်စပ်မှု မရှိတာကို သတိပြုမိပေမယ့် အလွန်ထူးချွန်တဲ့ ဆရာ ဆရာမတွေက ကျောင်းသားတွေ နားလည်အောင် သင်ကြားနိုင်စွမ်းရှိဖို့ လိုအပ်တယ်။ ဒါပေမယ့် စာသင်ကြားမှုနဲ့ ပတ်သက်ပြီး စနစ်တကျလေ့ကျင့်မှုတွေ မရခဲ့ပါဘူး။ ကျွန်တော်ငယ်ငယ်ကလည်း အခုလိုပါပဲ ကိုယ်နှစ်သက်တဲ့ ဆရာ ဆရာမတွေဆီက အတုခိုးခဲ့ရတာ။ အမှန်တော့ ကျောင်းသားကျောင်းသူတွေရှေ့မှာ မတ်တတ်ရပ်ပြီးသင်ခန်းစာကို ထိထိရောက်ရောက် ပို့ချရတဲ့ ကိစ္စက မလွယ်ကူလှပါဘူး။ ကိုယ်အမူအရာ၊ အသံနေအသံထား၊ သင်ထောက်ကူပစ္စည်းအသုံးပြုမှု ဒါတွေအားလုံးကို ပြီးပြည့်စုံအောင် ပြင်ဆင်ဖို့လိုအပ်တယ်။

ဒုတိယတာဝန်က တက္ကသိုလ်ဆရာ ဆရာမတွေဟာ သုတေသနလုပ်ရမှာ ဖြစ်တယ်။ စာသင်ရုံသက်သက်အနေနဲ့ ကျေနပ်လို့မဖြစ်ဘူး။ သုတေသနဟာ ဆရာ ဆရာမရဲ့ အသက်ဖြစ်တယ်။ တစ်ခုတော့ ရှိပါတယ်။ သုတေသနဆောင်ရွက်နိုင်ဖို့ ဆရာ ဆရာမတွေကို အချိန်ပေးရမယ်။ အခုတော့ အုပ်ချုပ်ရေးလုပ်ငန်းတွေက များနေတာ တွေ့ရတယ်။ လုပ်ချင်တဲ့စိတ်ရှိရင်တောင် အခက်အခဲတွေက ရှိတယ်။ နောက်ဆုံးတာဝန်က ထုတ်ဝေမှု ဖြစ်တယ်။ ဆရာ ဆရာမတွေဟာ စာရေးရမယ်။ စာတမ်းတွေပြုစုပြီး ထုတ်ဝေရမယ်။ နိုင်ငံခြားတက္ကသိုလ်တွေမှာ "publish or perish" ဆိုတဲ့ ဆောင်ပုဒ်ရှိတယ်။ အဓိပ္ပာယ်က မထုတ်ဝေရင် ပျက်စီးရမယ်ဆိုတဲ့ သဘော။ သုတေသနလုပ်တဲ့သူအဖို့ ထုတ်ဝေမှုဟာ မခဲယဉ်းပါဘူး။

**ကိုယ့်ဆန္ဒကိုယ့်သဘောနဲ့လုပ်တဲ့သုတေသန**

တက္ကသိုလ်တွေမှာ သုတေသနယဉ်ကျေးမှု ထိန်းကျောင်းဖို့ မက်လုံးတွေ လိုအပ်တယ်။ သုတေသနများများလုပ်သူကို ရာထူးတိုးဖို့ လိုတယ်။ ချီးမြှောက်ရမှာ ဖြစ်တယ်။ လုပ်ချင်တဲ့စိတ်ကို အားပေးရမှာ ဖြစ်တယ်။ ဒီပြင်ပပံ့ပိုးမှုတွေဟာ အရေးကြီးတာ လက်ခံပေမယ့် ကျွန်တော်က ကိုယ့်ဘဝနဲ့ယှဉ်ပြီး အကြံပြုခဲ့တာက သုတေသနဆိုတာ ကိုယ်ကိုယ်တိုင် လုပ်ချင်လို့ လုပ်တာ ဖြစ်ရမယ်။ ရာထူးမတိုးလည်း လုပ်မယ်။ အသိအမှတ်မပြုလည်း လုပ်မယ်။ လုပ်ချင်လို့လုပ်တာ ဖြစ်ရမယ်။ ကျွန်တော်တက္ကသိုလ်မှာရှိစဉ် ခြေလျင်တောင်တက်အသင်းမှာ လှုပ်ရှားခဲ့တယ်။ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး မြန်မာနိုင်ငံခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌ တာဝန်ယူခဲ့တယ်။ ကျွန်တော့်အရှေ့က ဥက္ကဋ္ဌဖြစ်သူက ဗိုလ်မှူးကြီး လှအောင်။ ကျွန်တော်တို့ဝါသနာတူတဲ့သူတွေ အမြဲပြောတဲ့ စကားတစ်ခွန်းရှိတယ်။

"မင်းတို့ ဘာကြောင့်တောင်တက်သလဲလို့" မေးတဲ့အခါ "တောင်ရှိလို့ တက်တယ်"လို့ဖြေခဲ့တယ်။ သုတေသနလုပ်ငန်းကိုလည်း အခုလိုပဲ စဉ်းစားရမယ်။ သူများခိုင်းလို့လုပ်ရတာ မဟုတ်ဘဲ ကိုယ့်ဆန္ဒ ကိုယ့်သဘောနဲ့ လုပ်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ သုံးဦး စာတမ်းတွေဖတ်ပြီးချိန် အမေးအဖြေကဏ္ဍ ကျင်းပခဲ့တယ်။ မေးခွန်းတွေကို ဆရာ ပဒေသာတင်နဲ့ ကျွန်တော်တို့နှစ်ယောက် ဖြေခဲ့တယ်။ မေးခွန်းတွေက စိတ်ဝင်စားဖို့ကောင်းလှတယ်။

ဖွင့်ပွဲအခမ်းအနားအပြီး နောက်ပိုင်းတွေမှာ ဘာသာရပ်အလိုက် သုတေသနစာတမ်းဖတ်ပွဲတွေ လုပ်ခဲ့တယ်။ စာတမ်းခေါင်းစဉ်တွေ ဖတ်ရတော့ ကျေနပ်အားရမိတယ်။ သုတေသနအတွက် နောင်တစ်ခေတ် ပညာရှင်တွေ အခုလို တက်တက်ကြွကြွ ပါဝင်နေတာ တွေ့ရပြီး အားရမိတယ်။ ပီတိဖြစ်ရပါတယ်။ ။

# တရားမဝင် ကြိုတင်မှတ်ပုံတင်ထားသော ဆင်းကတ်များကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်းမပြုရန် MPT ထပ်မံသတိပေး

**ရန်ကုန် ဇူလိုင် ၂၆**

MPT သုံးစွဲသူများအနေဖြင့် တရားမဝင် ကြိုတင်စာရင်းသွင်း မှတ်ပုံတင်ထားသော ဆင်းကတ်များကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်အတွက် ဇူလိုင် ၂၁ ရက်တွင် MPT က ထပ်မံသတိပေးကြေညာလိုက်ပြီး ခွင့်ပြုချက်မရှိဘဲ ရောင်းချနေသူများထံမှ ကိုယ်ရေးအချက်အလက်များ တိကျမှန်ကန်မှုမရှိသော ကြိုတင်မှတ်ပုံတင်ထားသည့် ဆင်းကတ်များကို သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ ဝယ်ယူအသုံးပြုနေသူများ၏ ဆင်းကတ်များသည် ပိတ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သုံးစွဲသူများအနေဖြင့် မှန်ကန်သော ဆင်းကတ်မှတ်ပုံတင်ခြင်း မပြုလုပ်ဘဲ MPT ဆင်းကတ်များ ဝယ်ယူအသုံးပြုနေခြင်းကိုရှောင်ရှားရန် လေးနက်စွာ တိုက်တွန်းလိုကြောင်းလည်း MPT က သတင်းထုတ်ပြန်ထားသည်။

ပြည်တွင်းရှိ မိုဘိုင်းဖုန်းအသုံးပြုသူများအနေဖြင့် လူတစ်ဦးလျှင် ဆင်းကတ် နှစ်ကတ်ကိုသာ မိမိ၏ အမည်နှင့် အချက်အလက်အမှန်များဖြင့် မှတ်ပုံတင်၍ သုံးစွဲကြရန်နှင့် အချက်အလက်မှန်များဖြင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များကို ပိတ်သိမ်းရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားထားချက်အရ အော်ပရေတာတစ်ခုဖြစ်သည့် MPT အနေဖြင့်လည်း အချက်အလက်မှန်ဖြင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များကို ပိတ်သိမ်းခြင်းနှင့် တရားမဝင် ကြိုတင်စာရင်းသွင်း မှတ်ပုံတင်ထားသော ဆင်းကတ်များ ပြန်လည်ရောင်းချခြင်းများနှင့် ပတ်သက်၍ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MPT သည် သုံးစွဲသူများအနေဖြင့် ကြိုတင်မှတ်ပုံတင်၍ ရောင်းချနေသော ဆင်းကတ်များကို ဝယ်မသုံးကြရန် ဇွန် ၁၈ ရက်ကလည်း ပထမအကြိမ် သတိပေးချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ MPT အနေဖြင့် "မှန်ကန်ကြောင်း အတည်ပြုပြီးမှသာ သုံးစွဲနိုင်မည့်အနေအထားသို့ ရောက်ရှိနိုင်သည့် နည်းစနစ်"ကို အလေးအနက်ထား လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများအရ ဆက်သွယ်ရေးအော်ပရေတာများသည် သတ်မှတ်ထားသော အရောင်းဆိုင်များတွင်သာ ဆင်းကတ်အသစ်များ ရောင်းချရမည်ဖြစ်ပြီး သုံးစွဲသူများသည်လည်း ရောင်းချသူများက ကြိုတင်မှတ်ပုံတင်ထားသော ဆင်းကတ်များကို ဝယ်ယူသုံးစွဲခြင်းမပြုရန် တားမြစ်ကန့်သတ်ထားကြောင်း၊ သို့ဖြစ်၍ MPT ၏ အရောင်းကိုယ်စားလှယ်များအနေဖြင့် မည်သည့်အခြေအနေတွင်မဆို ဆင်းကတ်များကို ကြိုတင်မှတ်ပုံတင်ထားပြီး ရောင်းချခြင်းမပြုရန် MPT က တားမြစ်ထားသလို သုံးစွဲသူအား မှတ်ပုံတင်မပြုလုပ်စေဘဲ ရောင်းချခြင်းမပြုရန်လည်း တားမြစ်ကန့်သတ်ထားကြောင်း သိရသည်။

MPT သုံးစွဲသူများအနေဖြင့် ဆင်းကတ်များဝယ်ယူရာတွင် မိမိတို့၏ဆင်းကတ်များကို အချက်အလက်အမှန်ဖြင့် မှတ်ပုံတင်ပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းမရှိသည့် ဆိုင်များ သို့မဟုတ် ရောင်းချသူများထံမှ ဝယ်ယူခြင်းမပြုကြရန်လည်း MPT က ထပ်မံတိုက်တွန်းလိုက်သည်။

"MPTသုံးစွဲသူတွေ ဆင်းကတ်မှတ်ပုံတင်ရာမှာ အကူအညီဖြစ်စေဖို့ 'မှန်ကန်ကြောင်းအတည်ပြုပြီးမှသာ သုံးစွဲနိုင်မယ့်အနေအထားကို ပြန်လည်ရောက်ရှိတဲ့ နည်းစနစ်'ကို ကျွန်တော်တို့ စတင်အသုံးပြုနေခဲ့တာ လအနည်းငယ် ကြာပါပြီ။ ဒါဟာ ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေအနေနဲ့ ကြိုတင်စာရင်းသွင်းထားတဲ့ ဆင်းကတ်တွေကို တရားဝင်မဟုတ်တဲ့ ရောင်းချနေသူတွေဆီက ဝယ်ယူတာတွေမရှိစေဖို့ သေချာအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ အရောင်းကိုယ်စားလှယ်တွေကပဲ MPT ဆင်းကတ် အသစ်တွေကို ပြန်လည်ရောင်းချနိုင်ပြီးတော့ သုံးစွဲသူတွေအတွက် မှန်ကန်တဲ့ ဆင်းကတ်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တွေကို ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဆင်းကတ်မှတ်ပုံတင်ခြင်းက ဥပဒေအရ ဆောင်ရွက်ဖို့ တကယ်လိုအပ်ပါတယ်။ ပြစ်မှုကျူးလွန်သူတွေ၊ လိမ်လည်သူတွေ၊ အလွဲသုံးစားလုပ်သူတွေရဲ့ ရာဇဝတ်မှုကျူးလွန်တာတွေကို ထိထိရောက်ရောက် လျှော့ချနိုင်ဖို့လည်း ကူညီနိုင်တယ်ဆိုတာ ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေအားလုံးကို ထပ်မံ အသိပေးပြောကြားလိုပါတယ်"ဟု MPT-KGSM Joint Operations မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်များကို မိမိတို့၏ အမည်နှင့် မှန်ကန်သော နိုင်ငံသားစိစစ်ရေးကတ်တို့ဖြင့် မှတ်ပုံတင်ခြင်းဖြင့် MPT ၏ ဝန်ဆောင်မှုများကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ(Mobile Financial Services) ဆောင်ရွက်ရာတွင်လည်း မသမာမှုများကို ထိရောက်စွာ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ ဆင်းကတ်မှတ်ပုံတင်ခြင်းသည် အမှန်တကယ်သုံးစွဲသူတို့အပေါ် အလွဲသုံးစားပြုလုပ်ခြင်းနှင့် အသုံးချခံရခြင်းတို့ကို ကာကွယ်နိုင်ရန် အထောက်အပံ့လည်း ဖြစ်စေနိုင်ကြောင်း MPT က ထုတ်ပြန်ထားသည်။

MPT ဆင်းကတ်များကို မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသောအချက်များရှိပါက Hotline ဖုန်းနံပါတ် 106 သို့ ခေါ်ဆိုမေးမြန်းနိုင်သလို MPT ဝက်ဘ်ဆိုက် www.mpt.com.mm နှင့် တရားဝင် ဖေ့စ်ဘုတ်စာမျက်နှာ www.facebook.com/mptofficialpage တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## အူရီဒူးက ဝန်ထမ်းများအား နေအိမ်မှအလုပ်လုပ်စေခြင်း (Work From Home)ကို နှစ်ကုန်အထိတိုးမြှင့်

**ရန်ကုန် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အူရီဒူးအနေဖြင့် ပိုမိုမြန်ဆန်ထိရောက်သည့် ဒစ်ဂျစ်တယ်အလေ့အထကို ပံ့ပိုးအားပေးရန် ရည်ရွယ်ချက်ဖြင့် ရုံးသို့ကိုယ်တိုင်လာရောက်လုပ်ကိုင်စရာ မလိုအပ်သည့် ဝန်ထမ်းများအား နေအိမ်မှ အလုပ်လုပ်စေသည့် ကာလကို ၂၀၂၀ နှစ်ကုန်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

အူရီဒူးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် လုပ်ငန်းမိတ်ဖက်များသည် လုပ်ငန်းအစီအစဉ်များကို ကိုယ်ပိုင်သဘောတူညီချက်နှင့် စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်တို့ဖြင့် အိမ် သို့မဟုတ် ရုံးမှ လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ အူရီဒူးလုပ်ငန်းစုမှ ကုမ္ပဏီများသည် မိမိတို့နေထိုင်ရာအရပ်ဒေသနှင့် လျော်ညီသော လုပ်ငန်းခွင်အစီအစဉ်များကို မိမိတို့ အခြေစိုက်လုပ်ငန်းတည်ရှိရာတိုင်းပြည်၏ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသည့် အသင့်လျော်ဆုံးဖြစ်သော ပြောင်းလဲမှုများဖြင့် စမ်းသပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူး၏ Group Chief Executive Officer က "ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အခြေအနေထဲမှာ ကျွန်တော်တို့ရဲ့ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲပုံဖော်ခြင်း အဆင့်သစ်တစ်ခုကို မြှင့်တင်လိုက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီကို ဒစ်ဂျစ်တယ်ဓလေ့ထုံးတမ်းစနစ်သို့ လုံးဝပြောင်းလဲနိုင်ဖို့ ဒစ်ဂျစ်တယ် နည်းလမ်းတွေကို အားသာချက်အဖြစ် အသုံးပြုနိုင်စေမှာ ဖြစ်ပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေအနေနဲ့လည်း အစပိုင်းမှာ အခုလို လုပ်ငန်းခွင်ပြင်ပမှာ အလုပ်လုပ်ကိုင်ရတာနဲ့ နေရာဒေသခြားနားပြီး လုပ်ငန်းဆောင်ရွက်ရတာတွေကို စိန်ခေါ်မှုတစ်ရပ်အနေနဲ့ တွေ့ကြုံခဲ့ရပေမယ့် ဒီစိန်ခေါ်မှုတွေကနေ လုပ်ဆောင်နိုင်စွမ်းအဖြစ် ပြောင်းလဲဖော်ထုတ်နိုင်ခဲ့ပြီး အသင်းအဖွဲ့တစ်ခုအနေနဲ့ လုပ်ငန်းဆောင်တာများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပိုပြီး အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်နိုင်ခဲ့ကြပါတယ်"ဟု ပြောကြားသည်။

အူရီဒူးလုပ်ငန်းစုသည် ဒေသတွင်းနည်းပညာကုမ္ပဏီများထဲတွင် ဝန်ထမ်းများအား မိမိတို့နေအိမ်မှ အလုပ်လုပ်စေခြင်းကို အစောဆုံးဆောင်ရွက်ခဲ့သောကုမ္ပဏီဖြစ်ပြီး စီးပွားရေးလုပ်ငန်းအခြေအနေ ပုံမှန်သို့ ပြန်လည်ရောက်ရှိပါက ယင်းလုပ်ငန်းခွင်ဆက်နွှယ်မှုသစ်များကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်၍ သုံးစွဲသူများ၏ လိုအပ်ချက်နှင့် နေထိုင်ရာလူမှုအသိုင်းအဝန်းအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဟု သိရသည်။

အူရီဒူးမြန်မာအနေဖြင့်လည်း လုပ်ငန်းအစီအစဉ်များ မြန်ဆန်သွက်လက်စေရေးနှင့် ဝန်ထမ်းများ၏ ကျန်းမာရေး လုံခြုံမှုအတွက် လုပ်ငန်းစဉ်အချို့ကို စတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ထိုအစီအစဉ်များမှာ အလုပ်လုပ်ချိန်ကို အိမ်မှဖြစ်စေ၊ ရုံးမှဖြစ်စေ ချိန်ညှိဆောင်ရွက်ခွင့်ပြုခြင်း၊ မည်သည့်ရုံးချိန်အတွင်း၌မဆို ဝန်ထမ်းအင်အား၏ ၅၀ ရာခိုင်နှုန်းသာ ရုံးတက်ရန် စီစဉ်ထားပြီး ဝန်ထမ်းများအားလုံး လုံခြုံစိတ်ချရမှုရှိစေရန် social distancing ကို လိုက်နာကျင့်သုံးစေခြင်း၊ ဒစ်ဂျစ်တယ် ဆက်သွယ်ရေးချန်နယ်များဖြစ်သည့် Workplace၊ Microsoft Team နှင့် Zoom တို့ကို အသုံးပြု၍ ဝန်ထမ်းများအားလုံး ဆက်သွယ်လုပ်ကိုင်စေပြီး ယင်းကဲ့သို့ အွန်လိုင်းဖြင့် ဆွေးနွေးမှုများကို တိုက်တွန်းအားပေးခြင်း၊ ခရီးသွားခြင်းဆိုင်ရာ မူဝါဒကို အစိုးရ၏ ညွှန်ကြားချက်နှင့် အကြံပြုချက်များအတိုင်း ဂရုတစိုက် စီမံခန့်ခွဲခြင်းတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မတ်လမှစ၍ လိုက်နာဆောင်ရွက်ရမည့် ပြောင်းလဲမှုများကြောင့် ဝန်ထမ်းရာနှင့်ချီ၍ နေအိမ်မှ လုပ်ငန်းဆောင်ရွက်စေခဲ့ခြင်းသည် ကြိုတင်တွေးဆမထားနိုင်ခဲ့သည့် အခြေအနေသစ်တစ်ခုဖြစ်သော်လည်း ယခုအခါ ကောင်းမွန်သောရလဒ်တစ်ခု ဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ အူရီဒူးအနေဖြင့် ကိုဗစ်-၁၉ ကာလ စီးပွားရေးနှင့် ကျန်းမာရေး မတည်ငြိမ်မှုများအတွင်း လုပ်ငန်းများ ရှေ့ဆက်လုပ်ဆောင်သွားနိုင်ရန် နည်းလမ်းသစ်များကိုလည်း စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

## EQUALS in Tech Awards 2020 ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၆**

The EQUALS Global Partnership for Gender Equality in the Digital Age အဖွဲ့အစည်းက ကြီးမှူးကျင်းပမည့် EQUALS in Tech Awards 2020 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(International Tele-communication Union-ITU) Telecom World ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ICT ကဏ္ဍတွင် အမျိုးသမီးများ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်သည့် Gender Equality ဖြစ်စေရေးအတွက် ရည်ရွယ်ကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသည့် အဖွဲ့အစည်းများ သို့မဟုတ် တစ်ဦးချင်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

EQUALS in Tech Awards 2020 ပြိုင်ပွဲကို (၁)လက်လှမ်းမီမှု(Access), (၂)ကျွမ်းကျင်မှု(Skills), (၃)ခေါင်းဆောင်မှု (Leaderships) နှင့် (၄)သုတေသန (Research)ဟု ကဏ္ဍလေးမျိုးဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကဏ္ဍ(၃) ခေါင်းဆောင်မှုတွင် ICT နယ်ပယ်နှင့် SMEs နယ်ပယ်ဟု ခေါင်းစဉ်ခွဲနှစ်ခု ပါဝင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ တစ်ဦးလျှင် ကဏ္ဍတစ်ခုသာ ရွေးချယ်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အချက်အလက်များကို https://www.equals.org/awards သို့လည်းကောင်း၊ https://es.surveymonkey.com/r/equalsawards2020 သို့လည်းကောင်း ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ Online Nomination ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ ကဏ္ဍအသီးသီးအတွက် ဆုရရှိသူများအား ယခုနှစ် နှစ်ကုန်ပိုင်းတွင် ရွေးချယ်ကြေညာသွားမည်ဖြစ်ပြီး ယခုနှစ် EQUALS in Tech ဆုပေးပွဲအခမ်းအနားကို Virtual ပုံစံဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအနေဖြင့် Online link သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲလျှောက်ထားသည့် အမျိုးအစား၊ အခြေအနေနှင့် အချက်အလက်များကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး၊ အီးမေးလ် - office@mcd.org.mm နှင့် ictcompetition@gmail.com တို့သို့လည်း ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး၊ ဖုန်း-၀၁-၂၃၀၅၂၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ထုတ်ပြန်ထားသည်။

**ကျော်ဇင်ဦး**

## ဈေးနှုန်းနဲ့ စွမ်းဆောင်ရည်ပိုင်း သင့်တော်တဲ့ တန်ဖိုးနည်းဖုန်းသစ် Realme C11

ပြည်တွင်းဈေးကွက်မှာ နာမည်ရစပြုလာတဲ့ အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Realme ဟာ တန်ဖိုးမြင့်ဖုန်းတွေရော တန်ဖိုးနည်းဖုန်းတွေကိုပါ ထုတ်လုပ်လျက်ရှိရာမှာ Realme C11 ကတော့ တန်ဖိုးနည်းဖုန်းအမျိုးအစားတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ဇူလိုင် ၇ ရက်က စတင်ရောင်းချပြီး ပြည်တွင်းဈေးကွက်ကို ဇူလိုင် ၂၄ ရက်ကမှ ဝင်ရောက်လာတာဖြစ်ပါတယ်။ စွမ်းဆောင်ရည်ပိုင်း အသင့်အတင့်သာရှိပေမယ့် ဈေးနှုန်းနဲ့ယှဉ်ရင် ထိုက်တန်သလို ဒီဇိုင်းပိုင်းလည်း လှပတာကြောင့် စိတ်ဝင်စားခံနေရတဲ့ ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးမားပြီး screen resolution က 720x1560 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးလည်း အတော်လေး ကောင်းမွန်ပါတယ်။ screen အမျိုးအစားကတော့ တန်ဖိုးနည်းဖုန်းဖြစ်တဲ့အတွက် IPS LCD ကိုပဲ သုံးထားပါတယ်။ မိုဘိုင်းကွန်ရက်အနေနဲ့ GSM ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး အင်တာနက်ကွန်ရက်အနေနဲ့တော့ 4G ကို ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ Android 10 ကို realme UI 1.0 နဲ့တွဲပြီး ထည့်သွင်းပေးထားပါတယ်။ Chipset က MediaTek Helio G35 နဲ့ CPU က Cortex-A53 Octa-core ဖြစ်လို့ Chipset နဲ့ CPU ပိုင်း နိမ့်နေပြီး RAM ကလည်း 2GB ပဲရှိလို့ သာမန် ဖေ့စ်ဘုတ်သုံးရုံ၊ ဂိမ်းအသေးစားလေးတွေ ဆော့ရုံသာ အဆင်ပြေမှာဖြစ်ပါတယ်။ ဂိမ်းအမြင့်တွေနဲ့ အက်ပလီကေးရှင်းမျိုးစုံ သုံးဖို့တော့ အဆင်ပြေမှာမဟုတ်ပါဘူး။ အင်တာနယ်မင်မိုရီက 32GB ပါဝင်လို့ နည်းပေမယ့် မင်မိုရီကတ် ထပ်စိုက်သုံးဖို့အတွက် သီးခြားအပေါက် ပါဝင်ပါတယ်။

ကင်မရာပိုင်းမှာတော့ ကျောဘက် ပင်မကင်မရာဟာ ၁၃ မဂ္ဂါပစ်ဇယ်(Wide) နဲ့ ၂ မဂ္ဂါပစ်ဇယ်(depth)ကင်မရာ ပါဝင်တဲ့ Dual ကင်မရာဖြစ်လို့ တန်ဖိုးနည်းဖုန်းတစ်လုံးအနေနဲ့ဆိုရင် သင့်တော်တဲ့အထဲမှာ ပါပါတယ်။ ဆယ်လ်ဖီကင်မရာက ၅ မဂ္ဂါပစ်ဇယ်ရှိပြီး water-drop notch ပုံစံ ဖြစ်ပါတယ်။ ကင်မရာတွေရဲ့ မဂ္ဂါပစ်ဇယ် နိမ့်ပေမယ့် AI လုပ်ဆောင်ချက်တွေနဲ့ အရည်အသွေးမြင့်အောင် ထပ်လုပ်ပေးထားပါတယ်။

ဘက်ထရီပိုင်းမှာ 5000 mAh Li-Po ဘက်ထရီကို အသုံးပြုထားတာကြောင့် ပမာဏများပြားပြီး အချိန်ကြာမြင့်စွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အားသွင်းချိန်မှာလည်း 10W အမြန်နှုန်းနဲ့ အားသွင်းနိုင်တာကြောင့် တန်ဖိုးနည်းဖုန်းတစ်လုံးအနေနဲ့ဆိုရင် အတော်လေးကောင်းမွန်တယ်လို့ ဆိုနိုင်ပါတယ်။ USB အနေနဲ့ micro USB 2.0 နဲ့ ချိတ်ဆက်နိုင်ပြီး On-The-Go စနစ်ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ အားနည်းချက်ကတော့ Finger-print စနစ် မပါဝင်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် မျက်နှာပုံနဲ့ ဖွင့်နိုင်တဲ့ Face-unlock စနစ်ကို အသုံးပြုနိုင်ပါတယ်။

Realme C11 ကို ပြည်တွင်းဈေးကွက်မှာ ကိုယ်ထည်အရောင် မီးခိုးရောင်နဲ့ အစိမ်းရောင်လို့ နှစ်မျိုး ရရှိနိုင်ပြီး ဈေးနှုန်းကတော့ ကျပ် တစ်သိန်းခွဲခန့်သာ ရှိပါတယ်။

**သူရဖြိုး**




# မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်း၏ အနာဂတ်နှင့် ငါးမန်းထိန်းသိမ်းရေးလုပ်ငန်း

ရဲသိန်း

**မြန်မာနိုင်ငံသည် ကုန်းတစ်ဝက်၊ ရေတစ်ဝက် သဘာဝကပေးသည့် လက်ဆောင်နယ်နိမိတ်ကို ပိုင်ဆိုင်ထားသည်။ အလျား ၂၈၀၀ ကီလိုမီတာရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့်အတူ ကျွန်းပေါင်း ၈၀၀ ကျော် ပိုင်ဆိုင်ထားသည်။ တနင်္သာရီကမ်းရိုးတန်းလွန်ရှိ မြိတ်ကျွန်းစု၊ ရခိုင်ကမ်းရိုးတန်းလွန်ရှိ ကျွန်းများနှင့် ဧရာဝတီကမ်းလွန်ရှိ ကိုကိုးကျွန်းတန်းများအပါအဝင် ကျယ်ပြန့်သော အဏ္ဏဝါရေပြင်ကျယ်ကြီးသည် မြန်မာနိုင်ငံက ပိုင်ဆိုင်ထားသည့် သဘာဝ အလှတရားဖြစ်သည်။**

အဆိုပါအဏ္ဏဝါရေပြင်ကျယ်အတွင်းဝယ် အမျိုးအစားစုံလင်သော အဏ္ဏဝါသတ္တဝါမျိုးစုံ နေထိုင်ကျက်စားကြသည်။ ယင်းသတ္တဝါများ ကောင်းမွန်စွာ နေထိုင်ကျက်စားရှင်သန်နိုင်ရန် ဒီရေတောများ၊ ပင်လယ်မြက်များ၊ သန္တာကျောက်တန်းများ၊ ရွှံ့လတာပြင်များနှင့် သဲသောင်များ၊ ကျောက်ဆောင် ကမ်းရိုးတန်းများ စသည့် ဂေဟစနစ်များ အမျိုးအစားစုံလင်စွာ ရှိနေပါသည်။ အဆိုပါ ဂေဟစနစ်များ တစ်နည်းအားဖြင့် ငါးနေငါးထိုင်နေရာများကို အမှီပြုပြီး ကျက်စားရှင်သန်သော အဏ္ဏဝါသတ္တဝါများသည် လူတို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေပါသည်။ ကမ်းနီးငါးဖမ်းလုပ်ငန်းများနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းများသည် ကမ်းရိုးတန်းတစ်လျှောက် နေထိုင်သော ဒေသခံပြည်သူလူထုနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၏ အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများဖြစ်ပါသည်။




ငါးမန်းနှင့်အဏ္ဏဝါသတ္တဝါများ၏ အစာဆက်စပ်ပုံ။ ဓာတ်ပုံ – FFI (မြန်မာ)

### ငါးဖမ်းဆီးခွင့် မူဝါဒ

ပင်လယ်ငါးဖမ်းလုပ်ကွက်များသည် ကမ်းရိုးတန်းဒေသနေ ပြည်သူတို့အား နိစ္စဓူဝ စီးပွားဥစ္စာဝင်ငွေရှာနိုင်သော ရတနာသိုက်သဖွယ်ဖြစ်သလို မြန်မာလူမျိုးတို့၏ အခြေခံအစားအစာဖြစ်သော ငါးပိနှင့်ငံပြာရည်ထုတ်လုပ်ရေးအတွက် အဓိကကုန်ကြမ်းကို ပံ့ပိုးပေးသောလုပ်ငန်းလည်း ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံအတွက်လိုအပ်သော နိုင်ငံခြားငွေရှာပေးနေသည့် ပင်လယ်ထွက်ပစ္စည်းအအေးခန်းစက်ရုံများ ပုံမှန်လည်ပတ်နိုင်ရန်အတွက် အခြေခံကျသော လုပ်ငန်းကြီးလည်းဖြစ်ပါသည်။ သို့ဖြစ်၍ ပင်လယ်ငါးဖမ်းလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးအောင် ထိန်းသိမ်းခြင်းသည် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးခြင်း ဖြစ်သည့်အပြင် မြန်မာလူမျိုးတို့၏ အခြေခံအာဟာရဓာတ်ကို ဖြည့်ဆည်းပေးရေး၊ နိုင်ငံခြားငွေ ပုံမှန်ရှာပေးရေး အရင်းအမြစ်များပင်ဖြစ်ပါသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်အတွက် လုပ်ကိုင်ကြရာတွင် ပင်လယ်သယံဇာတလုပ်ကိုင်သူများအနေဖြင့် ငါးဖမ်းဆီးခြင်းဆိုင်ရာမူဝါဒများ အရေးကြီးပုံ၊ ပင်လယ်သတ္တဝါတို့၏ သဘောသဘာဝနှင့် ယင်းတို့၏အစာကွင်းဆက်တို့ကို သေချာစွာနားလည်ရန် အထူးလိုအပ်ပါသည်။ ငါးဖမ်းဆီးခြင်းဆိုင်ရာ မူဝါဒများကို ချမှတ်ရာတွင် သက်ဆိုင်ရာသတ္တဝါများ၏ သဘောသဘာဝနှင့် ယင်းနှင့်ဆက်စပ်နေသော ဂေဟစနစ်ကို ခြုံငုံမိသည့် မူဝါဒဖြစ်မှသာလျှင် ထိရောက်သော ငါးဖမ်းဆီးခြင်းဆိုင်ရာ မူဝါဒတစ်ခု ဖြစ်လာပါမည်။

### မျှခြေကို ထိန်းပေးထား

မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဤအခြေအနေများကို သုံးသပ်ပြီး မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်အတွက် ထိရောက်သောမူဝါဒများ ချမှတ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စီမံကိန်းလုပ်ငန်းများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်နေပါသည်။ ယင်းစီမံကိန်းလုပ်ငန်းများတွင် ငါးမန်းနှင့် ငါးလိပ်ကျောက် ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံအဆင့်လုပ်ငန်းစီမံချက်တစ်ခု ဖြစ်ပေါ်လာစေရန် ရေးဆွဲခြင်းလုပ်ငန်းတစ်ခုလည်း ပါဝင်ပါသည်။

ကမ္ဘာပေါ်တွင် ငါးမန်းမျိုးစိတ် စုစုပေါင်း ၄၈၉ မျိုးခန့်ရှိပြီး ယင်းတို့သည် အဏ္ဏဝါဂေဟစနစ်၏ ကျန်းမာမှုကို ပြသော ညွှန်းကိန်းများဖြစ်ပါသည်။ ငါးမန်းများသည် အဏ္ဏဝါဂေဟစနစ်တွင် လွန်စွာအရေးပါသော သတ္တဝါများဖြစ်ကြပြီး အဏ္ဏဝါဂေဟစနစ်၏ မျှခြေကိုထိန်းပေးထားသော သတ္တဝါများ ဖြစ်ပါသည်။ ငါးမန်းများသည် အဏ္ဏဝါအစာတြိဂံခေါ် Marine Food Pyramid ၏ ထိပ်ဆုံးတွင်ရှိသော သတ္တဝါများဖြစ်ပြီး အောက်ခြေအဆင့်ဆင့်မှ ငါးနှင့်အခြားသတ္တဝါများကို စားလိုက်ခြင်းဖြင့် တန်ဖိုးနည်းသော ငါးများအလွန်အကျွံ မပေါက်ပွားလာစေရန် ထိန်းပေးပါသည်။

### မျိုးသုဉ်းခြင်းဖြစ်နိုင်

ထို့အပြင် ငါးအုပ်များအတွင်းမှ ရောဂါဖြစ်နေသော ငါးများနှင့် အသက်ကြီးပြီး လှုပ်ရှားမှုနှေးကွေးနေသော ငါးများကို စားလိုက်ခြင်းအားဖြင့် ငါးအုပ်၏ မျိုးရိုးဗီဇကို ကျမသွားအောင် ထိန်းပေးခြင်းသည် ငါးအုပ်တစ်အုပ်အတွက် လွန်စွာအရေးပါပါသည်။ အကယ်၍ ရောဂါဖြစ်နေသော ငါးများ၊ အသက်ကြီးသောငါးများနှင့် မျိုးဆက်ပြန့်ပွားမှုဖြစ်နေပါက ငါးအုပ်၏မျိုးရိုးဗီဇ တဖြည်းဖြည်းကျသွားပြီး ငါးအရွယ်အစားသေးလာခြင်း၊ ရောဂါဒဏ်မခံနိုင်သောငါးများ များလာပြီး ပတ်ဝန်းကျင် ပြောင်းလဲမှုတစ်စုံတစ်ရာဖြစ်ပါက ယင်းဒဏ်ကို မခံနိုင်သဖြင့် ငါးသေဆုံးမှုများသည့် ပြဿနာများ ငါးအုပ်များတွင် ဖြစ်လာမည်ဖြစ်သည်။

ငါးမန်းများကို အဆမတန် ဖမ်းဆီးခြင်းကြောင့် ငါးမန်းအရေအတွက် လွန်စွာနည်းပါးသွားပါက အဏ္ဏဝါအစာကွန်ရက်ပုံစံပြောင်းသွားကာ တန်ဖိုးနည်းသော ငါးများ လွန်စွာပွားများလာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါက ငါးနေငါးထိုင်များမှအစ အခက်အခဲဖြစ်လာကာ ငါးအုပ်စုအမျိုးအစားများ ပြောင်းသွားပြီး အချို့ငါးမျိုးစိတ်များ ပျောက်ကွယ်သွားသဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းပုံစံ ပြောင်းလဲသွားမည် ဖြစ်ပါသည်။ ရေညှိရေမှော်စားသည့်ငါးများကို စားမည့်သတ္တဝါများ မရှိတော့သဖြင့် ယင်းငါးအမျိုးအစားများ အလွန်အကျွံ ပွားများလာမည်ဖြစ်ပါသည်။ ထို့အပြင် ရေညှိရေမှော်များကို စားသည့် အခြားသတ္တဝါများ ဥပမာ–ခရုကမာများ လျော့နည်းလာခြင်းနှင့် မျိုးသုဉ်းခြင်းများလည်း ဖြစ်လာနိုင်ပါသည်။

> **“ငါးမန်းများကို အဆမတန်ဖမ်းဆီးခြင်းကြောင့် ငါးမန်းအရေအတွက် လွန်စွာနည်းပါးသွားပါက အဏ္ဏဝါအစာကွန်ရက်ပုံစံပြောင်းသွားကာ တန်ဖိုးနည်းသော ငါးများ လွန်စွာပွားများလာမည်ဖြစ်။ သို့ဖြစ်ပါက ငါးနေငါးထိုင်များမှအစ အခက်အခဲဖြစ်လာကာ ငါးအုပ်စုအမျိုးအစားများပြောင်းသွားပြီး အချို့ငါးမျိုးစိတ်များ ပျောက်ကွယ်သွားသဖြင့် ပင်လယ်ငါးဖမ်းလုပ်ငန်းပုံစံ ပြောင်းလဲသွားမည်ဖြစ်။ ရေညှိရေမှော်စားသည့်ငါးများကို စားမည့်သတ္တဝါများ မရှိတော့သဖြင့် ယင်းငါးအမျိုးအစားများ အလွန်အကျွံပွားများလာမည်ဖြစ်။ ရေညှိရေမှော်များကို စားသည့် အခြားသတ္တဝါများ ဥပမာ–ခရုကမာများ လျော့နည်းလာခြင်းနှင့် မျိုးသုဉ်းခြင်းများလည်း ဖြစ်လာနိုင်”**

### လူသားကို အဓိကမထား

ငါးမန်းများသည် လူသားများကို တိုက်ခိုက်ပြီး စားသောက်သည်ဟု ယေဘုယျအားဖြင့် ယုံကြည်ကြပါသည်။ အမှန်မှာ ငါးမန်းများသည် လူသားများကို အဓိကထားတိုက်ခိုက်ပြီး သတ်ဖြတ်စားသောက်ခြင်း မပြုလုပ်ကြပါ။ ၎င်းတို့သည် လူသားများ၏သွေးညှိနံ့ထက် ငါးနှင့်ပင်လယ်ဖျံများ၏ သွေးညှိနံ့ကို ပို၍နှစ်ခြိုက်ကြပါသည်။ ယင်းတို့၏အဓိကအစာများမှာ ခရုကမာများ၊ ကျောရိုးမဲ့သတ္တဝါများ၊ ငါးများနှင့် ပင်လယ်ဖျံကဲ့သို့သော ကျောရိုးရှိပင်လယ်သတ္တဝါများ ဖြစ်ကြပါသည်။

ငါးမန်းများသည် ထူးဆန်းသောအရာများကို ပို၍စိတ်ဝင်စားကြပါသည်။ လေ့လာချက်များအရ အရောင်များကို ကောင်းမွန်စွာ မခွဲခြားနိုင်သော်လည်း တောက်ပသောအရောင်များ၊ ကျောက်မျက်ရတနာများ၏ တောက်ပသောအရောင်အသွေးတို့ကို ကောင်းစွာမြင်နိုင်ကြောင်း တွေ့ရသဖြင့် ငါးမန်းကျက်စားရာရေပြင်သို့မဟုတ် ပင်လယ်ကမ်းခြေတွင် ရေကူးမည်ဆိုပါက လိမ္မော်ရောင်နှင့် အဝါရောင်ကဲ့သို့သော တောက်ပသည့် အရောင်များ ဝတ်ဆင်၍ရေကူးခြင်း၊ လက်ဝတ်ရတနာများ ဝတ်ဆင်၍ ရေကူးခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငါးမန်းသည် ၎င်းတောက်ပသော အရာများကို စိတ်ဝင်စားသဖြင့် မတော်တဆ တိုက်ခိုက်နိုင်ပါသည်။

### ငါးမန်းများသာသတ်ဖြတ်ခံရ

လေ့လာချက်များအရ ငါးမန်းကိုက်သောကြောင့် သေဆုံးသောလူအရေအတွက်မှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၆ ဦးသာရှိပြီး လူတို့၏ဖမ်းဆီးသတ်ဖြတ်မှုကြောင့် သေဆုံးသော ငါးမန်းအရေအတွက်မှာ တစ်နှစ်လျှင် ပျမ်းမျှအကောင်ရေ သန်း ၁၀၀ ခန့် ရှိပါသည်။ တစ်နည်းအားဖြင့် လူတို့၏ဖမ်းဆီးမှုကြောင့် တစ်နာရီတိုင်းတွင် ငါးမန်းကောင်ရေ ၁၁၄၁၇ ကောင်နှုန်း သေဆုံးနေပါသည်။ ငါးမန်းများကို ငါးမန်းတောင်ဟင်းချိုဟင်းလျာပြုလုပ်ရောင်းချရန်အတွက် ယင်းတို့၏ ဆူးတောင်ကို ရယူရန် ကမ္ဘာတစ်ဝန်းတွင် ဖမ်းဆီးမှုအကြီးအကျယ်ပြုလုပ်နေပါသည်။ မှတ်တမ်းများအရ လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာတစ်ဝန်းတွင် ငါးမန်းကောင်ရေ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီ ဖြစ်ပါသည်။

ငါးမန်းတို့သည် မျိုးပွားမှုနှေးကွေးခြင်း၊ အရွယ်ရောက်ရန် အချိန်ယူရခြင်း၊ အခြားသတ္တဝါများနှင့် နှိုင်းယှဉ်ပါက အရေအတွက် လွန်စွာနည်းပါးခြင်း၊ အကောင်ရေကျဆင်းသွားပါက မူလအခြေအနေ ပြန်ရောက်အောင် အချိန်များစွာယူရခြင်းတို့ကြောင့် ငါးမန်းများကို ထိန်းသိမ်းရန်အရေးပေါ်လိုအပ်နေပြီ ဖြစ်ပါသည်။ International Union for Conservation of Nature (IUCN) ခေါ် အပြည်ပြည်ဆိုင်ရာ သဘာဝ ထိန်းသိမ်းရေးအဖွဲ့ကြီး၏ မှတ်တမ်းအရ လက်ရှိငါးမန်းမျိုးစိတ်အားလုံး၏ ၂၅ ရာခိုင်နှုန်းသည် မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး မျိုးစိတ် ၂၅ မျိုးကို မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသောမျိုးစိတ်များ (Critically Endangered–CR) အဖြစ် သတ်မှတ်ထားပါသည်။ သို့ဖြစ်၍ ငါးမန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ကမ္ဘာတစ်ဝန်းတွင် “Shark Conservation Act 2010” ဖြင့် ငါးမန်းများကို ထိန်းသိမ်းကာကွယ်ထားပါသည်။

### မြန်မာ့ပင်လယ်မှ ငါးမန်းများ

လေ့လာချက်များအရ မြန်မာ့ပင်လယ်ရေပြင်တွင် ကျက်စားနေသော ငါးမန်းမျိုးစိတ် စုစုပေါင်း ၅၈ မျိုးရှိပြီး ယင်းတို့ထဲတွင် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ် Critically Endangered–CR မျိုးစိတ်နှစ်မျိုး၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် Endangered–EN မျိုးစိတ် နှစ်မျိုးနှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် Vulnerable–VU မျိုးစိတ် ၁၈ မျိုး ပါဝင်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆက်စပ်ဌာနများ၊ တက္ကသိုလ်များ၊ ဆက်စပ်ဒေသခံများနှင့် အတူပူးပေါင်းပြီး မြန်မာ့ပင်လယ်ပြင်ရှိ ငါးမန်းမျိုးစိတ်များကို ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်၍ မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးစေရန်အတွက် ငါးမန်းနှင့်ငါးလိပ်ကျောက်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံအဆင့်လုပ်ငန်းစီမံချက် (National Plan of Action for Sharks and Rays) ရေးဆွဲနိုင်ရန် လုပ်ဆောင်လျက် ရှိပါသည်။

အဆိုပါ စီမံချက်ရေးဆွဲအတည်ပြုပြီးပါက ဆက်စပ်ဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့်အတူ ဒေသခံပြည်သူလူထုတို့နှင့် ပူးပေါင်း၍ငါးမန်းများကို ထိရောက်စွာထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ပင်လယ်ငါးဖမ်းလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာမည့်အပြင် ဒေသခံရေလုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်းကို အာမခံနိုင်ခြင်း၊ မြန်မာနိုင်ငံသားများ၏ အခြေခံအာဟာရဓာတ်ဖြစ်သော ငါးပိ၊ ငံပြာရည်အတွက် စစ်မှန်သောကုန်ကြမ်း အလုံအလောက်ရစေခြင်းနှင့်အတူ နိုင်ငံအတွက်အရေးပါသည့် နိုင်ငံခြားငွေရှာပေးသောလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက်က ကျရောက်ခဲ့သည့် Shark Awareness Day ကို ဂုဏ်ပြုသောအားဖြင့် တင်ပြလိုက်ပါသည်။ ။

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားခြင်းမျိုး မဟုတ်သည့် ယင်းပုဂ္ဂိုလ်၏ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲမှုအတွက် ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့် ရေးသားလျှောက်ထားနိုင်ပြီး ညွှန်ကြားရေးမှူးချုပ်သည် ယင်းလျှောက်ထားချက်ကို စာဖြင့်ရေးသားအကြောင်းကြားလျက် ခွင့်ပြုပေးနိုင်သည်။ သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်က ယင်းပြောင်းလဲမှုသည် ထိုပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန် ဝင်ငွေကို ကောင်းမွန်မှန်ကန်စွာ တွက်ချက်နိုင်ရန် လိုအပ်သည်ဟု ကျေနပ်လက်ခံမှသာ ယင်းသို့ခွင့်ပြုပေးနိုင်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ စာရင်းထိန်းသိမ်းထားရှိမှု နည်းလမ်းပြောင်းလဲပါက မည်သည့်စာရင်းရေးသွင်းချက်မျှ စာရင်းရေးသွင်းရန်ကျန်ရှိခဲ့ခြင်းနှင့် မည်သည့် စာရင်းရေးသွင်းချက်ကိုမျှ တစ်ကြိမ်ထက် ပိုမိုရေးသွင်းမိခြင်း မရှိစေရန် ယင်းပုဂ္ဂိုလ်သည် ပြောင်းလဲသည့် အခွန်နှစ်ရှိ ဝင်ငွေ၊ နုတ်ပယ်မှု၊ သို့မဟုတ် ခုနှိမ်မှု၊ သို့မဟုတ် ယင်းအပြောင်းအလဲက သက်ရောက်သည့် အခြားစာရင်းရေးသွင်းချက် မှန်သမျှတွင် စာရင်းကိုက်ညှိမှုများ ပြုလုပ်ရမည်။

### အပိုင်း (၇)
### နိုင်ငံခြားငွေလဲလှယ်မှုမှ အမြတ်အစွန်းနှင့် အရှုံးများ

**အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း သို့မဟုတ် အရှုံး**

၄၃။ (က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ ရည်ရွယ်ချက်များ အလို့ငှာ ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ် အတွက် အသားတင်နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း ကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

A – B

ယင်းတွင် –

A သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း ရရှိသည့် စုစုပေါင်း နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းဖြစ်ပြီး

B သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း ကျခံခဲ့ရသည့် စုစုပေါင်း နိုင်ငံခြားငွေလဲလှယ်မှု အရှုံးဖြစ်သည်။

(ခ) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ ရည်ရွယ်ချက်များ အလို့ငှာ ပြည်ပနေပုဂ္ဂိုလ်၏ အခွန်နှစ်တစ်နှစ်အတွက် အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

A – B

ယင်းတွင် –

A သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် လုပ်ငန်း ဆောင်ရွက်ရာ၌ ရရှိသည့် စုစုပေါင်းနိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းဖြစ်ပြီး

B သည် ယင်းပုဂ္ဂိုလ်က အဆိုပါအခွန်နှစ်အတွင်း မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် လုပ်ငန်း ဆောင်ရွက်ရာ၌ ပေါ်ပေါက်သည့် စုစုပေါင်း နိုင်ငံခြားငွေ လဲလှယ်မှု အရှုံးဖြစ်သည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ) ပါ ပုံသေနည်းမှ “B” ကို တွက်ချက်ရာ၌ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ယင်း၏ နိုင်ငံခြားငွေလဲလှယ်မှုအရှုံးတစ်ရပ်ကို ညွှန်ကြားရေး မှူးချုပ် ကျေနပ်လက်ခံအောင် တင်ပြနိုင်မှသာ ယင်းအရှုံးကို ထည့်သွင်းစဉ်းစားရမည်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ပါ ပုံသေနည်းမှ “B” သည် အခွန် နှစ်တစ်နှစ် အတွက် “A” ထက်ပိုမိုနေပါက ပိုမိုနေသည့် ငွေကြေးပမာဏသည် ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အသား တင် နိုင်ငံခြားငွေ လဲလှယ်မှုအရှုံးဖြစ်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် အသားတင် နိုင်ငံခြားငွေ လဲလှယ်မှုအရှုံးတစ်ရပ် ပေါ်ပေါက်ခဲ့လျှင် အောက်ပါတစ်နည်းနည်းဖြင့် ဆောင်ရွက်ရန်ဖြစ်သည် –

(၁) ယင်းပုဂ္ဂိုလ်သည် လိုင်စင်ရငွေရေးကြေးရေးအဖွဲ့ အစည်းဖြစ်ပါက သို့မဟုတ် အသားတင်နိုင်ငံခြားငွေ လဲလှယ်မှုအရှုံးသည် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းနှင့် ဆက်စပ်နေပါက ယင်းလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာ ၌ ထိုအရှုံးကို အဆိုပါအခွန်နှစ်အတွက် နုတ်ပယ်မှု အဖြစ်ခွင့်ပြုရမည်၊

(၂) အခြားမည်သည့်ကိစ္စအတွက်မဆို အရှုံးကို ဆက်လက် သယ်ဆောင်ပြီး လာမည့်အခွန်နှစ်အတွက် အသားတင် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း သို့မဟုတ် အရှုံးကို တွက်ချက်ရန် ရည်ရွယ်ချက်များအလို့ငှာ ယင်းနှစ်တွင် ပေါ်ပေါက်သည့် နိုင်ငံခြားငွေလဲလှယ်မှု အရှုံးအဖြစ် မှတ်ယူရမည်။

**နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း သို့မဟုတ် အရှုံး**

၄၄။ (က) နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းသည် ပုဂ္ဂိုလ်တစ်ဦးက နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်းပြုရာ၌ ငွေလဲလှယ်မှုနှုန်းထား အတက်အကျကြောင့် ပေါ်ပေါက်လာသည့် အမြတ်အစွန်း ဖြစ်သည်။

(ခ) နိုင်ငံခြားငွေလဲလှယ်မှု အရှုံးသည် ပုဂ္ဂိုလ်တစ်ဦးက နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်းပြုရာ၌ ငွေကြေးလဲလှယ်မှုနှုန်းထား အတက်အကျကြောင့် ပေါ်ပေါက်လာသည့် အရှုံးဖြစ်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်းတစ်ရပ်ကြောင့် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်းပေါ်ပေါက်ကြောင်း သို့မဟုတ် နိုင်ငံခြားငွေ လဲလှယ်မှုအရှုံး ပေါ်ပေါက်ကြောင်းကို သတ်မှတ်ရာ၌ ယင်းလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ်က သော်လည်းကောင်း၊ တွဲဖက်လုပ်ကိုင်သူ တစ်ဦးက သော်လည်းကောင်း ပြုလုပ်ထားသည့် အရှုံးကာကွယ်သည့် ပဋိညာဉ်အရ ယင်းပုဂ္ဂိုလ်၏ အနေအထားကို ထည့်သွင်းစဉ်းစား ရမည်။

(ဃ) အခွန်ထမ်းတစ်ဦးသည် နိုင်ငံခြားငွေလဲလှယ်မှု အမြတ်အစွန်း အမှန်တကယ်ရရှိချိန် သို့မဟုတ် အရှုံးအမှန်တကယ်ကျခံရချိန်တွင် နိုင်ငံခြားငွေလဲလှယ်မှုမှ အမြတ်အစွန်း သို့မဟုတ် အရှုံး ပေါ်ပေါက်သည်။

(င) ဤပုဒ်မတွင် –

(၁) **“နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ခြင်း”** ဆိုသည်မှာ လုပ်ငန်း တစ်ရပ်မှ စည်းကြပ် ထိုက်သောဝင်ငွေရရှိရန် ဆောင်ရွက်ရာ ၌ ပြုလုပ်ခဲ့သည့် အောက်ပါဆောင်ရွက်ချက်များအနက် တစ်ခုခုကို ဆိုသည် –

(ကက) နိုင်ငံခြားငွေတစ်ရပ်ဖြင့် ရောင်းဝယ်ခြင်း၊

(ခခ) ကြွေးမြီဆိုင်ရာ တာဝန်တစ်ရပ်ကို နိုင်ငံခြားငွေဖြင့် ထုတ်ပေးခြင်း၊ သို့မဟုတ် ရယူခြင်း၊

(ဂဂ) နိုင်ငံခြားငွေတစ်ရပ်ဖြင့် တန်ဖိုးသင့်သည့် အခြား မည်သည့် ရောင်းဝယ်မှုမဆို။

(၂) **“အရှုံးကာကွယ်သည့် ပဋိညာဉ် (hedging contract)”** ဆိုသည်မှာ အခြားစာချုပ်တစ်ရပ်အရ ငွေကြေးလဲလှယ်မှု နှုန်းအတက်အကျများကြောင့် ပုဂ္ဂိုလ်တစ်ဦးအပေါ် ကျရောက်လာနိုင်သည့် ဆိုးရွားသည့် ဘဏ္ဍာရေးဆိုင်ရာ နောက်ဆက်တွဲဖြစ်ရပ်များ၏ ဆုံးရှုံးနိုင်ခြေကို ပပျောက်စေ ရန် သို့မဟုတ် လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ယင်းပုဂ္ဂိုလ် သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးက ပြုလုပ်သည့် သဘောတူစာချုပ်တစ်ရပ်ကို ဆိုသည်။

### အပိုင်း (၈)
### နိုင်ငံတကာ

**ပြည်ပအခွန်ခုနှိမ်မှု**

၄၅။ (က) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးသည် စည်းကြပ်ထိုက်သော ပြည်ပ ဝင်ငွေကိုရရှိပြီး ယင်းဝင်ငွေနှင့် စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်သည် ပြည်ပဝင်ငွေခွန်ကို ပေးဆောင်ထားပြီးဖြစ်လျှင် ယင်းအား အောက်ပါငွေကြေးပမာဏများအနက် နည်းရာနှင့် ညီမျှသည့် ငွေကြေးပမာဏကို အခွန်ခုနှိမ်ခွင့် (ပြည်ပအခွန်ခုနှိမ်ခွင့်ဟု ရည်ညွှန်းမည်) ပြုသည် –

(၁) ပေးဆောင်ခဲ့သည့် ပြည်ပဝင်ငွေခွန်၊

(၂) အဆိုပါစည်းကြပ်ထိုက်သော ပြည်ပဝင်ငွေနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးဆောင်ရမည်ဖြစ်သည့် ဝင်ငွေခွန်။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန် ဝင်ငွေနှင့်စပ်လျဉ်း၍ ယင်းပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်ပမာဏမှ ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်ပြည်ပအခွန်ခုနှိမ်ခွင့်ကို ယင်းစည်းကြပ်ထိုက်သော ပြည်ပဝင်ငွေပေါ်ပေါက်သည့် အခွန်နှစ်အတွက် နုတ်ပယ်ရမည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ၏ ရည်ရွယ်ချက်များအလို့ငှာ ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးက အခွန်နှစ်တစ်နှစ်အတွင်းရရှိသည့် စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေနှင့်စပ်လျဉ်း၍ အခြားနည်း အားဖြင့် ပေးဆောင်ရန်ရှိမည့် ဝင်ငွေခွန်ကို တွက်ချက်ရာတွင် ယင်းပုဂ္ဂိုလ် ထိုနှစ်အတွက် ရရှိသည့် အသားတင်ပြည်ပဝင်ငွေကို ထိုအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်နှင့် အကျုံးဝင်သည့် မြန်မာနိုင်ငံ ဝင်ငွေခွန်၏ ပျမ်းမျှနှုန်းဖြင့် မြှောက်ရမည်။

(ဃ) ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် ပြည်ပ အခွန်ခုနှိမ်မှုကို ပြည်ပရှိလုပ်ငန်းမှဝင်ငွေနှင့် ယင်းပုဂ္ဂိုလ်၏ အခြားပြည်ပဝင်ငွေတို့အတွက် သီးခြားစီ တွက်ချက်ရမည်။

(င) ပုဒ်မခွဲ (ဃ) ကို ကျင့်သုံးရာတွင် နုတ်ပယ်မှုများကို ပုဒ်မခွဲ (ဈ)၊ ပုဒ်မခွဲငယ် (၇) ပါ “အသားတင်ပြည်ပဝင်ငွေ” အတွက် အဓိပ္ပာယ် သတ်မှတ်ချက်၏ ပုဒ်မခွဲငယ်စိတ် (ခခ) ပါ ရည်ရွယ်ချက် များအလို့ငှာ ပုဒ်မ ၅၃ နှင့်အညီ ပြည်ပရှိလုပ်ငန်းမှဝင်ငွေနှင့် အခြားပြည်ပရင်းနှီးမြှုပ်နှံမှုဝင်ငွေတို့သည် သီးခြားဝင်ငွေ အုပ်စုများ ဖြစ်ကြသည်ဟု ယူဆလျက် ခွဲဝေရမည်။

(စ) ဤပုဒ်မအရ ပြည်ပအခွန်ခုနှိမ်မှုကို ပြည်တွင်းနေပုဂ္ဂိုလ်က ယင်းအခွန်နှင့် ဆက်စပ်သည့် ပြည်ပဝင်ငွေကို ရရှိသည့် အခွန် နှစ်ကုန်ဆုံးပြီးနောက် နှစ်နှစ်အတွင်း သို့မဟုတ် ပြည်တွင်း နေပုဂ္ဂိုလ်က စာဖြင့်ရေးသားလျှောက်ထားမှုအပေါ် ညွှန်ကြား ရေးမှူးချုပ်က ခွင့်ပြုနိုင်သည့် ယင်းထက်ပိုမိုကြာမြင့်သည့် ကာလအတွင်း ယင်းပြည်ပဝင်ငွေခွန်ကို ပေးဆောင်မှသာ ခွင့်ပြုနိုင်သည်။

(ဆ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးကို အခွန်နှစ်တစ်နှစ်အတွက် ခွင့်ပြု သည့် ပြည်ပအခွန် ခုနှိမ်မှုသည် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် ခုနှိမ်ခွင့်ဖြစ်ပြီး ယင်းပုဂ္ဂိုလ်အား ယင်းအခွန်နှစ်အတွက် အခြား အခွန်ခုနှိမ်မှုတစ်စုံတစ်ရာကို ခွင့်မပြုမီ နုတ်ပေးရမည်။

(ဇ) ဤပုဒ်မအရ ခုနှိမ်မှုမပြုထားသည့် ပုဂ္ဂိုလ်တစ်ဦး၏ အခွန် နှစ်တစ်နှစ်အတွက် ပြည်ပအခွန် ခုနှိမ်မှုတစ်စုံတစ်ရာကို ယင်းနှစ်မတိုင်မီ အခွန်နှစ်တစ်နှစ်သို့ နောက်ပြန် သယ်ဆောင် သွားနိုင်ခြင်း သို့မဟုတ် ယင်းနှစ်၏နောက် အခွန်နှစ်တစ်နှစ်သို့ ဆက်လက် သယ်ဆောင်သွားနိုင်ခြင်း မရှိစေရ။

(ဈ) ဤပုဒ်မတွင် –

(၁) အခွန်နှစ်တစ်နှစ်အတွက် ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ **“မြန်မာနိုင်ငံဝင်ငွေခွန်၏ ပျမ်းမျှနှုန်း”** ဆိုသည်မှာ ယင်းပုဂ္ဂိုလ်အား ဤဥပဒေအရ အခြား မည်သည့်အခွန်ခုနှိမ်မှုကိုမျှ ခွင့်မပြုမီ ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အခွန်စည်းကြပ်ရန် ဝင်ငွေနှင့် ယင်းပုဂ္ဂိုလ် ထိုနှစ်အတွက် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်တို့၏ ရာခိုင်နှုန်းအချိုးအစားတစ်ရပ်ကို ဆိုသည်။

(၂) **“စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေ”** ဆိုသည်မှာ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်သည့် ပြည်ပ ဝင်ငွေကို ဆိုသည်။

(၃) **“ပြည်ပရှိလုပ်ငန်းမှဝင်ငွေ”** ဆိုသည်မှာ ပြည်ပဝင်ငွေ ဖြစ်သည့် လုပ်ငန်းမှ ဝင်ငွေကိုဆိုသည်။

(၄) **“ပြည်ပရှိ အလုပ်အကိုင်မှဝင်ငွေ”** ဆိုသည်မှာ ပြည်ပဝင်ငွေ ဖြစ်သည့် အလုပ်အကိုင်မှ ဝင်ငွေကိုဆိုသည်။

(၅) **“ပြည်ပရှိ ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေ”** ဆိုသည်မှာ ပြည်ပ ဝင်ငွေဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေကိုဆိုသည်။

(၆) **“ပြည်ပဝင်ငွေခွန်”** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခု၏ အစိုးရ သို့မဟုတ် ပြည်ပနိုင်ငံတစ်ခု၏ ဒေသန္တရအစိုးရ တစ်ခုက ကျသင့်စေသည့် ပင်ရင်းမှ နုတ်ယူပေးသွင်းခွန် အပါအဝင်ဖြစ်သည့် မည်သည့်ဝင်ငွေ သို့မဟုတ် မြတ်စွန်း ငွေပေါ်တွင် ကောက်ခံသည့်အခွန်ကို ဆိုသည်။ သို့ရာတွင် ယင်းအခွန်နှင့် စပ်လျဉ်းသည့် ဒဏ်ကြေးငွေ၊ ထပ်ဆောင်း အခွန်၊ သို့မဟုတ် ပေးရန်ရှိသည့် အတိုးတို့ ပါဝင်ခြင်း မရှိ စေရ။

(၇) အခွန်နှစ်တစ်နှစ်အတွက် ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦး နှင့်စပ်လျဉ်း၍ **“အသားတင် ပြည်ပဝင်ငွေ”** ဆိုသည်မှာ ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် စုစုပေါင်း စည်းကြပ်ထိုက် သော ပြည်ပဝင်ငွေမှ ထိုပုဂ္ဂိုလ်အား ယင်းနှစ်အတွက် ဤဥပဒေအရ ခွင့်ပြုထားသည့် အောက်ပါအခြေအနေ များနှင့် အကျုံးဝင်သည့် မည်သည့်နုတ်ပယ်မှုမျိုးကိုမဆို နုတ်ထားပြီးသည့်ပမာဏကိုဆိုသည် –

(ကက) စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေရရှိမှု တစ်ခုတည်းနှင့်သာ သီးသန့် ဆက်စပ်ခြင်း၊

(ခခ) စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေရရှိခြင်း အတွက် ပုဒ်မ ၅၃ နှင့် အညီ ခွဲဝေထားခြင်း။

**ပြည်ပအရှုံးများ**

၄၆။ (က) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦး စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေ ရရှိရန် ဆောင်ရွက်ရာ၌ ဤဥပဒေအရ နုတ်ပယ်ခွင့်ပြုသည့် ငွေကြေးပမာဏတစ်ရပ်သည် ယင်းဝင်ငွေမှသာ နုတ်ပယ် ခွင့်ရှိသည်။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ပြည်ပအရှုံးပေါ်ပေါက်ခဲ့လျှင် အရှုံးငွေကြေးပမာဏကို လာမည့် အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်ပြီး ယင်းလာမည့်နှစ်တွင် ရရှိသည့် ထိုပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သော ပြည်ပဝင်ငွေမှ နုတ်ပယ်ခွင့်ပြုရမည်။

(ဂ) ပြည်ပအရှုံးသည် ပုဒ်မခွဲ (ခ) အရ အခွန်နှစ်တစ်နှစ်အတွင်း အပြည့်အဝ နုတ်ပယ်နိုင်ခြင်းမရှိလျှင် ယင်းသို့နုတ်ပယ်ထား ခြင်းမရှိသည့် ငွေကြေးပမာဏကို လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်ပြီး ပုဒ်မခွဲ (ခ) တွင် သတ်မှတ်ထား သည့်အတိုင်း ယင်းနှစ်တွင် နုတ်ပယ်ရမည်ဖြစ်ကာ အရှုံးကို အပြည့်အဝ နုတ်ပယ်ပြီးသည်အထိ ယင်းအတိုင်း ဆောင်ရွက် ရန်ဖြစ်သည်။ သို့ရာတွင် ပြည်ပအရှုံးကို ယင်းအရှုံး ပေါ်ပေါက် သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် ငါးနှစ်ထက်ပိုမိုသယ်ဆောင် ခြင်း မပြုရ။

(ဃ) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦး၏ ပြည်ပအရှုံးများကို ယင်းပုဂ္ဂိုလ်၏ ပြည်ပရှိလုပ်ငန်းမှ ဝင်ငွေနှင့် ပြည်ပရှိ အခြားဝင်ငွေများအတွက် သီးခြားစီတွက်ချက်ရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

# အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(၄) ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ပေါ်တွင် ဖော်ပြရမည့် အချက်အလက်များ မပြည့်စုံခြင်း၊

(၅) တားမြစ်ထားသော ကုန်စည်စုများ တင်သွင်းခြင်း၊

(၆) တင်သွင်းလာသောကုန်စည်စုတွင် တားမြစ်ထားသော အရာဝတ္ထုများပါလာခြင်း၊

(၇) သတ်မှတ်ထားသော ဆေးစီရင်မှုပြုလုပ်ရန် ပျက်ကွက်ခြင်း၊

(၈) ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထုများကို စီးပွားဖြစ်ပမာဏ မဟုတ်သော်လည်း ခရီးသည် သို့မဟုတ် စာတိုက်မှ သယ်ယူပို့ဆောင်ခြင်းကို ကြိမ်ဖန်များစွာတွေ့ရခြင်း။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်သည့်ပစ္စည်း နမူနာများကိုပြန်လည်စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်ကို ပြန်လည်ပေးပို့ရန် တင်ပို့သောနိုင်ငံသို့ အကြောင်းကြားရမည်။

၁၅။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် တင်သွင်းသောကုန်ပစ္စည်းမှ အောက်ပါအချက်များ တွေ့ရှိပါက အရေးပေါ်လုပ်ဆောင်မှုကို ဆောင်ရွက်ရမည်-

(က) ကုန်ပစ္စည်းနှင့်အတူပါလာသည့် ဖျက်ပိုးသည် မိမိနိုင်ငံ၏ ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးစာရင်းတွင် မပါရှိသော်လည်း အန္တရာယ်ရှိနိုင်သည်ကို တွေ့ရှိရခြင်း၊

(ခ) ကုန်ပစ္စည်းနှင့်အတူ နိုင်ငံအတွက် စီးပွားရေးအရ ထိခိုက်မှုဖြစ်နိုင်ခြေရှိသည့် ဖျက်ပိုးတစ်မျိုးမျိုးကို တွေ့ရှိရခြင်း။

**အခန်း(၈)**

**တားမြစ်ချက်**

၁၆။ မည်သူမျှ တင်သွင်းခွင့်လက်မှတ်မရရှိဘဲ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်းမပြုရ။

၁၇။ ပြည်ပမှတင်သွင်းသူ မည်သူမျှ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းလာသည့် နိုင်ငံမှ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်နှင့်အတူ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ စစ်ဆေးမှုနှင့် ကြီးကြပ်မှုကို ခံယူရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၈။ မည်သူမျှ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က ဖျက်ပိုးသန့်စင်ရန် သို့မဟုတ် ဖျက်ပိုးသတ်ရန် ကြေညာထားသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်း၌ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၁၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ခြင်းမပြုရ။

**အခန်း(၉)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၆၊ ၁၇၊ ၁၈ နှင့် ပုဒ်မ ၁၉ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို အောက်ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ ဆုံးဖြတ်ချက်ချမှတ်ရမည်-

(က) ပထမအကြိမ်ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ပုဒ်မခွဲ(က) ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရပြီးနောက် ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းအထိ ဒဏ်ကြေးငွေကို ထပ်မံပေးဆောင်စေရမည့်အပြင် တင်သွင်းလာသောကုန်ပစ္စည်း သို့မဟုတ် ရွှေ့ပြောင်းသယ်ဆောင်သောပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းပြီး ယင်းပစ္စည်းကို လိုအပ်သလို စီမံခန့်ခွဲနိုင်ရေးအတွက် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဒဏ်ကြေးငွေကို ဖောက်ဖျက်ကျူးလွန်သူက ပေးဆောင်ရန် ပျက်ကွက်လျှင် ၎င်းအား အမည်ပျက်စာရင်းထည့်သွင်း၍ သတင်းစာတွင် ထုတ်ပြန်ကြေညာရမည်။

၂၁။ စစ်ဆေးရေးမှူးသည် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်လျှင် ယင်းဆုံးဖြတ်ချက်နှင့် အကျုံးဝင်သော ကုန်ပစ္စည်းကို ဖျက်ဆီးခြင်း၊ ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သော သို့မဟုတ် အသုံးပြုသော သိုလှောင်ရုံ၊ သယ်ဆောင်ယာဉ်၊ ကုန်တင်သေတ္တာနှင့် အကျိုးပြုသက်ရှိတို့ကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခြင်းပြုနိုင်သည်။ သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသူအား ဖျက်ပိုးသတ်ခြင်း သို့မဟုတ် ဖျက်ပိုးသန့်စင်ခြင်းကို ဆောင်ရွက်စေပြီး တင်သွင်းခွင့်ပြုနိုင်သည်။ အဆိုပါကုန်ပစ္စည်းဖျက်ဆီးခြင်း၊ ဖျက်ပိုးသတ်ခြင်း သို့မဟုတ် ဖျက်ပိုးသန့်စင်ခြင်းအတွက် ကုန်ကျစရိတ်ကို ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူက ကျခံရမည်။

**အခန်း (၁၀)**

**အယူခံဝင်ခြင်း**

၂၂။ စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၂၃။ ညွှန်ကြားရေးမှူးသည် စစ်ဆေးရေးမှူး၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံလွှာ လက်ခံရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၄။ ပုဒ်မ ၂၃ အရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း ပြည်ထောင်စုဝန်ကြီးထံ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၂၅။ ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူး၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံလွှာ လက်ခံရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၆။ ပြည်ထောင်စုဝန်ကြီး၏ အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း(၁၁)**

**ဘဏ္ဍာရန်ပုံငွေသုံးစွဲခြင်း**

၂၇။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်ခနှင့် ဒဏ်ကြေးငွေတို့ကို အမျိုးသားသီးနှံကာကွယ်ရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိပြီး ယင်းရန်ပုံငွေအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်ပြဋ္ဌာန်းရမည်။

၂၈။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည်-

(က) ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူ၍ ပုဒ်မ ၂၇ ပါ ဘဏ္ဍာရန်ပုံငွေကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

**အခန်း(၁၂)**

**အထွေထွေ**

၂၉။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပညာရပ်ဆိုင်ရာ လိုအပ်ချက်များ၊ သုတေသန သို့မဟုတ် မျိုးရွေးချယ်မှုများအတွက် ရည်ရွယ်သည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၀။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်းသို့ တင်သွင်းခွင့်လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က ထုတ်ပေးသော တင်သွင်းခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ လိုင်စင်ထုတ်ပေးရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့်ညှိနှိုင်း၍ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၃၂။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## ဇေယျာသီရိမြို့နယ်အတွင်း ကိုဗစ်- ၁၉ စီးပွားရေးကုစားမှု စီမံကိန်း

## Cash for Work အစီအစဉ်ဖြင့် ရေပေးမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဇေယျာသီရိ ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျိုးဆက် သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများအား ၎င်းတို့ကျေးရွာအနီးရှိ ဆည်ရေသောက်စနစ်များ ပိုမိုကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင် ဝင်ရောက်ဆောင်ရွက်စေခြင်းဖြင့် ဒေသနေပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး ဝင်ငွေရရှိစေရန် ရည်ရွယ်သည့် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှု စီမံကိန်း Cash for Work အစီအစဉ်ဖြင့် မအူတောကျေးရွာ စနစ်ကျလယ်မြေအတွင်းရှိ ရေပေးမြောင်းများ တူးဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေဆင်းဆည်ရေသောက်စနစ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြစ်သော ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်နှင့်အညီ ရေအသုံးချသူများအဖွဲ့ (WUG) များ စဉ်ဆက်မပြတ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကာ ယခုနှစ်မိုးစပါး စိုက်ပျိုးရေ အဆင်ပြေချောမွေ့စွာ ရယူနိုင်ရေးအတွက် ရေအသုံးချသူများအဖွဲ့များက လယ်ကြားမြောင်းများ ရှင်းလင်းတူးဖော်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေရယူရာတွင်လည်း ဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ ရေကို အလေအလွင့် မရှိစေဘဲ လိုအပ်သလောက်သာ ချွေတာသုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- မောင်မွေး**



မအူတောကျေးရွာ လယ်မြေများအတွင်းရှိ ရေပေးမြောင်းများအား တောင်သူများကိုယ်တိုင် တူးဖော်ကြစဉ်။



## တမူးခရိုင်အတွင်းတွေ့ရသည့် နှံကောင်များမှာ နှိမ်နင်းနိုင်သော ကော်ဖီနှံကောင်များဖြစ်

**ခမ်းပါတ် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့ တိန်းကယားကျေးရွာ၌ ယခုရက်ပိုင်းအတွင်း တွေ့ရသည့် နှံကောင်များမှာကော်ဖီနှံကောင်များသာဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

အဓိကအားဖြင့် အုန်းပင်၊ ကျွန်းပင်တို့တွင်သာ ကျရောက်လေ့ရှိသော်လည်း ရာသီဥတု ပြောင်းလဲလာပြီး အစာရေစာရှားပါးချိန်မျိုးတွင် သရက်၊ ကွမ်းပင်၊ ကော်ဖီ၊ မာလကာ၊ စပါး၊ ပဲစင်းငုံ၊ ကြံ၊ ငရုတ်၊ ပြောင်း၊ နှံစားပြောင်းနှင့် အခြားသီးနှံများတွင်လည်းကျရောက်တတ်ကြောင်း၊ ကော်ဖီနှံကောင်ကို မြေကြီးအတွင်းရှိဥတောင့်များသေစေရန် ထွန်ရေးနက်နက် ထွန်ယက်ခြင်း၊ လက်ဖြင့်ကောက်ယူဖျက်ဆီးခြင်း၊ ဘဲများလွှတ်၍ ဇီဝနည်းဖြင့် ကာကွယ်ခြင်း၊ စိုက်ခင်းများအတွင်း ငှက်နားတိုင်များ စိုက်ထူခြင်း၊ သဘာဝပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ပိုးကျမှုများ၍ သီးနှံပျက်စီးမှုများရှိပါက ထိသေစားသေ ပိုးသတ်ဆေးများပက်ဖျန်းခြင်းတို့ဖြင့် ကာကွယ်နှိမ်နင်းနိုင်ကြောင်း သိရသည်။ **သားငယ်(ပြန်/ဆက်)**

## ရဟန်းဒါယကာ ဦးစိုးဝင်း
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၅)နေ (ဦးတင်လှ-ဒေါ်သန်းစိန်)တို့၏သား၊ (ဦးလှမောင်-ဒေါ်ရှမ်း)တို့၏သားသမက်၊ (ဦးဌေးရွှေ)-ဒေါ်ခင်မော်တို့၏ညီ၊ ဒေါ်ခင်မျိုးလှ၊ (ဦးဌေးဝင်း)-ဒေါ်ပပ၊ ဦးခင်မောင်ထွေး-ဒေါ် ငြိမ်းငြိမ်း၊ ဦးဇော်ခိုင်-ဒေါ်စောနန္ဒာထိုက်တို့၏အစ်ကို၊ မောင်မင်းစိုးနိုင်-မညီမိုမီထွန်း၊ မောင်အေးငြိမ်း၊ မောင်ဝင်းနိုင်ဦးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်မြင့်မြင့်သိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၇-၂၀၂၀ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၅:၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးမောင်ငွေ အသက်(၈၄)နှစ်
### (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးသာဝ-ဒေါ်မင်းဇံ)တို့၏သား၊ (ဦးဘိုနီ-ဒေါ်ဝင်းမြ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (C)၁၄လမ်း၊ တိုက် ၃၇၊ အခန်း(၀၀၄)နေ (ဒေါ်လှမြင့်)(မြဝတီပုံနှိပ်တိုက်)-(ငြိမ်း)၏ခင်ပွန်း၊ (ဦးကျင်သိန်း-ဒေါ် သန်းသန်းဦး)၊ ဦးထိန်လင်း(သတင်းနှင့်စာနယ်ဇင်း-စာအုပ်ဆိုင်)-ဒေါ်ဂျယ်နီ၊ ဦးကျော်လင်း-ဒေါ်အေးအေးစိုး၊ ဦးဟန်နီဝင်း-ဒေါ်လင်းစန္ဒာကြည်၊ (ဦးဇာနည်ဝင်း)(ကြေးမုံသတင်းစာတိုက်)-ဒေါ်ယဉ်ယဉ်ဌေး(ကြေးမုံ၊ ကိုယ်ပွားသတင်းစာတိုက်၊ မုံရွာ)၊ ဦးအောင်မျိုးသန့်၊ ဦးသော်တာအောင်-ဒေါ်ဝါဝါ ခိုင်၊ ဦးထွန်းသော်တာ(လင်းထိန်စာပေ)-ဒေါ်မိုးမိုးခိုင်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏ အဘိုးသည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) ည ၉:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ဝတ်ပြုဆုတောင်းပြီး ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးမင်းဇော် (စီးကရက်စက်ရုံ- စက်မှု-၁)
### အသက်(၇၀)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ (A-8)၊ အခန်း(၂၀၂)နေ (ဦးမင်းဒင်-ဒေါ်ခင်လှ နွယ်)တို့၏သား၊ ဦးရဲထွန်း(ဒု-အင်/ယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်သိင်္ဂီမင်း၊ (ဦးမင်းသိန်း)-ဒေါ်မြင့်မြင့်(ကြေးနီစီမံကိန်း-မုံရွာ)၊ ဦးမျိုးညွန့်စိုး-ဒေါ်သီတာမင်း၊ ဦးဗညားမွန်-ဒေါ်နီလာမင်းတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဘကြီးသည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၀ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင် ဒါယိကာမကြီး
## ဒေါ်နီနီစိုး(ရန်ကုန်မြို့)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗိုလ်ရှင်းရွာမရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၄၊ မြေညီ)နေ(ဦးစိုးသိမ်း)-ဒေါ်ခင်ဌေးတို့၏ချစ်လှစွာသောသမီး၊ (ဦးတင်အောင်)၏ဇနီး၊ ကိုစိုးသူရအောင်၊ မပိုးစန္ဒီအောင် တို့၏ချစ်လှစွာသောမိခင်၊ (ဦးဖြိုးဝေ)-ဒေါ်ခင်အုန်းမြင့်၊ ဦးဘအောင်-ဒေါ်ခင်နှင်း၊ ဦးမောင်မောင်ချို-ဒေါ်အိအိတို့၏ညီမ၊ (ဦးထွန်းနိုင်)-ဒေါ်သရဖီအောင်၊ ဦးမြတ်ထူး-ဒေါ်ငွေလှိုင်မိုး၊ (ဦးအောင်အောင်လွင်)-ဒေါ်စန်းစန်းနွယ်တို့၏အစ်မ၊ တူ၊ တူမ ၁၁ယောက်တို့၏အဒေါ်၊ မြေး လေးယောက်တို့၏အဘွားသည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## (၉)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### ကိုထက်အောင်လှိုင်(ခ)ကိုပြည့်ကျော်ဦး
### (၂၇-၇-၂၀၁၁)-(၂၇-၇-၂၀၂၀)

သားလေးရေ-

- မေမေ့ကိုထားခဲ့တာ တစ်နှစ်မှတစ်နှစ်တိုး ကိုးနှစ်ကာလပြည့်ပြီပေါ့
- သင်္ခါရ၊ အနိစ္စ၊ သံဝေဂ မမြဲတရားသိနေရလည်း
  ကြားမြင်သိသမျှ သတိရပြီး လွမ်းနေဆဲပါကွယ်
- မေမေ့ရဲ့ မြေး ချူးချူးလေးကို ဘာမဆို လိုတာမရှိ
  ယခုနဝမတန်းထိ မေမေ့ဝတ္တရား ကျေမြဲကျေဆဲပါကွယ်
- သုံးဆယ့်တစ်ဘုံ ကျင်လည်နေက ရောက်ရာဘုံဘဝ
  ပြတ်ကာရပ်ကာ ချမ်းသာစေရန် နေ့စဉ်ဒါနပြုပေးလျက်ပါ
  ဒီနေ့လည်း သားလေးကို ရည်စူးပြီး
  မိုးညှင်းသမ္ဗုဒ္ဓေ မိုးထိအောင်မြင် သီလရှင်စာသင်တိုက်မှ
  သီလရှင်များကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ
  ဆက်ကပ်လှူဒါန်း ဒါနပြုနေပါတယ်
  မေမေ့သားလေး သိပါစေ၊ ကြားပါစေကွယ်
  သားလေးရေ သာဓု၊ သာဓု၊ သာဓု

ချစ်မေမေ-ဒေါ်အေးမိစံ
ချစ်ဇနီး၊ ချစ်သမီး-ဒေါ်ချိုသန္တာဝင်း၊ မအိမ့်ခြူးပန်
ချစ်ညီမ - မဝေရည်မွန်ကျော်

---

## ဦးဝင်းမောင်(ပန်းတနော်မြို့၊ မရမ်းရွာ) အသက်(၈၃)နှစ်
### အငြိမ်းစားအရာရှိ၊ ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း)
### ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန
### နာယက၊ ပန်းတနော်မြို့နယ်အသင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် ၃၅၇၊ အခန်း ၁၄ နေ (ဦးဘိုးဝန် -ဒေါ်ကျင်ရင်)တို့ ၏သား၊ (ဦးဘအုန်း-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်ခင်မြကြည်၏ခင်ပွန်း၊ ပန်းတနော်မြို့၊ မရမ်းရွာနေ (ဦးကိုးမောင် -ဒေါ်သိန်းလှ)၊ ဦးသန်းမြင့်-(ဒေါ်စန်းမြင့်)တို့၏ ညီ၊ ဦးစိန်တင် (ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်)- ဒေါ်ကြည်ကြည်စိုး၊ ဦးအောင်မျိုးသန့်( 3rd Engineer, OW Shipping Line)-ဒေါ်ခင်မိုးဝေ၊ ဦးဇော်မင်းထွန်း(ဥက္ကဋ္ဌ၊ ရန်အေးအိမ်ရာသာယာရေးကော်မတီ)-ဒေါ်သက်ထားဝင်း(Xie Family Co.,Ltd)တို့၏မွေးသဖခင်၊ မထက်ထက်ခိုင်(2nd Year Hons; Physics YU)၊ မသန့်သီရိဝေ(ARCH Second Year YTU)၊ မောင်ခန့်မိုးသန့်စင် (အထက-၂၊ ဗဟန်း)တို့၏အဘိုးသည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) နံနက် ၅:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၀၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ရီ(ပေါင်းတည်)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၃၃(စီ)၊ ရတနာလမ်းသွယ်၊ ပြည်လမ်း၊ (၇)မိုင်နေ (ဦးကိုကိုကြီး-ဒေါ်အေးကြည်) တို့၏သမီး၊ (ဦးဝင်းလှိုင်)၏ညီမ၊ (ဒေါ်ခင်ရီ)၊ (ဦးစိုးမြင့်)တို့၏အစ်မသည် ၂၅-၇-၂၀၂၀ရက် နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နွဲ့ရီ
### အသက်(၇၉)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ ရန်အောင်မြေရပ်ကွက်၊ အမှတ်(၁၂)နေ (ဦးထွန်းတင်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးအောင်ဇံဝေ၏ဇနီး၊ ဒေါ်လှလှထွေး (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံး)၏အစ်မ၊ ဦးနေခြည်ဦး (Director-Eastboy Engineering Co.,Ltd)-ဒေါ်ခင်သကျမာ၊ မခင်ခင်စု၊ ဦးကျော်ကျော်မင်း-ဒေါ်မှူးသက်ခိုင်တို့၏မိခင်၊ မမိုးနေခြည်၊ မသုန္ဒေဦးတို့၏အဘွား သည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် ညနေ ၄နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းမင်းဇော် အသက်(၅၄)နှစ်
### (ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောက်ဆည်မြို့)

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ဆည်မြို့မှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

---

## ဒေါ်ခင်မီမီတူး(ခ)မိသက်
### (အလက-၂၊ အင်းစိန်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၁၀၀၊ အပေါ်ထပ်)နေ ဦးတင်ဝင်း-(ဒေါ်မြမြ)တို့၏ချွေးမ၊ (ဦးမောင်တူး-ဒေါ်ကြည်)တို့၏သမီး၊ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်ဆွေ၊ (ဦးသာရွှေ)-ဒေါ်ခင်မော်မော်တူးတို့၏ညီမ၊ ဦးမြင့်ကို-ဒေါ်ခင်စီစီတူး၊ (ဦးဝင်းနိုင်)၊ ဦးဇော်မျိုးဦး-ဒေါ်ခင်စန္ဒာတူးတို့၏အစ်မ၊ ဦးဝင်းမောင်မောင်၏ဇနီး၊ ဦးဆွေသက်မောင်မောင်-မရတနာဝင်း၊ မဝင်းထက်ထက်ဆွေတို့၏မိခင်၊ မဖူးပြည့်မောင်မောင်၏ အဘွား၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၅-၇-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရီရီတင့်(ခ)မီးမီး
### အလယ်တန်းပြ(ငြိမ်း) အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေမေတ္တာအပြင်လမ်း၊ အမှတ်(၁၇၆၁)နေ (ဦးတင်လှ)-ဒေါ်ခင်သန်းတို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ရင်မေ)တို့၏သမီးချွေးမ၊ ဦးသက်ထွန်း[ မန်နေဂျာ၊ လေကြောင်းထိန်း(ငြိမ်း)လေကြောင်းဦးစီးဌာန]-ဒေါ်ဖြူဖြူဝင်း (ကြီးကြပ်ရေးမှူး- ငြိမ်း၊ အသေးစားငွေရေးကြေးရေး)၊ ဦးရဲမြင့် (ဒု-ညွှန်ချုပ်-ငြိမ်း၊ ရေကြောင်းဦးစီးဌာန )-ဒေါ်နီလာစိန်(Annie)၊ ဦးအောင်သန်း-ဒေါ်ကြည်အေး၊ ဦးအောင်နိုင်-ဒေါ်စောရီ၊ ဦးချိုတူး-ဒေါ်ဖြူဖြူခင်၊ ဒေါ်ထွန်းမေ တို့၏ညီမ၊ ဦးခင်မောင်အေး- ဒေါ်မြင့်မြင့်နွယ်၊ (ဦးအောင်ကျော်ဦး)- ဒေါ်မာမာထွန်း တို့၏ အစ်မ၊ မောင်ကျော်စိုးဟန်(စင်ကာပူ)၊ မောင်တင်နိုင်ထွန်း Abc-mib- IT-HO Jr.Business Analyst တို့၏မိခင်၊ (ဦးခင်မောင်မြင့်) CHIEF ENGINEER, MFSL IMT-CE 9 ၏ဇနီးသည် ၂၅-၇-၂၀၂၀ရက်(စနေနေ့)ညနေ ၅:၁၈နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းမင်းဇော်(ခရိုင်အုပ်ချုပ်ရေးမှူး)
### ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၅၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းမင်းဇော်(ခရိုင်အုပ်ချုပ်ရေးမှူး)
### ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၅၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးထွန်းမင်းဇော်သည် ၂၆-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

---

## ဗိုလ်မှူးထွန်းမင်းဇော်(ငြိမ်း)
### O.T.S(85)သီဟတပ်ခွဲ၊ B.A(Geography)
### ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ (ဦးငွေသန်း-ဒေါ်ဌေးကြည်) တို့၏သား၊ မော်လမြိုင်မြို့နေ ဦးမြင့်နောင်- ဒေါ်သန်းလှ တို့၏သားသမက်၊ ဒေါ်ခင်သန်းမြင့်(ကထိက၊ ပထဝီဝင်ဌာန၊ ကျောက်ဆည်တက္ကသိုလ်) ၏ချစ်ခင်လေးစားမြတ်နိုးရသောခင်ပွန်း၊ မအေးမြမြမွန်၊ မခင်ငွေစင်ဝေ၊ မောင်အောင်ကောင်းသန့်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ကြည်ကြည်တင် (SAT – ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသန့်စင်(ငြိမ်း)Myanmar Land Co.,Ltd(MD)၊ ဒေါ်ခင်မာလွင် (JAT)၊ ဒေါ်ခင်သန်းထိုက်(JAT)တို့၏မောင်၊ ဒေါက်တာ စိုးစိုးထွေး(တွဲဖက်ပါမောက္ခ၊ သတ္တဗေဒ ဌာန၊ WYU )၊ ဒေါ်ခင်လှမြင့် (သရုပ်ပြဟောင်း၊ သတ္တဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)၊ (ဦးတင်ကိုကို)၊ ဦးထက်အောင်တို့၏ အစ်ကိုသည် ၂၆-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက် ညနေ ၃ နာရီတွင် ဆူးကုန်းရပ်ကွက် နေအိမ်မှ မင်းမွေးတောင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်(ခ)ဒေါ်ထားကြည်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၄)၊ အမှတ် (၁၅၆)နေ (ဦးသန်းမောင်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးမြင့်လွင်)၏ချစ်လှစွာသောဇနီး၊ ဦးထွန်းလွင်-မငယ်၊ ဦးအေးလွင်-ဒေါ်သီသီအေး၊ ဦးစိုးတင့်-ဒေါ်ခင်မိမိလွင်၊ ဦးလေးလွင်၊ ဦးသက်တင်-ဒေါ်ခင်လဲ့လဲ့လွင်၊ ဒေါ်ခင်နုနုလွင်တို့၏ ချစ်လှစွာသော မိခင်၊ မြေး၁၆ယောက်၊ မြစ်ငါးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းအေး အသက်(၇၁)နှစ်
### စက်မှု(၂)မြန်မာ့မော်တော်ယာဉ်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း
### B.Sc,Botany(1973 RASU)
### လက်ပံတန်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ်(၁၂၁)နေ (ဦးထွန်းခင်-ဒေါ်ထားခင်)တို့၏ သား၊ လက်ပံတန်းမြို့နေ (ဆရာကြီးဦးသိန်း-ဒေါ်မြသန်း) တို့၏သားသမက်၊ ဒေါက်တာနေမျိုးသူ (UNICEF)-မလွင်လွင်ခိုင်(IOM)၊ မမိုးမိုးအေး၊ လဖိုင်ဂျာနော်-မအေးအေးသက်(MMShop)တို့၏ဖခင်၊ သွန်းသီရိဝေ၏အဘိုး၊ ဒေါ်တင်တင်အေး (ဌာနခွဲမှူး၊ မြန်မာ့တာယာနှင့်ရော်ဘာထုတ်လုပ်မှု စက်မှု-၂)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၇-၂၀၂၀ ရက် နံနက် ၈:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၀ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးပျောက်ထားခြင်း

ယာဉ်အမှတ် 9Q/7878 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/5454 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4127 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/4831 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8736 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/3870 Toyota Caldina A 2T 241 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှင်းခိုင် ၁၀/ပမန(နိုင်)၀၆၄၄၄၁က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5218 TOYOTA LANDCUISER H2J 10 SL/ SW ယာဉ်လက်ဝယ်ရှိသူ ဦးထူးအောင် ၁/မကန(နိုင်)၁၀၃၁၉၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၇ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

---

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

# ဂျော်ဒန်၊ စင်ကာပူနှင့် ထိုင်ဝမ် (တရုတ် - တိုင်ပေ) တို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇူလိုင် ၂၆

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ဂျော်ဒန်နိုင်ငံရှိ Rich Pine၊ Century Miracle နှင့် Camel and Vega စသည့် ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၁၇၁ ဦးအား မြန်မာသံရုံး၊

စာမျက်နှာ ၁၅ ကော်လံ ၁ ▼

# ရောဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှု အခြေအနေ

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေခန့်နှင့် စစ်ကိုင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် မန္တလေးမြို့နှင့် မြင်းမူမြို့တို့တွင် နောက်သုံးရက်အတွင်းနှင့် စစ်ကိုင်းမြို့တွင် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မန္တလေးမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်များနှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ခုခံအားကျဆင်းမှုကူးစက်ရောဂါထိန်းချုပ်ရေး ART ဆေးဝါးသောက်သုံးပေး

စာ ၆

## ဘာရာဇီးသမ္မတ ကိုဗစ်-၁၉ ကင်းစင်ပြီး စီးပွားရေး ဆောင်ရွက်ချက်များကို ပြန်လည်အာရုံစိုက်မည်

စာ ၁၂

# မြောက်ဦးမြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ အမည်စာရင်းများ ကြေညာထားရှိ




မြောက်ဦး ဇူလိုင် ၂၆

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ အမည်စာရင်းများအား ကြေညာထားရှိခြင်းကို ယမန်နေ့က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စတင်ကြေညာထားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်စုများရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်အဖြစ် စာရင်း ကြေညာထားမည်ဖြစ်ပြီး

စာမျက်နှာ ၄ ကော်လံ ၃ ◆

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) တို့၌ ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ သတင်းမီဒီယာအရေအတွက်ကိုလည်း ပြည်တွင်းသတင်းမီဒီယာများမှ ၄၀၊ ပြည်တွင်းအခြေစိုက်နိုင်ငံခြားသတင်းမီဒီယာများမှ ၂၀ စုစုပေါင်း ၆၀ သာ ကန့်သတ်ဖိတ်ကြားသွားမည် ဖြစ်ပါသည်။

တက်ရောက်သတင်းရယူလိုသည့် သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference -21st Century Panglong ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖြစ်ပါသည်။

အစောဆုံးပေးပို့လာသည့် သတင်းမီဒီယာများမှ သတင်းဌာနတစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် သတ်မှတ်၍ လက်ရှိထုတ်ဝေနေသော သတင်းစာများ၊ သတင်းဂျာနယ်များနှင့် ရုပ်သံလိုင်းများကို

စာမျက်နှာ ၇ ကော်လံ ၁ ❍

# လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာ ဘရိုက်တန်သို့ ပြောင်းရွှေ့မည်

ဘရိုက်တန်အသင်းသည် ရာသီကုန်တွင် အန်ဖီးလ်၌ စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် လီဗာပူးကွင်းလယ်ကစားသမား အဒမ်လယ်လာနာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူစာချုပ်ရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ဘရိုက်တန်အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

အသက် (၃၂ နှစ်) အရွယ်ရှိပြီဖြစ်သော လယ်လာနာသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် ၂၂ ပွဲ ပါဝင်ကစားထားသော်လည်း လိဂ်ပွဲတွင် သုံးပွဲသာ ပွဲထွက်ခွင့် ရရှိထားသူဖြစ်သည်။ ထို့အပြင် ပရီမီယာလိဂ်ပွဲစဉ်များ ပြန်လည် စတင်ပြီးနောက်ပိုင်း ၎င်းအနေဖြင့် လီဗာပူးအသင်းတွင် ပါဝင်ကစားထားခြင်း မရှိကြောင်း သိရသည်။ လယ်လာနာသည် အင်္ဂလန်အသင်းအတွက် ၂၀၁၈ ခုနှစ် မတ်လက ယှဉ်ပြိုင်ကစားခဲ့သော အီတလီအသင်းနှင့် ပွဲစဉ်တွင် နောက်ဆုံးပါဝင် ကစားထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

လယ်လာနာသည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပေါင် ၂၅ သန်းဖြင့် ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၁၇၈ ပွဲ ပါဝင်ကစားထားပြီး ၂၂ ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်တွင် လီဗာပူးအသင်း ဖီဖာကလပ်

စာမျက်နှာ ၁၀ ကော်လံ ၄ ❏

